www.burmeseclassic.com



# သတိုးဝေဇ

ဝေဇ
သချင်း
မာတ်တော်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
  ဦးကျော်ဌေးမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
- ထုတ်ဝေသူ
  ဦးအောင်မိုး(ယာယီ-၁၄၆၃)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁ ၂၃

www.burmeseclassic.com

www.burmeseclassic.com


- မျက်နှာဖုံးဒီဇိုင်း
  အောင်မိုး
- ကွန်ပျူတာ
  ဝေယံထက်
- ဖလင်
  Empire
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၅၊ စက်တင်ဘာလ၊
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၂၀၀၀ ကျပ်

၈၉၅.၈၃

သတိုးဝေဖေ၊ စာရေးဆရာ
သချိုင်းမှာတိစက်
သတိုးဝေဖေ ၊ ရန်ကုန်၊
ရတနာ့သိုက် စာပေ၊ ၂၀၁၄
စာ - ၁၆၀၊ ၁၂.၅ × ၂၀ စင်တီမီတာ
သချိုင်းမှာတိစက်


www.burmeseclassic.com


www.burmeseclassic.com

# သတိုးတော

ဝေဝ

သချင်း

မာတ်စက်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဟူး . . အခုမှပဲ စိတ်အေးသွားတော့တယ်။ တစ်လမ်းလုံး စိုးရိမ်လိုက်ရတာ . . . တံတားမပိတ်ခင် အချိန်မီမှ ရောက်ပါ့မလားလို့"

သူမတို့၏ ကားလေးက စစ်တောင်းတံတားကို ဖြတ်ကျော်ပြီးသည့်နောက် မြတ်ပွင့်ဖြူက ရင်ဘတ်ကို ဖိချကာ ပြောလိုက်၏။ ဘေးတွင် ကားမောင်းနေသည့် အစ်ကိုဖြစ်သူ ပြည့်စုံက ညီမဖြစ်သူကို ပြုံးကာ စောင်းငဲ့ကြည့်လိုက်ရင်း . .

"မမှီ, မှီအောင် မိုင်ကုန်တင်ပြီး မောင်းခဲ့တာလေ။ ညီမလေးက တစ်ချိန်လုံး တတွတ်တွတ်နဲ့ ဘေးကနေထိုင်ပြီး လောနေတာကို။ အစ်ကိုမောင်းလာတဲ့အရှိန်ကိုလည်း ကြည့်ဦးလေ။ ကံကောင်းလို့ ကား ဘာမှမဖြစ်တာ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ‥ အစ်ကိုကလည်း ‥ ဒီတံတားက ညနေ ၆ နာရီ ကျော်ရင် ကားတွေကို ပေးမှ မဖြတ်တော့တာ။ တော်ကြာ မမီရင် ဒီဘက်ကမ်းမှာ ညအိပ်နေရမှာပေါ့ အစ်ကိုရဲ့ ‥"

"အေးလေ ‥ အဲဒါကြောင့် အစ်ကိုက ရန်ကုန်ဆင်းပြီး တစ်ည အိပ်လိုက်မယ်လို့ ပြောတာပေါ့"

"အခု မောင်းလိုက်တော့လည်း ရောက်လာတာပဲ မဟုတ်လား။ နို့မို့ဆို ဘားအံမှာ ဦးလေးထွန်းတို့က ညီမလေးတို့ကို တစ်ည ထပ်စောင့်နေရမှာပေါ့။ သူတို့က မြဝတီကနေ ဘားအံအထိတောင် လာကြိုနေတဲ့ဥစ္စာ။ နောက်တစ်ည ထပ်စောင့်နေရရင် အားနာစရာကြီး။ ပြီးတော့ မြဝတီလမ်းက ဘယ်နေ့ အဆင်းရက်မှန်းမသိ၊ အတက်ရက်မှန်းမသိနဲ့ ‥"

အစ်ကိုဖြစ်သူကို အနိုင်မခံ စကားကပ်ပြောနေသော မြတ်ပွင့်ကို ပြည့်စုံက သဘောကျစွာ ပြုံးကြည့်နေမိ၏။ မြတ်ပွင့် ၉ တန်းနှစ်တွင် မိဘနှစ်ပါးစလုံး ယာဉ်မတော်တဆမှုဖြင့် ကွယ်လွန်သွားပြီးနောက် ဘွဲ့ရပြီးခါစ ပြည့်စုံကပင် အစ်ကိုလိုရော၊ မိဘလိုပါ စောင့်ရှောက်အလိုလိုက်ထားသဖြင့် မြတ်ပွင့်က နည်းနည်းဆိုးနေခြင်းပင်။

သူဖြစ်ချင်သည့်ကိစ္စဆို ချက်ချင်းမှ ချက်ချင်း၊ စိတ်မြန်လက်မြန် ဆုံးဖြတ်ပြီး လုပ်လေ့ရှိသူမို့ ပြည့်စုံက ထိန်းထိန်းသိမ်းသိမ်းနှင့် တားသင့်သည်ကို တား၊ အလိုလိုက်သင့်သည်ကို လိုက်နေရ၏။

အခုလည်း မန္တလေးတွင် မိဘများရှိစဉ်ကတည်းက ခင်မင်ခဲ့ရသည့် မိတ်ဆွေဖြစ်သူ ကုန်သည်ဦးအောင်ထွန်းက မြဝတီတွင် အခြေချနေထိုင်ကြောင်း သတင်းရလာသည်။ ဖုန်းဖြင့် စကားစပ်မိကြရင်း

www.burmeseclassic.com



သူက ပြည့်စုံတို့မောင်နှမအား မြဝတီကို လာလည်ပါဟု ဖိတ်ခေါ်၏။

ညီမဖြစ်သူက ဒုတိယနှစ်စာမေးပွဲဖြေပြီး ကျောင်းပိတ်ထားသည်နှင့် တိုက်ဆိုင်နေသဖြင့် သွားချင်၏။ ထို့ကြောင့် ပြည့်စုံက မအားလပ်သည့်ကြားကပင် မြတ်ပွင့်ကို လိုက်ပို့ပေးဖို့ ဆုံးဖြတ်လိုက်ပြီး မောင်နှမနှစ်ယောက်သား ကားတစ်စီးဖြင့် ထွက်လာခဲ့ကြခြင်းပင်။

ပြည့်စုံ၏စိတ်ကူးကား မန္တလေးကနေ ရန်ကုန်သို့ ဆင်းသွားပြီး တစ်ညတည်းခိုမည်။ ထိုမှတစ်ဆင့် ပဲခူးဘုရားကြီးဘက်မှ ကရင်ပြည်နယ်ဘက်သို့ ဆက်သွားမည်ဟု စဉ်းစားထားခြင်းဖြစ်သည်။ သို့သော် ခရီးသွားရသည်ကို တက်ကြွလွန်းနေသည့် မြတ်ပွင့်ဖြူက ရန်ကုန်တွင် ညမအိပ်ချင်တော့ဘဲ ဘားအံအထိ ဆက်တိုက်သွားမည်ဟု ပြောသဖြင့် အခုလို ရောက်လာခဲ့ကြခြင်းပင်။

ညနေ ၆ နာရီ စစ်တောင်းတံတားကို ဖြတ်ပြီး သိမ်ဇရပ်အရောက်တွင်တော့ ညနေခင်းနေရောင်က မရှိသလောက် မှိန်ဖျော့သွားလေပြီ။ နေရောင်၏ အကြွင်းအကျန်အလင်းစက်များက ဟိုတစ်ကွက်၊ ဒီတစ်ကွက်နှင့် ဖျော့တော့ မှုန်မှိုင်းနေ၏။

စစ်တောင်းတံတားပိတ်လိုက်စဉ်တွင် ခရီးသွားကား အားလုံးလိုလိုက ဆတ်သွားကုန်းဘက်တွင် ကားထိုးပြီး ညအိပ်သူ အိပ်၊ သို့မဟုတ် တစ်နေရာရာတွင် တည်းခိုသူများက တည်းခိုကြသည်မို့ ဒီဘက်တွင် လူအသွားအလာရော၊ ကားအသွားအလာပါ တော်တော်ရှင်းနေ၏။

လမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးရုံတောများ၊ တောင်းရှူးပင်များနှင့် အမျိုးအမည်မသိသော အုပ်အုပ်ဆိုင်းဆိုင်း ချုံနွယ်ပင်



www.burmeseclassic.com

www.burmeseclassic.com



များက မှောင်ဖျော့ဖျော့ညနေခင်း လေပြည်ထဲတွင် လှုပ်ရှားယိမ်းထိုးနေ၏။ ဆောင်းရာသီမို့လားမသိ။ အအေးဓာတ်က သိသိသာသာ ပိုလာသည်။

"ညီမလေး ‥ နည်းနည်းအေးလာသလိုပဲ။ အဲကွန်း နည်းနည်း လျှော့လိုက်ပါလား"

မြတ်ပွင့်ဖြူက ခေါင်းညိမ့်ပြလိုက်သည်။ ကားအဲကွန်းခလုတ်ကို လှည့်ရွှေ့လိုက်ပြီး ‥

"ရာသီဥတုက တော်တော်ကွာသွားသလိုပဲနော် အစ်ကို။ ရုတ်တရက်ကြီး အေးလာတယ်"

"အေးပေါ့ ညီမလေးရဲ့၊ ဒီဘက်မှာက အစ်ကိုတို့ မြို့ကြီးပြကြီးတွေလို ကားတွေ အများကြီးမှ မရှိတာ။ ပြီးတော့ သစ်ပင်ဝါးပင်တွေကလည်း ပေါတော့ တော်ရုံ ကာဗွန်ဒိုင်အောက်ဆိုဒ်လောက်ကို အပင်တွေ စုပ်ယူတာနဲ့ လေထုက သန့်ရှင်းနေတာပေါ့ ‥"

မြတ်ပွင့်ဖြူက အစ်ကိုဖြစ်သူ၏အပြောကြောင့် ဘာရယ်မဟုတ် ကားပြတင်းဘက်သို့ ကြည့်လိုက်မိသည်။ အပြင်ဘက်တွင် အမှောင်က သိသိသာသာ ဖုံးလွှမ်းနေပြီး သစ်ပင်တွေ၏ အရိပ်များက သက်ရှိအကောင်များ လှုပ်ရှားယိမ်းထိုးနေသလို စိတ်ထဲဖြစ်နေလေ၏။

မြတ်ပွင့်ဖြူက ကားမှန်လေးကို အသာလေးချကြည့်လိုက်ရာ အေးမြစေးခဲသည့်လေများက ကားထဲသို့ ဒလဟော ဝင်လာသည်။ သူမ စိတ်ထင်ပဲလားမသိ။ ထိုလေပြည်ထဲတွင် အသေကောင်တစ်ကောင်၏ ပုပ်အဲ့ညှီစို့စို့အနံ့တစ်ခု ရလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပြန်တင်လိုက် ညီမလေး။ လေစိမ်းတွေ အတိုက်မခံသေးနဲ့။ အစ်ကိုတို့က ခရီးပန်းလာကြတာ။ တော်ကြာ လေအပြောင်းအလဲကို မခံနိုင်ဘဲ ဖျားနေကြဦးမယ်"

"ဟုတ်ကဲ့ . . အစ်ကို"

"ကဲ . . တံတားကို အချိန်မီကျော်ပြီးပြီဆိုတော့ ကားကို အရှိန်တင်ပြီး မောင်းစရာမလိုတော့ဘူး။ အစ်ကိုလည်း တောက်လျှောက်မောင်းရတာ ကျောတွေ ညောင်းနေပြီ။ ဒီတော့ . . ငါ့ညီမလေးက တစ်လှည့်မောင်းပေး . . ရလား ညီမလေး"

"အိုး . . ရတာပေါ့ အစ်ကိုရဲ့။ ဘီးလင်းတောင် ရောက်နေပြီ ဥစ္စာ"

"အိုကေ . . ဒါဆို အစ်ကို ခဏကျောဆန့်မယ်။ ညီမလေးက ကားကို ဖြည်းဖြည်းလေးပဲ မောင်းပေါ့။ ဒီလမ်းအတိုင်း တန်းတန်းပဲ မောင်း။ ဟုတ်ပြီလား"

မြတ်ပွင့်ဖြူက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မောင်နှမနှစ်ယောက် နေရာလဲထိုင်ပြီး မြတ်ပွင့်က ထိုင်ခုံခါးပတ်ပတ်ကာ စမောင်းတော့၏။ ပြည့်စုံက ကားထိုင်ခုံအောက်က ခလုတ်လေးကို ဖြုတ်၊ နောက်မှီလှဲချပြီး မကြာခင်မှာပဲ မှေးခနဲ အိပ်ပျော်သွားလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com





"အစ်ကို . . အစ်ကို . . ထပါဦး"

လှုပ်နှိုးခံလိုက်ရသောကြောင့် ပြည့်စုံက အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟင် . . ညီမလေး . . ညီမလေး ဘာဖြစ်တာလဲ။ ဘယ်ရောက်နေပြီလဲ"

"ဘယ်ရောက်နေလဲဆိုတာ . . ညီမလေးလည်း မသိဘူး အစ်ကိုရဲ့ . ."

မြတ်ပွင့်ဖြူ၏အပြောကြောင့် ပြည့်စုံက ကပျာကယာ ထထိုင်ပြီး ဘေးဘီဝဲယာကို စူးစမ်းလိုက်ရာ ကားမီးထိုးထားသည့် နေရာမှလွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေသည်။ လူသံသူသံများ ကင်းရှင်းကာ ညပုရစ်အော်သံစူးစူးများနှင့် တစ်ချက်တစ်ချက် လေတိုက်သဖြင့် သစ်ပင်သစ်ခက်အချင်းချင်း ထိခတ်သံ တရှဲရှဲမြည်သံများကိုသာ စည်းချက်မမှန်စွာ ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံ မျက်မှောင်ကျုံ့လိုက်မိ၏။ ကားမှနာရီကို ကြည့်လိုက်တော့ ည ၈ နာရီ ၁၅ မိနစ်စွန်းစွန်း ရှိနေလေပြီ။ 'တစ်လမ်း လုံး ကားမောင်းထားသဖြင့် ပင်ပင်ပန်းပန်းနှင့်မို့ အိပ်ပျော်သွားလိုက်တာ ၂ နာရီသာသာခန့် ကြာသွားပါလား' ဟု စိတ်ထဲကပြောရင်း ညီမ ဖြစ်သူကို ကြည့်လိုက်တော့ ညီမလေးမျက်နှာက ငိုမဲ့မဲ့လေး ဖြစ်နေ သည်။

"ညီမလေးက အစ်ကို ပြောသလို လမ်းတန်းတန်းပဲ မောင်း ခဲ့တာပါ။ ဒါပေမဲ့ ဘာဖြစ်လို့ ဒီတောထဲ ရောက်လာတာလဲ ဆိုတာ ညီမလေး မသိဘူး"

"ကေ့န္တ ‥ ညီမလေး လမ်းမှားသွားတယ်ထင်တယ်။ ဘာမှ မဖြစ်ဘူး ‥ ဘာမှ မဖြစ်ဘူး။ မှားရင် မှန်တဲ့လမ်း ပြန်ရှာ ရမှာပေါ့ ညီမလေးရဲ့ မဟုတ်ဘူးလား။ လမ်းမတွေ့လည်း ဘာမှမဖြစ်ဘူး။ အစ်ကိုတို့မှာ စားစရာတွေလည်း ပါလာ တာပဲ။ ဒီမှာပဲ ကားထိုးပြီး အိပ်မှာပေါ့။ မနက်မိုးလင်းတော့မှ ရှာမှာပေါ့ ‥ နော်"

ပြည့်စုံ၏စကားကြောင့် မြတ်ပွင့်ဖြူက အားတက်ပြီး ပြုံးပြုံး ရွှင်ရွှင် ပြန်ဖြစ်လာသည်။ သို့သော် သူမစိတ်ထဲတွင်တော့ ထိုတောထဲ ရောက်လာသည်ကို သင်္ကာမကင်းဖြစ်နေမိ၏။ သူမ သိထားသည်က ဘားအံသွားမည့် ကားလမ်းက သူမတို့ ညနေက သွားခဲ့ကြသည့် လမ်းတစ်လမ်းပဲ ရှိသည်မဟုတ်လား။

မြတ်ပွင့်ဖြူက အစ်ကိုမသိအောင် သက်ပြင်းတစ်ချက် ခပ် တိုးတိုးချလိုက်မိ၏။ အစ်ကိုဖြစ်သူက မောင်းသူဘက်တွင် ပြန်ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သတိထားကာ ကားဆက်မောင်းသည်။ ညီမဖြစ်သူ ကြောက်နေမည်ကို ခန့်မှန်းမိသဖြင့် ပြည့်စုံက ကားကက်ဆက်ကို ဖွင့်လိုက်၏။ တိတ်ဆိတ်သော ညအမှောင်ထဲတွင် ကားထဲမှ သီချင်းသံက ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

သီချင်းသံကြားနေရသဖြင့် မြတ်ပွင့်ဖြူစိတ်ထဲ နည်းနည်း သက်သာရာရသွား၏။ ကားသွားသည့်လမ်းတစ်လျှောက် တွေ့ခဲ့ရသည်က ဆီးပင်၊ တောင်ထန်း၊ ကျွန်းပင်၊ ဝါးရုံတော စသဖြင့် တောထဲတွင်သာ အလေ့ကျပေါက်သည့်အပင်များ ဖြစ်သည်။

ထိုအပင်များကိုကြည့်ရင်း အတွေ့အကြုံအရ သူတို့ကားလေး တောထဲတွင် လမ်းပျောက်နေပြီဆိုတာ ပြည့်စုံ ခန့်မှန်းမိလိုက်၏။

ထိုစဉ် ရဲဒင်းတစ်လက် ခါးကြားထိုးကာ ဓာတ်မီးကိုင်ရင်း လာနေသည့်လူတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ ဖွာရှိုက်လာသည့် ဆေးလိပ်မီးက အမှောင်ထဲတွင် ရဲခနဲ ရဲခနဲနှင့်။

ပြည့်စုံက . . .

"ခဏလေးနေဦး ညီမလေး။ အစ်ကို ဟိုရှေ့က လာနေတဲ့ လူကို လမ်းဆင်းမေးလိုက်ဦးမယ်"

"ဟာ . . ဖြစ်ပါ့မလား အစ်ကိုရယ်။ သူ့ ခါးကြားထဲမှာ ထိုးထားတာ ရဲဒင်းကြီး မဟုတ်လား။ တော်ကြာ မပြော ကောင်း မဆိုကောင်း ညီမလေးတို့ကို ရန်ပြုနေပါ့မယ်။ ပြီး တော့ ညကြီး မင်းကြီး တောထဲမှာ တွေ့တဲ့လူက လူအစစ် ဖြစ်နိုင်ပါ့မလား။ မကောင်းဆိုးဝါးတွေ ဘာတွေဖြစ်နေရင် . . ဟာ . . ညီမလေးတော့ ကြောက်တယ်အစ်ကို . ."

www.burmeseclassic.com

www.burmeseclassic.com



အတွေးခေါင်ခေါင်နှင့်ပြောနေသော ညီမဖြစ်သူ အပြောကြောင့် စိတ်ညစ်သည့်ကြားက ပြည့်စုံတစ်ယောက် ရယ်ချင်သွားမိသည်။

'ဒီကောင်မလေးက အဲဒီလိုပဲ။ ကြောက်ရင်လည်း သူ့အပြင် နှစ်ယောက် မရှိဘူး။ သွားချင်တာကျတော့လည်း ပျာနေတာပဲ'

ဟု တွေးလိုက်ရင်း . . .

"ဟာ . . ဘယ်က မကောင်းဆိုးဝါးဖြစ်ရမှာလဲ ညီမလေးရဲ့။ ဝါးခုတ်သမားပါ။ ညဘက်ဆို ဒီလိုပဲ။ တောထဲကို ဝါးခုတ်သွားတဲ့လူတွေ ရှိတယ်"

ပြည့်စုံက ပြောပြောဆိုဆို ကားပေါ်မှ ဆင်းသွားပြီး စောစောကတွေ့သည့်လူဆီသို့ ခပ်သွက်သွက် ပြေးသွားလိုက်၏။

"ဒီမှာ ခင်ဗျ . . ဒီမှာ"

တောထဲဝင်လုဆဲဆဲ ရဲဒင်းနှင့်လူက ပြည့်စုံ၏ခေါ်သံကြောင့် ဖွာလက်စဆေးလိပ်ကို နှုတ်ခမ်းဖျားမှ ပြန်ချကာ ဆတ်ခနဲ လှည့်ကြည့်သည်။ ပြည့်စုံက . . .

"ဟို . . နောင်ကြီး ကျွန်တော်တို့ ဘားအံသွားရင်း လမ်းပျောက်နေလို့ပါ။ အခု ရောက်နေတာ ဘယ်နေရာလဲဗျ"

"ဟာ . . ဒါဆိုရင် ခင်ဗျား ဘားအံကားလမ်းနဲ့ တော်တော်ဝေးခဲ့ပြီဗျို့။ ဟောဟိုဘက်က လေးခေ . . .၊ အခုက ဒီနေရာက တောအုပ်နဲ့ ဒုံသမိမြစ်ကြားအစပ်မှာ ဖြစ်နေပြီ။ ဒီကနေ ဆက်သွားရင် ချောက်ပဲရှိတော့တယ်။ ကားသွားလို့ မရတော့ဘူး"

"ဟင် . . ဟုတ်လား။ ဒါဆို ကားလမ်းမပေါ် ဘယ်လိုပြန်တက်



www.burmeseclassic.com

www.burmeseclassic.com



ရမလဲဗျာ။ ကူညီပါဦး''

ထိုလူက စဉ်းစားသလို ခဏငြိမ်သွားသည်။ ပြီးမှ ..

''ဒီနေရာကနေ နောက်ပြန်လှည့်ပြီး ၂ ဖာလုံလောက် မောင်းလိုက်ရင် လမ်းဆုံတစ်ခုကို တွေ့မယ်။ အဲဒီလမ်းဘယ်ဘက်ကို ချိုးကွေ့ပြီး တန်းတန်းဆက်မောင်းသွား။ အဲ .. တောအုပ်ခပ်သေးသေးတစ်ခုကိုတော့ ဖြတ်ရလိမ့်ဦးမယ်။ ပြီး .. ပြီးတော့ ဟို ရွာဟောင်းတစ်ခုကိုလည်း တွေ့လိမ့်မယ်။ အဲဒီနေရာက နည်းနည်းကြမ်းတော့ ကြည့်သွားပေါ့ဗျာ။ အဲဒီရွာဟောင်းကိုကျော်ပြီး ဆက်မောင်းသွားရင် ဘားအံသွားတဲ့ကားလမ်းမကို တွေ့ပြီ။ နောက်ဆိုရင်တော့ ဇွဲကပင်တောင်ကိုတောင် ခပ်ရေးရေးလေး မြင်ရတယ်။ ကဲ .. သွားပြီဗျို့''

ထိုသူက ပြောပြောဆိုဆိုနှင့် လက်ထဲတွင်ကိုင်သည့် မီးသေနေသော ဆေးလိပ်ကို နှုတ်ခမ်းတွင် ပြန်တေ့ပြီး တောထဲဝင်ဖို့ ခြေလှမ်းပြင်လိုက်၏။ ခရီးလမ်းအကြောင်း စဉ်းစားနေသော ပြည့်စုံက အခုမှ သတိပြန်ဝင်လာပြီး ...

''ဩော် .. ဟုတ် .. ဟုတ်ကဲ့ .. ကျေးဇူးပါ နောင်ကြီး''

ဟု ကပျာကယာ ပြောလိုက်သည်။

ထို့နောက် ပြည့်စုံက ကားပေါ်သို့ ပြန်တက်လာ၏။ မြတ်ပွင့်ဖြူက ကားထဲမှ ကက်ဆက်ခလုတ် Volume ကို တိုးကာ ...

''ဘာတဲ့လဲ အစ်ကို ..။ ညီမလေးတို့ အခု ဘယ်ရောက်နေတာတဲ့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ စိတ်မပူနဲ့ညီမလေး။ အစ်ကိုတို့ သွားရမယ့်လမ်းကို သိခဲ့ပြီ။ စိတ်အေးအေးလေးထားပြီး မောင်းသွားရင် ရောက် သွားမှာပါ။ အခုရောက်နေတဲ့နေရာက လေးခေနဲ့ ဒုံသမိမြစ် အကြားက တောထဲမှာတဲ့ ‥"

"ဟင် ‥ ဘယ်လိုက ဘယ်လို တောထဲကို ရောက်လာရ တာ လဲအစ်ကိုရဲ့။ ညီမလေး မောင်းနေတာ ဘားအံဘက် ကိုပါ။ ညီမလေး လုံးဝ လမ်းမမှားဘူး အစ်ကို"

"ကဲပါ ‥ ထားလိုက်တော့ ‥ စဉ်းစားမနေနဲ့တော့နော်။ အခု လမ်းမှန်သိရပြီပဲ။ အစ်ကိုတို့ ပြန်လှည့်သွားကြမယ်"

ထို့နောက် မောင်နှမနှစ်ယောက် အဖြေရှာမရနိုင်သည့် ပဟေဠိများနှင့် အတွေးကိုယ်စီတွေးရင်း ခရီးဆက်ထွက်လာ ခဲ့ကြတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com





လမ်းတစ်လျှောက်လုံး မော်တော်ကားစက်သံ ခပ်တိုးတိုးမှ လွဲ၍ ပကတိငြိမ်သက်နေ၏။ ကားထဲတွင် လွင့်ပျံ့နေသော ပေမာနေဝင်း ၏ သီချင်းသံ ခပ်တိုးတိုးကြောင့်သာ တိတ်ဆိတ်မှုက မသိသာပေမဲ့ ကားအပြင်ဘက်တွင်ကား ညအမှောင်က ကတ္တီပါနက်ကားလိပ် ချထားသလို အေးမြစွတ်စိုနေလေသည်။

တစ်ချက်တစ်ချက် ဒုံသမိမြစ်ဆီမှ ရေငွေ့ပါသော လေအေး များက သစ်ပင်ငယ်များကို တစ်စုံတစ်ယောက်လက်ဖြင့် ဆွဲကိုင်လှုပ် လိုက်သကဲ့သို့ သစ်ရွက်များနှင့် သစ်သီးလေးများက မြေပြင်ပေါ် ပြန့်ကျဲ ကြွေကျလာကြ၏။

"ဟင်း . ."

ညီမဖြစ်သူထံမှ သက်ပြင်းချသံကြောင့် ပြည့်စုံက စောင်းငဲ့ ကြည့်လိုက်ပြီး . .

"ဘာတွေ သက်ပြင်းချနေတာလဲ ညီမလေးရဲ့"

"ဩော် . . စောစောက လမ်းမှားတဲ့အကြောင်း ပြန်သတိရ



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ပါ အစ်ကိုရယ်။ ညီမလေး ဘယ်လိုက ဘယ်လို လမ်းမှားသွားတာလဲဆိုတာ စဉ်းစားမရဘူးသိလား''

''မဟုတ်ဘူးလေ။ ညီမလေးက ဘီးလင်းဘက်က လာပြီး မြို့ငကလေးဘက်ကိုသွားရမယ့်ဟာ ဘယ်ဘက်လမ်း လိုက်သွားတော့ မှားပြီပေါ့။ မဟုတ်ဘူးလား။ ဒါမျိုး ဖြစ်တတ်ပါတယ်ညီမလေးရယ်။ စိတ်ထဲထားမနေနဲ့။ ကဲ . . ညီမလေး စိတ်ကြည်သွားအောင် ခဏအိပ်ချင် အိပ်လေ''

''ရပါတယ် အစ်ကိုရဲ့။ ညီမလေး ဘာမှ မဖြစ်တော့ပါဘူး။ သီချင်းနားထောင်ရင်း အစ်ကိုနဲ့အတူ အဖော်လုပ်ပေးမှာပေါ့''

ညီမဖြစ်သူ၏ ပေါ့ပေါ့ပါးပါး အပြောကြောင့် ပြည့်စုံတစ်ယောက် စိတ်သက်သာရာရသွားသည်။ သို့သော် စောစောကလူ ပြောလိုက်သည့် ရွာဟောင်းဆိုတာကိုတော့ စိတ်ထဲ အနည်းငယ် လေးနေမိရင်း ကားကို သာ ဂရုတစိုက် မောင်းလိုက်၏။

တစ်နာရီသာသာခန့် အန္တရာယ်ကင်းကင်းနှင့် မောင်းနှင်ပြီးသည့်နောက်တွင် မောင်နှမနှစ်ယောက်စလုံးက လေလျှော့လိုက်သည့် ပူဖောင်းတစ်လုံးလို စိုးရိမ်စိတ်များ တဖြည်းဖြည်း လျော့ကျသွားသည်။

ကားရွေ့လျားနေစဉ် မြတ်ပွင့်ဖြူက ကားရှေ့လေကာမှန်အပေါ်စပ်တွင် အရိပ်ထင်နေသည့်လကို သတိထားမိသွားပြီး . .

''အစ်ကို . . လထွက်နေပြီ ထင်တယ်နော်''

ဟု ခပ်တိုးတိုး ပြောပြီး ကားပြတင်းမှန်ကိုချကာ အပြင်သို့ ခေါင်းထုတ်ပြီး မော့ကြည့်လိုက်ရာ ကောင်းကင်တွင် ထိန်ထိန်သာနေသည့် လမင်းကြီးကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ည ၁၁ နာရီထိုးဖို့ ၅ မိနစ်အလို ..။

"ဟုတ်တယ်လေ ညီမလေး ..။ ဒီအချိန်ဆို လထွက်ပြီပေါ့။ ဒီနေ့ လပြည့်ကျော် ၂ ရက်နေ့ပဲဥစ္စာ"

"အပြင်မှာ ပျော်စရာကြီး အစ်ကိုရယ်။ လင်းထိန်နေတာပဲ။ လေတွေကလည်း အေးလိုက်တာ။ ညီမလေးမျက်နှာကို လာထိတာ ရေခဲရေနဲ့ ပက်လိုက်သလိုပဲ သိလား"

ထိုစဉ် ...

"ဝုန်း .. ဝုန်း"

"ခွီး .."

"ဟာ .."

"ကျွီ"

"အံမယ်လေး .."

ပြည့်စုံက ရုတ်တရက် ကားရှေ့ဖြတ်ပြေးသွားသော ဖွတ်နှစ်ကောင်ကြောင့် ကားကို ဘရိတ်ဆောင့်အုပ်ပြီး ဘယ်ဘက်ခွဲလိုက်ရာ မြတ်ပွင့်ဖြူတစ်ယောက် အံ့သြကြောက်လန့်သွား၏။

"ဘာ .. ဘာဖြစ်တာလဲ အစ်ကို"

"ဘာမှမဟုတ်ဘူး ညီမလေး .. ဖွတ်နှစ်ကောင် ကားရှေ့ ဖြတ်ပြေးသွားတာ"

"ဟူး .. တော်သေးတာပေါ့။ ကား ဘာမှမဖြစ်လို့"

ပြည့်စုံက ညီမဖြစ်သူ လန့်သွားသည်ကို ကြည့်ရင်း ..

"ကဲပါလေ .. အစ်ကိုတို့မောင်းလာတာလည်း တော်တော် ခရီးပေါက်နေပြီပဲ။ ကားရပ်ပြီး ခဏနားကြမယ်လေ အင်ဂျင်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အနားပေးရင်းပေါ့။ မကောင်းဘူးလား''

''ဟုတ် ‥ အစ်ကို။ ဟိုးရှေ့မှာက လမ်းဘေးမှာ ထိုင်လို့ရတဲ့ အုတ်ခုံဖြူဖြူလေး လှမ်းတွေ့တယ်။ အဲဒီနားထိ မောင်းလိုက်လေ ‥''

''အေး ‥ အေး''

ပြည့်စုံက ကားကို ဖြည်းညှင်းစွာ မောင်းလိုက်၏။ ကားထဲမှ ဟောမာနေဝင်း၏ ဆောင်းကတ္တီပါ သီချင်းသံကလည်း ညအမှောင်ကို ဖောက်ထွင်းလျက် လွင့်ပျံ့နေသည်။

ထိုနေရာလေးကိုရောက်တော့ ကားလမ်း၏ ညာဘက်ဘေးတွင် မြတ်ပွင့်ဖြူပြောသည့်အတိုင်း ထိုင်လို့ရသည့် အုတ်ခုံဖြူဖြူလေးတစ်ခုကို အမှန်တကယ်တွေ့ရသည်။ လသာနေသည်မို့ သစ်ကိုင်းသစ်ရွက်များ၏ အရိပ်က ထိုအုတ်ခုံဖြူလေး၏ မျက်နှာပြင်ပေါ်တွင် ကျားကွက်ရွှေ့နေသလို ဟိုဒီ ရွေ့လျားနေကြသည်။

ပြည့်စုံက ကားကို လမ်းမပေါ်တွင်သာ ရပ်လိုက်၏။ သဘာဝအရ လမ်းဘေးမြေသားက ပျော့လေ့ရှိသည်မို့ ကားကို လမ်းဘေးသို့ ဆွဲမချရဲ။

''လာ ‥ ဆင်းရအောင် အစ်ကို''

ဟု ပြောပြီး ကား၏ ဝဲဘက်တံခါးကိုဖွင့်ကာ ဆင်းလိုက်၏။ ညာဘက်ယာဉ်မောင်းထိုင်ခုံနေရာတွင်ရှိသော ပြည့်စုံကလည်း ကားကို စက်သတ်ကာ ရှေ့မီးကြီးကို ပိတ်လိုက်သည်။

ကားရပ်ထားသည့်နေရာမှ လက်ယာဘက် မလှမ်းမကမ်းရှိ အုတ်ခုံဖြူလေးဆီသို့ ပေါ့ပါးသွက်လက်စွာ လျှောက်သွားနေသော



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပွင့်ဖြူက ကားမီးရောင်ပိတ်သွားတော့မှပင် လရောင်၏အလှကို ပိုပြီး သိသိသာသာ မြင်တွေ့ခွင့်ရသလို ခံစားရလေသည်။

လရောင်က ကားလမ်းမ၏ ဘယ်ဘက်ကောင်းကင်ထက်မှ ခပ်စောင်းစောင်းရွှန်းလက်တောက်ပနေသဖြင့် သစ်ပင်အရိပ် လူအရိပ် အားလုံးတို့သည် လမ်း၏ ညာဘက်ခြမ်း မြေပြင်ပေါ်သို့ လျောင်းစက်နေကြ၏။

"ဟူး ‥ ဒီနေရာလေးက သာယာလိုက်တာနော်အစ်ကို။ စောစောက ဟေမာနေဝင်း သီချင်းလေးထဲကအတိုင်းပဲ"

မြတ်ပွင့်ဖြူကပြောပြီး သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းရင်း လမ်းမဘက်ကို ကျောခိုင်းကာ ညာဘက်ရှိ ဆုံး စ မထင်သော တောအုပ်ကို ငေးနေမိလေသည်။ ပြီးတော့ သွက်လက်ပေါ့ပါးစွာဖြင့် အုတ်ခုံဖြူဖြူလေးပေါ် စွေ့ခနဲထိုင်လိုက်၏။

လရောင်ကြောင့် သူမ၏အရိပ်က အုတ်ခုံ၏ ညာဘက်ဘေး မြေပြင်ပေါ်တွင် လူပကတိအတိုင်း ပီပီပြင်ပြင်ထင်လျက်။

သူမ၏ နောက်ဘက်တွင် ရပ်နေဟန်ရှိသော အစ်ကိုဖြစ်သူ ပြည့်စုံ၏ လူရိပ်ကိုလည်း ခါးထောက်နေသည့် ပုံသဏ္ဍာန်ဖြင့် အုတ်ခုံ အစွန်းနားတွင် လှမ်းမြင်နေရသည်။ မြတ်ပွင့်ဖြူက ‥‥

"တိမ်ယံတွင်းက နှင်းကျသည်၊ အာကာတိုင်းက မှိုင်းလို့ ရီ ‥" ဆိုတဲ့စာသားအပိုဒ်မှာ တယောနဲ့ ဝင်ထားတာက တယောဝိဇ္ဇာဦးတင်ရီရဲ့လက်ရာ မဟုတ်လား အစ်ကို"

ဟု နောက်ဘက်လှည့်မကြည့်ဘဲ လှမ်းမေးလိုက်သည်။ ပြန်ဖြေသံ မကြားရ။ တိတ်ဆိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူပြည့်စုံ၏ အရိပ်ကိုတော့ ခါးထောက်နေသည့် ပုံသဏ္ဌာန်အတိုင်း အုတ်ခုံစွန်းတွင် မြင်နေရသည်။

မြတ်ပွင့်ဖြူက ခဏကြာသည်အထိ ပြန်ဖြေသံကြားရလေမလားဟု စောင့်နေသေးသည်။ 'ငါမေးတာကို အစ်ကို မကြားဘူးထင်တယ်' ဟု သူမက တွေးလိုက်၏။

သူမ စိတ်ထင်ပြောရလျှင် အစ်ကိုဖြစ်သူ၏ ပုံသဏ္ဌာန်က ငြိမ်သက်တိတ်ဆိတ်လွန်းလှသည်။ ထို့ကြောင့် သူမက အုတ်ခုံစွန်းဆီသို့ ဆတ်ခနဲ ခေါင်းတိုက်လှည့်ကြည့်လိုက်သည်။

"ဟင် . ."

ဘယ်သူမှ ရှိမနေပါချေ။ အုတ်ခုံပေါ်တွင် ထိုင်နေသူမှာ သူမ တစ်ယောက်တည်းသာ ဖြစ်၏။ ထို့ကြောင့် သူမက ပျာပျာသလဲဖြင့် နောက်ကျောပေးထားရာ ကားလမ်းမဆီသို့ ပြူးတူးပြာတဲ ကြည့်မိသွားသည်။

လမ်းမပေါ်တွင် ရပ်ထားသော ကား၏ အတွင်းခန်းမီးရောင်ကြောင့် စတီယာရင်နောက်တွင် ကုန်းကုန်းကွကွလုပ်ရင်း ကားကက်ဆက်ဆီသို့ လက်လှမ်းနေသော အစ်ကိုဖြစ်သူကို ထင်ထင်ရှားရှား တွေ့လိုက်ရသည်။

ဟင် . . အစ်ကိုက ခုထိ ကားထဲကတောင် မဆင်းရသေးပါလား။ ဒါ . . ဒါဆို စောစောက ငါ့နောက်မှာ ခါးထောက်ပြီး လာရပ်နေတာ ဘယ်သူလဲ . . ။

မြတ်ပွင့်ဖြူက ထိတ်ထိတ်ပျာပျာဖြင့် ခေါင်းဘီဝဲယာကို ဝေ့ရှာလည်အောင် ကြည့်မိသည်။ မည်သူ့ကိုမှ မတွေ့ရ။ ထိုစဉ်လေအေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ဝေ့ခနဲတိုက်ခတ်သွားသောကြောင့် ကျောပြင်တွင် အအေး ဓာတ် စိမ့်ဝင်သွားသလို ခံစားလိုက်ရသည်။

ချမ်းသည့်ကြားမှ ချွေးအနည်းငယ် စိမ့်ထွက်သလိုလို ဖြစ် လာ၏။

အို ‥ မဟုတ်သေးပါဘူး။ သစ်ပင် အကိုင်းအခက်တစ်ခုခု ရဲ့ အရိပ်ကို ငါ အမြင်မှားတာနေမှာပါ ‥ ဟု သူမကိုယ် သူမ ဖြေတွေး တွေးလိုက်ရင်း အသံကို မတုန်အောင် ထိန်း၍ အစ်ကိုဖြစ်သူကို လှမ်း ခေါ်လိုက်၏။

"အစ်ကိုရေ ‥ အစ်ကို"

ပြည့်စုံက ညီမဖြစ်သူ၏ ခေါ်သံကို ကြားရသောကြောင့် ‥

"အေး ‥ လာပြီ ‥ လာပြီ ‥ ညီမလေး"

ဟု ပြောကာ ကက်ဆက်ခလုတ်ကို ပိတ်၊ စက်သတ်ကာ သော့တန်းလန်းထားပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် လေကလေး တချွန်ချွန်ဖြင့် ညီမဖြစ်သူ ထိုင်နေသည့် အုတ်ခုံဆီသို့ လျှောက်လာလိုက်၏။

အနားသို့ ရောက်တော့ ညီမဖြစ်သူ မျက်နှာပျက်နေသည်ကို မရိပ်မိသေးဘဲ ‥

"ဟူး ‥ တော်တော်သာယာတဲ့နေရာလေးပဲ။ ဒီလိုနေရာမျိုး မှာ တစ်သက်လုံးနေသွားချင်လိုက်တာ"

ထိုစကားကြောင့် မြတ်ပွင့်ဖြူက ထိတ်ထိတ်ပျာပျာ ဖြစ်သွား ပြီး ‥‥



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ‥ အစ်ကို့စကားကြီးကလည်း ‥၊ နိမိတ်မရှိ နမာ မရှိနဲ့။ ဖွဟဲ့"

ပြည့်စုံက ညီမဖြစ်သူကို တအံ့တသြကြည့်လိုက်ပြီး ‥

"ဟား ‥ ဟား ငါ့ညီမက ခုမှ ထူးထူးခြားခြား အတိတ်တွေ၊ နိမိတ်တွေ ပြောလို့ပါလား။ ဘယ်လိုဖြစ်ရတာတုန်း ‥ ဟား ‥ ဟား"

အစ်ကိုဖြစ်သူ၏ သရော်စကားကြောင့် မြတ်ပွင့်ဖြူက ရှက်သယောင်ယောင် ခေါင်းလေးငုံ့သွား၏။ ထိုစဉ် ‥

"ကတ္တီပါစောင် ခြုံထွေးတာတောင် x x x မငွေ့နိုင်ပေါင် အတည် x x x တိမ်ယံတွင်းက နှင်းကျသည် x x x အာကာတိုင်းက x x x"

ဟေမာနေဝင်းသီဆိုထားသော ဆောင်းကတ္တီပါသီချင်းက ရပ်ထားသော ကားထဲမှနေ၍ လွင့်ပျံ့လာသည်။

မြတ်ပွင့်ဖြူက ကားဆီကို တစ်လှည့်၊ အစ်ကိုဖြစ်သူကို တစ်လှည့် ကြည့်လိုက်ရင်း ‥‥

"အစ်ကို ‥ အစ်ကို ကားထဲက ကက်ဆက်မပိတ်ခဲ့ဘူးလား"

ဟု မေးလိုက်လေသည်။ ထိုအမေးစကားကြောင့် ပြည့်စုံ၏ ပါးစပ်မှ ဟင်ခနဲ အာမေဋိတ်သံ ခပ်တိုးတိုးကိုသာ ရွတ်လိုက်မိသည်။

သူ့စိတ်အထင်တော့ ကက်ဆက်ကိုလည်း ပိတ်၊ ကားစက်ကိုလည်း သတ်ခဲ့မိသည်ထင်၏။ သို့သော် မသေချာ။

ဒါဆိုလျှင် ဟောဒီတောနက်ကြီးထဲ ညဉ့်နက်သန်းခေါင်အချိန်တွင် ဘယ်ကသီချင်းသံကို ကြားနေရတာပါလိမ့် ‥။



www.burmeseclassic.com

www.burmeseclassic.com




ပြည့်စုံက ဇဝေဇဝါနှင့် ကားဆီသို့ လျှောက်သွားလိုက်၏။ ထို့နောက် ကားတံခါးကို ဖွင့်ကြည့်လိုက်သည်။ ကားကက်ဆက်မှ မီးလုံးစိမ်းစိမ်းလေးက လင်းနေ၏။

"ဩော် . . ငါ ကက်ဆက် မပိတ်မိခဲ့တာကိုး"

ပြည့်စုံက ကက်ဆက်ကို ပိတ်လိုက်သည်။ ပြီးမှ သေချာအောင် ကက်ဆက်ခွေကိုပါ ထုတ်လိုက်၏။ (ထိုခေတ်က ယခုကဲ့သို့ စီဒီချပ်များ မပေါ်သေးချေ။ C. 60 ဟုခေါ်သော တိပ်ခွေများဖြင့် ဖွင့်ရသော ခေတ်ဖြစ်လေသည်)

ပြည့်စုံက ကက်ဆက်ခွေကို အင်္ကျီကျောကင်အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် ညီမဖြစ်သူထိုင်နေသည့် လမ်းဘေးအုတ်ခုံဖြူဖြူလေးဆီသို့ ခြေဦးပြန်လှည့်လိုက်သည်။

ထိုစဉ် ရုတ်တရက် သူ့နှာခေါင်းထဲသို့ ခရေပန်းနံ့များ မွှေးပျံ့လာ၏။


www.burmeseclassic.com

www.burmeseclassic.com



ဟင် ‥ ညကြီးမင်းကြီး ဒီလိုတောထဲမှာ ဘယ်နေရာမှာ ခရေပင် ရှိလို့ ခရေပန်းနံ့က မွှေးနေရတာလဲ ‥။

သူ့အတွေးမဆုံးခင်မှာပင် ခရေပန်းနံ့က စောစောကရသည့် ရနံ့ထက် အဆပေါင်းများစွာ ပိုမိုစူးရှလာသည်။

ချိုချိုအီအီအမွှေးနံ့ကြီးကြောင့် သူ့ခေါင်းထဲ မူးနောက်ရီဝေလာ၏။ သူ အားတင်းကာ ညီမဖြစ်သူအနားသို့ လျှောက်သွားလိုက်သည်။

"ညီမလေး ‥ ညီမလေး ခရေပန်းနံ့တွေ မရဘူးလား"

"ဟင့်အင်း ‥ မရပါဘူး အစ်ကိုရဲ့။ ဒီနားမှာလည်း ခရေပင် မရှိပါဘူး"

ပြည့်စုံက ညီမဖြစ်သူအပြောကြောင့် ဘေးပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်၏။

အရိုင်းမြက်ပင်ရှည်ရှည်များ၊ ဒီဒူးပင်များ၊ မိုးနံ့ချုံပင်များ ဒဟတ်သကိုင်းပင်စသဖြင့် အပင်များက လရောင်အောက်တွင် ငြိမ်သက်နေကြသည်။

"အေးဟ ‥ ဟုတ်တော့ ဟုတ်တယ်။ ဒါဆိုရင် ဒီခရေပန်းနံ့ကြီးက ဘယ်ကနေ ရောက်လာတာလဲမသိဘူး"

"ဟာ ‥ ဘာခရေပန်းနံ့မှ မရပါဘူး အစ်ကိုရယ်။ လာ ‥ ညီမလေးနားမှာ လာထိုင်ပြီး အမောဖြေဦး"

ပြည့်စုံက ညီမဖြစ်သူ၏ ပေါ့ပေါ့ပါးပါးလေသံကြောင့် 'ငါ စိတ်ထင်လို့ နေမှာပါ' လို့ တွေးပြီး ညီမဖြစ်သူအနားသို့ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မြတ်ပွင့်ဖြူ၏နားထဲသို့ ..

"နှောင် .. ဝေ .. ဝေ .. ဝေ"

ဟူသော ကြေးစည်တီးသံသဲ့သဲ့ ကြားလိုက်ရ၏။

"ဟင် .. အစ်ကို .. ကြေးစည်သံ ကြားတယ်နော်။ အစ်ကို ကြားလား"

"အေးဟ .. ကြားတယ် ညီမလေးရဲ့"

"ညကြီးမင်းကြီး ဘယ်သူတွေကများ ကြေးစည်တီးနေတာ ပါလိမ့်"

မြတ်ပွင့်ဖြူက သူမဘာသာသူမ ပြောသလိုနှင့် ရေရွတ်လိုက်ရင်း ဘေးပတ်ဝန်းကျင်သို့ လှည့်ကြည့်လိုက်သည်။ ထိုအချိန်မှာပင် ကြေးစည်သံနှင့်အတူ လှုပ်တုတ်လှုပ်တုတ်မီးရောင်လက်လက်လေးများ ကိုင်ကာ လူတစ်စုလျှောက်လာသည်ကို မပီဝိုးတဝါး မြင်လိုက်ရ၏။

တစ်ပြိုင်တည်းမှာပင် အသုဘချရာတွင် ရွတ်ဆိုလေ့ရှိသော 'သံဝေဂ' သီချင်းသံကိုပါ ကြားလိုက်ရစဉ် မြတ်ပွင့်ဖြူတစ်ယောက် အစ်ကိုဖြစ်သူအနားသို့ ဖျတ်ခနဲတိုးကပ်လိုက်ရင်း ...

"အစ်ကို .. အဲ .. အဲဒါ အသုဘချလာတာလား မသိဘူး နော်"

"အင်း .. ဟုတ်မယ်ထင်တယ် .. ညီမလေးရဲ့"

"အင် .. ညကြီးမင်းကြီး အစ်ကိုရယ် ..။ ဒီအချိန်ကြီးကျမှ ဘာလို့ အသုဘချရတာလဲ မသိဘူးနော်"

"ဩော် .. ဒါက သူတို့ရွာဓလေ့မို့လို့နေမှာပေါ့ ညီမလေးရဲ့"

သူတို့ကြည့်နေစဉ်မှာပင် အသုဘခေါင်းထမ်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်အပါအဝင် လူတစ်စုက သူမတို့ ထိုင်နေသည့် နေရာတည့်တည့်ဆီသို့ လျှောက်လာနေသည်ကို သတိထား လိုက်မိ၏။

"နှောင် ‥ ဝေ ‥ ဝေ ‥ ဝေ"

ကြေးစည်သံကလည်း ကျယ်သထက် ပိုကျယ်လာသည်။

"အစ်ကို ‥ သူတို့က ညီမလေးတို့ထိုင်နေတဲ့နေရာတည့် တည့်ဆီကို လာနေသလိုပဲနော်"

"ဟုတ်တယ် ‥ ဘယ်လိုဖြစ်တာလဲ မသိဘူး။ အစ်ကိုတို့ကို တောင် ဝင်တိုက်မိဦးမယ်။ ထ ‥ ထ ညီမလေး ထိုင်မနေ တော့နဲ့"

ပြည့်စုံက ညီမဖြစ်သူ၏ လက်မောင်းကို ဆွဲထူကာ ထခိုင်း လိုက်၏။ အသုဘပို့သည့် လူတစ်စုကတော့ သူတို့ကို မြင်ပုံမရ။ ရေနံဆီမီးခွက်များကို ကိုင်မြှောက်ထားကာ လျှောက်လာနေကြသည်။ မီးရောင်က အပေါ်သို့သာ ဖြာထွက်နေသဖြင့် အသုဘခေါင်းတလား ကြီးမှလွဲ၍ သူတို့မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။

"ဟေ့ ‥ ဟေ့ လူတွေ ‥။ ခင်ဗျားတို့ လမ်းမှားနေပြီ ထင် တယ်။ ဒီမှာလူတွေ ထိုင်နေတာဗျ။ ဝင်တိုက်မိဦးမယ်"

ပြည့်စုံက သူတို့နှင့် ဝင်တိုက်မိဖို့ ဝါးတစ်ပြန်စာခန့်ပင် လိုတော့သဖြင့် အော်ပြီး သတိပေးလိုက်၏။ ထိုအချိန်မှာပင် စောစောက အသုဘခေါင်းထမ်းသည့် လူနှစ်ယောက်ရော၊ တခြားလူတွေပါ မြန်းဆို ပြည့်စုံတို့ရှေ့မှာပင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတော့သည်။

"ဟာ ‥"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ထိုစဉ် လူသေကောင်ပုပ်နံ့ကြီးက ထောင်းခနဲ ထလာသည်။

မောင်နှမနှစ်ယောက် တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲ ထသွားၿပီ။ ညီမဖြစ်သူ မြတ်ပွင့်ဖြူက ပြည့်စုံ၏လက်မောင်းကို အားကိုး တကြီး ဆွဲကိုင်လိုက်သည်။

"အစ်ကို အခုရနေတဲ့ အဲ .. အဲဒီအနံ့ကြီးက လူသေကောင် ပုပ်နံ့ကြီး မဟုတ်လား"

ထိုစဉ် ပြည့်စုံက တစ်စုံတစ်ခု သတိရသွားပြီး လက်ထဲတွင် ကိုင်ထားသည့်ဓာတ်မီးဖြင့် အုတ်ခုံဖြူဖြူလေးကို ထိုးကြည့်လိုက်ရာ ..

"ဟာ .."

စောစောက ထိုင်နေသည့်အုတ်ခုံက သူတို့ထင်ထားသလို ရိုးရိုး အုတ်ခုံဖြူတစ်ခုမဟုတ်ဘဲ လူသေကောင်မြှုပ်ထားသည့် အုတ်ဂူ တစ်လုံး ဖြစ်နေသည်ကို ချောက်ချားဖွယ် တွေ့လိုက်ရ၏။

"အီး .. ဟီး .. ဟီး ညီမလေး ကြောက်တယ်အစ်ကို .. ညီမလေး ကြောက်တယ်"

"မကြောက်နဲ့ ညီမလေး ..၊ လာ .. လာ အစ်ကိုတို့ ကား ပေါ် သွားကြမယ်"

ပြည့်စုံက ညီမလက်ကိုဆွဲပြီး လှမ်းထွက်ဖို့ ခြေလှမ်းပြင်လိုက် စဉ်မှာပင် ..

"ကတ္တီပါစောင်ခြုံထွေးတာတောင် .. မနွေးနိုင်ပေါင် အတည့် x x x တိမ်ယံတွင်းက နှင်းကျသည် x x x အာကာသင်္ငင်းက



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းလို့ရှိ ..''

ပြည့်စုံ၏ဂျာကင်ထဲက ကက်ဆက်ခွေကို ဆွဲယူလိုက်ရာ သီချင်းသံက ထိုကက်ဆက်ခွေထဲမှ ထွက်နေသည်ကို ထိတ်လန့်ဖွယ် သိလိုက်ရ၏။

''ဟာ .. ကဲကွာ ..''

ပြည့်စုံက ချက်ချင်းပင် လက်ထဲမှ ကက်ဆက်ခွေကို ပစ်ပေါက် လွှင့်ပစ်လိုက်သည်။ ကက်ဆက်ခွေက လူသေကောင် မြှုပ်ထားသည့် အုတ်ဂူနှင့်ထိကာ တစ်စစီ ကွဲကြေလွင့်စင်ထွက်သွား၏။

ထို့နောက် ညီမဖြစ်သူ၏လက်ကို ဆွဲကာ ကားဆီသို့ တစ်ဟုန်ထိုး ပြေးသွားလိုက်သည်။

''ညီမလေး .. မကြောက်နဲ့နော်။ အစ်ကို ရှိတယ် .. အစ်ကို ရှိတယ် သိလား''

ပြည့်စုံက ညီမဖြစ်သူ ကြောက်နေမှာကိုသိသဖြင့် တတွတ် တွတ်အားပေးရင်း ကားစက်ကို ကမန်းကတန်း နှိုးလိုက်၏။

''ချောက် ..''

''ဟာ ..''

သို့သော် ကားစက်က နိုးမလာ။ ပြည့်စုံက ထပ်ကြိုးစားပြီး နှိုးကြည့်၏။

''ချောက် .. ဂျစ် .. ဂျစ် ..''

တဂျစ်ဂျစ်အသံမှလွဲ၍ ကားစက်က လုံးဝ နိုးမလာတော့။

''အီး .. ဟီး အစ်ကိုရယ် .. ညီမလေးတို့ ဒုက္ခရောက်ပြီနဲ့ တူပါတယ်။ လုပ်ပါဦး အစ်ကိုရယ်၊ ညီမလေး ကြောက်လာပြီ''



www.burmeseclassic.com

www.burmeseclassic.com



"အေး .. အေးပါ ညီမလေးရယ် .. မကြောက်နဲ့။ အစ်ကို ရှိတယ်။ ကားတံခါးတွေအားလုံး လော့ချထားတာပဲ။ ဘာ အန္တရာယ်မှ မရှိပါဘူး"

ပြည့်စုံက မြတ်ပွင့်ဖြူ၏ ခေါင်းလေးကို ပုတ်ကာ နှစ်သိမ့်လိုက်သည်။ ညီမဖြစ်သူ မကြောက်အောင် နှစ်သိမ့်ပေးနေရပေမဲ့ သူ့စိတ်ထဲတွင်လည်း ဘာကိုမှန်းမသိသည့် တစ်စုံတစ်ခုကို ချောက်ချားနေမိ၏။

ထိုစဉ်မှာပင် ကားကြီးက စက်မနိုးရဘဲ တအိအိနှင့် ရှေ့သို့ ရွေ့သွားနေသည်ကို ပြည့်စုံ သတိထားမိလိုက်သည်။

"ဟင် .. ကားကြီးက ရွေ့နေပါလား"

ရွေ့လျားသွားပုံက ညက်ညက်ညောညောမရှိ။ မြေသားလမ်းတွင် လှည်းစီးနေရသလို တအိအိနှင့် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။

"အစ်ကို .. ကား ကားကြီးက ရွေ့နေတာလား မသိဘူး။ လုပ်ပါဦး အစ်ကို။ ဘုရား .. ဘုရား"

ပြည့်စုံက ညီမဖြစ်သူ၏အမေးကို ပြန်မဖြေအား။ သွေးပျက်နေသည့်စိတ်ကို တင်းကာ ကားတံခါးကို ဖွင့်ပြီး အောက်ဘက်ကို ငုံ့ကြည့်လိုက်ရာ သူတို့ကားလေးက လမ်းပေါ်မှာ မဟုတ်ဘဲ ကြီးမားသော သတ္တဝါကြီးတစ်ကောင်၏ ကျောကုန်းပေါ် တင်နေသည်ကို တွေ့လိုက်ရ၏။

ရှေ့ဘီးနှစ်ဘီးက ထိုသတ္တဝါကြီး၏ ပခုံးပေါ်တွင်ရှိနေပြီး ကျန် နောက်ဘီးနှစ်ဘီးက ခါးအောက်ပိုင်း ခြေထောက်ပေါ်တင်လျက်သား တွေ့ရလေသည်။

"ဟာ .."



www.burmeseclassic.com

www.burmeseclassic.com



မသတီစရာကောင်းလှသော ထိုသတ္တဝါကြီးက ကတ္တရာလမ်းပေါ်တွင် ဝမ်းလျားမှောက်လျက်သား အနေအထားဖြင့် သူတို့၏ ကားကလေးကို ကျောပေါ်ထမ်းထားရင်း တရွေ့ရွေ့တွားသွားနေသည်။ ပြည့်စုံက ကားပြတင်းပေါက်မှငုံ့အကြည့် ထိုသတ္တဝါကြီးက လည်ပင်းမှအဆစ်လည်ထွက်ပြီးနောက် ပြန်လှည့်ကာ မော့အကြည့်နှင့် ဆုံလိုက်ရာ..

"အား ! "

မျက်လုံးနှင့် နှာခေါင်းတို့မရှိဘဲ မျက်နှာပြင်တစ်ခုလုံး ပါးစပ်ကြီးတစ်ခုထဲဖြင့်သာ ပြည့်နေသော အကောင်ကြီးက သွားဖြဲ ပြလိုက်ရာ သူတို့မောင်နှမ နှစ်ယောက်စလုံး လိပ်ပြာလွင့်စင်မတတ် လန့်ကာ ရင်ဘတ်ထဲတွင် အေးခနဲဖြစ်သွားပြီးနောက် ဘာကိုမှ မသိတော့ချေ။

■



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

"ဘုရား ‥ ဘုရား ‥ ဘုရား နောက်က လိုက်လာနေပြီ။ ငါ လွတ်မှ လွတ်ပါတော့မလား ‥"


မှောင်ကြီးမည်းကြီးထဲတွင် မမြင်မစမ်း ဖွတ်ပြေးနေရသဖြင့် ဘယ်တွေကို ရောက်နေသည်မသိ။ တောထဲမှာ လမ်းဟူ၍လည်း မမြင်ရဘဲ ခြေဦးတည့်ရာကိုသာ အသက်လုပြီး ပြေးနေခြင်းဖြစ်သည်။ နောက်မှ ပေတသရဲကြီးကလည်း ထပ်ကြပ်မကွာ လိုက်နေမှန်း အလိုလို သိနေ၏။

အပုပ်နံ့ကြီးက စူးစူးဝါးဝါး ကပ်ပါလာနေသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





"ဝေါ့ ..."

ထိုအနံ့ဆိုးကြီးကြောင့် ပြေးရင်းလွှားရင်း အန်ချမိသည်က လည်း ဘယ်နှကြိမ်ရှိပြီ မသိတော့။ ဗိုက်ထဲမှာ မည်သည့်အစာမှမရှိတဲ့ ခြောက်ကပ်ကာ အားနည်းတုန်ယင်နေသည်။

ပြေးထား ..၊ ပြေးထား ..။

ခြေထောက်တွေ ခွေယိုင်နေတာကို မေ့ထားလိုက်ဖို့ သူ့ကိုယ်သူ အကြိမ်ကြိမ် သတိပေးနေရသည်။ ဒီလိုမှ မဟုတ်လျှင် ရောက်ရာနေရာမှာပင် ပုံလဲကျသွားတော့မည်။

တကယ်တော့ သူ့ခန္ဓာကိုယ်တွင် အားအင်တစ်စက်မှ မရှိတော့ပေ။ ကြောက်စိတ်က တွန်းပို့သောကြောင့်သာ သူ တရကြမ်းရွေ့လျားနေခြင်းဖြစ်သည်။

"ဟင် .. လာပြီ .. လာပြီ၊ ငါ့နောက်မှာ လိုက်လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပခုံးနှစ်ဖက်ကြားမှ ဝေါဝေါကြီး ထိုးထွက်နေသည့်ပါးစပ် အခေါင်းကြီးနှင့် ပေတာသရဲပုံရိပ်သည် သူ့နောက်သို့ ခြေသံပေးကာ လိုက်လာလေပြီ။

သွားပါပြီ ..။ ငါ ဆက်မပြေးနိုင်တော့ဘူးထင်တယ်။

သူ ရသမျှဘုရားစာတွေကို ရွတ်ရင်း အာခေါင်တွေ ခြောက် ကပ်လာသည်။ သူ့အသွေးအသားထဲမှ ရေကို မက်မက်မောမော တောင့်တလာ၏။ ထိုစဉ် ဝါးရုံပင်တွေကြား လရောင်ပျပျ ထိုးကျနေသော နေရာတွင် ရေအိုင်တစ်ခုလိုလို သူ မြင်လိုက်၏။

"ဟင် .. ရေ .. ရေတွေ၊ ဟုတ်တယ် .. ဒါ ရေအိုင်ပဲ"

ရေအိုင်ထဲပြေးခုန်ဆင်းလိုက်ရင် ကောင်းမလားဟု သူ တွေး လိုက်သည်။ ထိုစဉ်မှာပင် ရေအိုင်အလယ်၌ ကြီးမားထွားကျိုင်းသော တောဆင်ရိုင်းကြီးတစ်ကောင်ကို သူ မြင်လိုက်ရ၏။ ဆင်ကား .. ရိုးရိုး ဆင် မဟုတ်။ အဖြူရောင်ဆွတ်ဆွတ် ဆင်ကြီးဖြစ်နေမှန်း မယုံနိုင်စဖွယ် တွေ့လိုက်ရခြင်းဖြစ်သည်။

ထိုအခိုက် သူ့နှာခေါင်းဝမှာ ကပ်ပါနေသော အပုပ်နံ့ကြီး က ဖြတ်ခနဲ ပျောက်ကွယ်သွားသည်။ သူ့ခန္ဓာကိုယ်ရှိ တဲတဲကလေး ကျန်နေသော ခွန်အားတွေ အကုန်လုံးလည်း မီးတောက်ငြိမ်းသလို 'ဟုတ်'ခနဲ ငြိမ်းသွား၏။

ရေအိုင်အစပ်မှာပင် သူ ပုံလျက်သား လဲကျသွားလေတော့ သည်။ ရေကန်အလယ်မှာ ဆင်ဖြူကြီးက သူရှိရာ ကမ်းစပ်ဆီသို့ တစ်လှမ်းချင်း ရွေ့လျားလာသည်။ ပြည့်စုံ၏နဖူးပေါ်တွင် သေငယ်ဇော ကြောင့် ချွေးစီးတွေ တလိမ့်လိမ့် စုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ ငါ့ကို ဆင်ကြီး နင်းတော့မယ်ထင်တယ်"

သူ ဆင်လာရာလမ်းကြောင်းမှ ဝေးနိုင်သမျှဝေးအောင် တွားသွားရွေ့လျားဖို့ ကြိုးစားသည်။ ဒူးတွေ၊ တံတောင်ဆစ်တွေ၊ ရင်ဘတ်တွေ၊ အမြွာမြွာပွန်းရှကွဲပြဲကုန်၏။ လူကားနေရာမှ မရွေ့။ ထိုစဉ် ဆင်ဖြူကြီးက သူ လဲကျနေရာ ရေကန်စပ်သို့ ရောက်လာသည်။ ဆင်ဖြူကြီးက ရေကန်ထဲမှ ရေကို သူ့နှာမောင်းဖြင့် စုပ်ကာ မှုတ်ဖြန်း လိုက်လေတော့သည်။

သူ့မျက်နှာပေါ်သို့ အေးမြသောရေစက်တွေ စီးဆင်းစွတ်စို သွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာပေါ်သို့ အေးမြသောရေစက်တွေ စီးဆင်းစိုစွတ်သွားသည်ကို ခံစားလိုက်ရသည်။ ပြည့်စုံက မျက်လုံးကို ဖွင့်ကြည့်လိုက်၏။ ဝါးကျည်တောက်မှ ရေများဖြင့် သူ့မျက်နှာပေါ် လောင်းပေးနေသည့် ကရင်အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရသည်။

"လူလေး ‥ သတိရလာပြီလား"

"ဟင် ‥ ကျွန် ‥ ကျွန်တော် ဘယ်ရောက်နေတာလဲအဘ"

"လူလေး အခုရောက်နေတာ နာခိုစီးဆိုတဲ့ ရွာလေးပဲပေါ့။ အဘရဲ့ ဇာတိရွာပေါ့ကွယ်။ မင်းတို့မောင်နှမ လမ်းပေါ်မှာ ကားပျက်ပြီး သတိမေ့လဲနေတာတွေ့လို့ အဘနဲ့ ရွာသားတွေက ဒီကို သယ်လာခဲ့ကြတာ"

"ဒါ ‥ ဒါဆို ကျွန်တော့်ညီမလေးရောဟင်"

အဘိုးအိုက အေးချမ်းတည်ငြိမ်စွာ ပြုံးလိုက်၏။ ကွမ်းစားထားလွန်းသောကြောင့်လား မပြောတတ်။ ပါးလျားသော နှုတ်ခမ်းတွင် ကွမ်းသွေး ကွမ်းဖတ်စ အနည်းငယ် ကပ်ငြိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ..

"လူလေးရဲ့ညီမက စောစောကလေးတင် သတိရလာလို့ နှလုံး ငြိမ်ဆေးတိုက်ပြီး ပြန်အိပ်ပျော်အောင် သိပ်ထားလိုက်တယ် ကွယ့်။ လူလေးကိုလည်း ဆေးတိုက်ဖို့ အဘစောင့်နေတာ"

"ဩော် .. ဟုတ် .. ဟုတ်ကဲ့ အဘ။ ဒါနဲ့ အဘက ဘယ်သူ လဲဟင်"

ဆေးဆရာကြီးများလားဟု ပြည့်စုံကထင်ပြီး မေးလိုက်၏။

"အဘနာမည်က စောဆာဖိုးဝါးတဲ့။ ဒီနယ်တစ်ဝိုက်မှာတော့ အဘကို ဘိုးပိုက်ဆံလို့ ခေါ်ကြတယ်ကွယ့်"

"ဩော်"

"ကဲ .. ကဲ လူလေး ဆေးသောက်ဖို့ အဘ ယူလိုက်ဦးမယ်"

အဘိုးအိုကပြောရင်း ခေါင်းရင်းထရံထောင့်တွင် ထောင်ထား သည့် အနီရောင်ပိတ်စချည်ထားသော ဝါးဆစ်ဘူးတစ်ခုကို လှမ်းယူ လိုက်သည်။ ထို့နောက် ဝါးဆစ်ဘူးထဲမှ ရွှေရောင်ဆေးလုံးလေး တစ်လုံး ကို သူ့လက်ဖဝါးပေါ် မှောက်ချလိုက်၏။

ပြီးနောက် ပြည့်စုံထံသို့ ပေးလိုက်ရင်း ..

"ရော့ .. လူလေး ဒီဆေးလုံးလေးကို မျိုလိုက်"

ပြည့်စုံက သူ့လက်ထဲသို့ ရောက်လာသည့် ဆေးလုံးလေးကို မဲ့မိတ်မသုန် စိုက်ကြည့်နေ၏။ ခေတ်လူငယ်ပီပီ အင်္ဂလိပ်ဆေးမှလွဲ၍ တခြားဆေးများကို အယုံအကြည်မရှိတာကြောင့် သူ့စိတ်ထဲတွင် သောက်ရကောင်းနိုး၊ မသောက်ရကောင်းနိုး တွေဝေနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးသောက်ဖို့ တွန့်ဆုတ်နေသည့်သူ့ကို ရိပ်မိသွားသည့် အလား အဘိုးအိုက ..

''သောက်လိုက်ပါလူလေး .. လူလေးတို့ မောင်နှမက မမြင်သင့် မမြင်အပ်တဲ့ ပရလောကသားတွေကို မြင်ထားတာမို့လို့ နှလုံးက မငြိမ်ဘူးဖြစ်နေတယ်။ နှိမ့်မှိုဆို တစ်သက်လုံး တစ်ခုခုဆိုရင် ရင်တထိတ်ထိတ်နဲ့ အမြဲလန့်တတ်နေမှာ။ အဲဒီလိုမဖြစ်ရအောင်လို့ အဘ အခုတိုက်တဲ့ဆေးကို ယုံယုံကြည်ကြည် သောက်လိုက်ပြီး အိပ်လိုက်ပါလူလေး''

ပြည့်စုံလည်း အဘိုးအို၏ တိုက်တွန်းစကားကြောင့် ဆေးလုံးကို ပါးစပ်ထဲ ထည့်မျိုလိုက်၏။

ဆေးလုံး၏ ချိုမွှေးသည့်ရနံ့က ရင်တစ်ခုလုံး အေးမြသွားသည်။ ပြီးနောက် အသွေးအသားနှင့် အကြောများထဲသို့ အစာအိမ်မှတစ်ဆင့် တစ်ကိုယ်လုံး ပျံ့နှံ့သွားသလို ရှိန်းတိန်း ဖိန်းတိန်းနှင့် နေလို့ကောင်းသွား၏။

မကြာမီမှာပင် မျက်ခွံများ လေးလံလာကာ ဘာကိုမှ မသိတော့ဘဲ ပြည့်စုံတစ်ယောက် နှစ်ခြိုက်စွာ အိပ်မောကျသွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာနိုးလာတော့ ထူးထူးခြားခြားပင် သူ့ခေါင်းတစ်ခုလုံး ကြည်လင်နေ၏။ အသွေးအသားထဲတွင်လည်း အားအင်ပြည့်ဖြိုးသွားသလို ခံစားရသည်။

ပြည့်စုံက လှဲနေရာမှ ထထိုင်လိုက်စဉ်တွင် ..

"ဩော် .. အစ်ကို နိုးလာပြီလား"

ညီမဖြစ်သူ မြတ်ပွင့်ဖြူက ရေနွေးခရားတင်ထားသည့် ကြေးလင်ပန်းလေးကိုကိုင်ကာ သူ့ဆီ လျှောက်လာနေသည်ကို တွေ့ရ၏။

"ဟုတ်တယ် ညီမလေး"

"ဒီမှာ အစ်ကိုနိုးလာရင် စားဖို့ဆိုပြီး အဘဘိုးပိုက်ဆံက ကောက်ညှင်းပေါင်းနဲ့ နှမ်းထောင်းပြင်ပေးခဲ့တယ်။ အဘကတော့ ကိစ္စရှိလို့ဆိုပြီး အပြင်ခဏသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ပွင့်ဖြူက ပြောပြောဆိုဆိုနှင့် ကြေးလင်ပန်းအိုးလေးကို ပြည့်စုံ၏ အနားတွင် ချလိုက်သည်။ အခါးရေနွေးတစ်အိုးနှင့် မွှေးပျံ့ပူနွေး နေသည့် ကောက်ညှင်းပေါင်းနှင့် နှမ်းထောင်းပန်းကန်ပြားကို တွေ့ရ၏။

"တကယ်လို့ အစ်ကို ရေအရင်ချိုးချင်တယ်ဆိုလည်း ဒီခြံထဲမှာ ရေချိုးတဲ့ ရေတွင်းရှိတယ်။ အဘပြပေးခဲ့လို့ ညီမလေး တော့ ချိုးပြီးပြီ"

"အေး .. ဒါဆို အစ်ကိုလည်း ရေအရင်ချိုးလိုက်ပါဦးမယ်။ ပြီးမှ စားတာပေါ့"

"ဟုတ် .. အစ်ကို။ ညီမလေး လိုက်ပြမယ်"

ထိုသို့ဖြင့် ပြည့်စုံလည်း အိမ်နောက်တက်ခြံထောင့်က ရေတွင်း ဆီသို့ ရောက်လာသည်။ ရေတွင်းအနက်က အတောင် ၆၀ ခန့် ရှိမည် ဖြစ်ပြီး စက်သီးဖြင့် ရေငင်ချိုးရခြင်း ဖြစ်သည်။ ရေက အေးမြကြည်လင် နေသဖြင့် ပြည့်စုံလည်း တစ်ဝကြီး ချိုးပစ်လိုက်၏။ ရေချိုးပြီးနောက် ရေလဲလုံချည်လဲကာ အိမ်ပေါ်သို့ ပြန်တက်လာရင်း စိတ်က နှိုးဆော် သဖြင့် လမ်းမရှိရာဘက်ဆီသို့ အမှတ်တမဲ့ကြည့်လိုက်မိရာ အိမ်ရှေ့ ခြံတံခါးဝတွင် ရပ်ထားသည့် သူတို့ကားလေးကို ပုံစံမပျက် တွေ့လိုက် ရ၏။

ဒီတော့မှပင် ကားအတွက်စိတ်ပူဖို့ သတိရတော့၏။ အဘိုးအို နှင့် ရွာသားတွေ ကားကို ဒီအထိရောက်အောင် ဘယ်လိုရွှေ့ယူလာသလဲ မသိ။ မနေ့ညကနေရာနှင့် ဒီရွာက ဘယ်လောက်ဝေးမှန်းလည်း မသိ။

"ဟူး .. တော်သေးတယ်။ ငါတို့ကားလေး ဘာမှ မဖြစ် သွားလို့"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံက တွေးရင်း အိမ်ပေါ်သို့ ပြန်တက်လာသည်။ ထို့နောက် အဝတ်အစားလဲကာ စောစောက ညီမဖြစ်သူ ယူလာပေးသည့် ကောက်ညှင်းပေါင်းကို စားဖို့ ပြင်လိုက်၏။ ထူးခြားသည်က ကောက်ညှင်းပေါင်းသည် စောစောကအတိုင်းပင် အငွေ့တထောင်းထောင်းနှင့် ပူနွေးနေလျက်ပင်။

ပြည့်စုံက ကောက်ညှင်းပေါင်းတစ်ဆုပ်ကို ယူကာ နှမ်းထောင်းနှင့် တို့စားလိုက်၏။ ဆာလောင်နေ၍လားမသိ။ စားဖူးသမျှထဲတွင် ယခုကောက်ညှင်းပေါင်းသည် အနူးညံ့ဆုံးနှင့် အရသာအရှိဆုံးဖြစ်နေလေသည်။

စားကောင်းကောင်းနှင့် စားလိုက်ပြီး ကောက်ညှင်းပေါင်းပန်းကန် တစ်ဝက် မရှိတရှိ ကျိုးသွားသည့်အချိန်တွင် အပြင်မှ ပြန်လာသော အဘဘိုးပိုက်ဆံကို မြင်လိုက်ရ၏။

အဘက မနက်ကလို ကရင်အမျိုးသားအင်္ကျီကို မဝတ်ထားဘဲ အပေါ်အင်္ကျီအဖြူ၊ ပုဆိုးအဖြူ၊ ခေါင်းပေါင်းအဖြူ စည်းထားပြီး ဒေါင်းတွင် အညိုရောင်လွယ်အိတ်ဖောင်းဖောင်းကြီးတစ်လုံးကို လွယ်ထားသည်။

"ဩော် ‥ အဘ ပြန်လာပြီလား"

မြတ်ပွင့်ဖြူက မေးလိုက်၏။

"အေးကွယ့် ‥။ သမီးတို့မောင်နှမနှစ်ယောက်စလုံး ခေါင်းထဲမှာ ကြည်ကြည်လင်လင်ပဲ မဟုတ်လား"

"ဟုတ်ကဲ့ ‥ အဘ။ ကြည်ကြည်လင်လင်ပါပဲ။ သမီးတို့မောင်နှမနှစ်ယောက်ရဲ့ အသက်ကိုကယ်ခဲ့လို့ အဘကို

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်နော်"

"ဟုတ်ပါတယ် အဘရယ် . . ။ ကျွန်တော်တို့မှာ အဘပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

"ဘာမှ ထွေထွေထူးထူး ကျေးဇူးတင်နေစရာ မလိုပါဘူး။ ဒုက္ခရောက်နေတဲ့လူတွေကို ကယ်ရမယ်ဆိုတာ အဘတို့ မဖြစ်မနေလုပ်ရမယ့် နိစ္စဓူဝ ဝတ္တရားပါကွယ်။ လူလေးတို့သာ နောင်ခရီးသွားတဲ့အခါ ဂရုစိုက်ကြပေါ့။ တချို့နယ်မြေတွေက ကြမ်းတယ်ကွယ့်"

ဘိုးပိုက်ဆံ၏စကားကြောင့် ပြည့်စုံတို့မောင်နှမနှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး . .

"မနေ့ညက ကျွန်တော်တို့ ကားရပ်ခဲ့တဲ့နေရာက ကြမ်းတယ် ဆိုတဲ့သဘောပေါ့နော် အဘ . ."

"အေး . . အဲဒီလိုပဲ ဆိုရမှာပေါ့ကွယ်။ မင်းတို့ မောင်မြသာ အကြောင်းကို မသိဘဲ သီချင်းသွားဖွင့်မိလျက်သားဖြစ်သွားတာကိုး"

"ဗျာ . . မောင်မြသာဟုတ်လား"

"အေးလေ . . မနေ့က မင်းတို့ထိုင်ခဲ့တဲ့အုတ်ခုံဖြူလေးက မောင်မြသာကိုမြှုပ်ထားတဲ့ ဂူသင်္ချိုင်းပဲကွယ့်။ သူက သူ့ သင်္ချိုင်းရှိတဲ့နေရာတစ်ဝိုက်မှာ သီချင်းဖွင့်တာ၊ ဆိုတာ၊ တီးတာ လုံးဝ မကြိုက်ဘူးလေ။ ပုံမှန်အားဖြင့်တော့ တော်ရုံခြောက်လှန့်လေ့ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ·· သီချင်းမကြိုက်တဲ့ ပရလောကသားလည်း ရှိသေးတယ်နော်အဘ။ ခြောက်တာကလည်း ကြမ်းသလားမမေးနဲ့။ သမီးတော့ လိပ်ပြာလွင့်သွားပြီလို့တောင် ကိုယ့်ကိုယ်ကိုယ် ထင်လိုက်မိတယ်"

ဘိုးပိုက်ဆံက ခေါင်းတညိတ်ညိတ်နှင့် ··

"အင်း ·· ခြောက်တာကြမ်းဆို သူ့ဘဝကလည်း ကြမ်းတာကိုး။ တကယ်တော့ သူက ဒီနယ်သား မဟုတ်ဘူးလေ။ သူသေသွားတော့ ဘယ်သင်္ချိုင်းကမှ သူ့ကိုလက်မခံဘူးကွယ့်"

"ဗျာ ·· ဘယ်သင်္ချိုင်းကမှ သူ့ကို လက်မခံဘူး ဟုတ်လားအဘ"

"ဟုတ်တယ် ··။ အဲဒါကြောင့် အဘကိုယ်တိုင် သူ့ကိုခေါ်ပြီး ဒီနေရာမှာ နေရာပေးပြီး မြှုပ်ထားတာ"

ဘိုးပိုက်ဆံစကားကြောင့် ပြည့်စုံနှင့် မြတ်ပွင့်ဖြူတို့ မောင်နှမနှစ်ယောက် စိတ်ဝင်စားသွားကြသည်။

ဘိုးပိုက်ဆံက ··

"ကဲ ·· ကဲ လူလေးတို့မောင်နှမနှစ်ယောက်လည်း နေကောင်းသွားကြပြီဆိုတော့ ခရီးဆက်ကြပေဦးပေါ့။ ဒီကနေ ကော့ကရိတ်သွားမယ့်ကားလမ်းကို အဘ ညွှန်ပြပေးလိုက်မယ်"

ပြည့်စုံက နာရီကို တစ်ချက်ကြည့်လိုက်ပြီး ··

"ဟို ·· အဘရယ် ·· အချိန်ရမယ်ဆိုရင် စောစောက အဘပြောတဲ့ မောင်မြသာအကြောင်းကို ပြောပြပါလား။ ကျွန်တော်တို့ စိတ်ဝင်စားသွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် အဘ ။ သူက ဘာလို့ သီချင်းမကြိုက်တာ လဲဟင်''

မြတ်ပွင့်ဖြူကပါ ဝင်မေးလိုက်သည်။

ပြည့်စုံတို့မောင်နှမနှစ်ယောက်၏အပြောကြောင့် ဘိုးပိုက်ဆံက နေရောင်ကို လှမ်းကြည့်လိုက်ပြီး ..

''အင်း .. ဒီကနေ ကော့ကရိတ်ကိုမောင်းရင် ၃ နာရီလောက် ပဲကြာမှာဆိုတော့ နေမီပါသေးတယ်။ လူလေးတို့က စိတ်ဝင်စားတယ်ဆိုတော့ဖြင့်လည်း အဘက ပြောပြရမှာပေါ့ကွယ်။ တကယ်တော့ မောင်မြသာဆိုတာ ၁၉၄၀ လောက်ကများဆိုရင် ဂီတနဲ့ တေးသီချင်းကို အင်မတန် ခုံမင်မြတ်နိုးသူပေါ့။ သူ့ရဲ့အလုပ်အကိုင်ကလည်း မြစ်ဝကျွန်းပေါ်တစ်ဝိုက်မှာရှိတဲ့ ပြင်စလူ၊ ဆိပ်ကြီး၊ သန်ကန်ကြီး၊ ဒါနိဆိပ်တစ်ဝိုက်လှေတစ်တန်၊ လှည်းတစ်တန်နဲ့ ရွာစဉ်လှည့်ပြီး ဇာတ်ထုပ်တွေ၊ တေးသီချင်းတွေကို ခတ်စက်ဖွင့်ပြစားတဲ့ လူတစ်ယောက်ပေါ့ကွယ် ..။ သူ့အဖြစ်က ..''

■



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

ပြင်စလူမြစ်အတိုင်း စုန်ဆင်းလာသော ပေါင်းမိုးပါသည့် သမ္ဗန်တစ်စင်းသည် ရိုးကြီးကုန်းရွာလေှဆိပ်သို့ ထိုးဆိုက်လိုက်သည်။ ထိုသမ္ဗန်ကြီးသည်ကား ရွာစဉ်တစ်လျှောက် ဓာတ်စက်လှည့်လည်ဖွင့်ပြသည့် မောင်မြသာ၏ သမ္ဗန်ပင်ဖြစ်လေသည်။ ယခုလည်း ရိုးကြီးကုန်းရွာရှိ ပိုက်သူကြီး ဦးဖိုးထော်၏ အလှူတွင် ဓာတ်စက်ဖွင့်ရန် ငှားထားသောကြောင့် ရောက်လာရခြင်းဖြစ်လသည်။

မောင်မြသာ၏ သမ္ဗန်ကို မှတ်မိနေကြသောရွာထဲမှ ကလေးများသည် ..

"ဝေး .. ဟေး .. ဟေး ကိုမြသာကြီး လာပြီဟေ့"

"ဟား .. ဟား .. ဓာတ်စက်နားထောင်ရတော့မယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ညနေကျရင် ထမင်းအစောကြီးစားပြီး အလှူအိမ်မှာ ဓာတ်စက်သွားနားထောင်မယ်ကွ"

ဟု တစ်ယောက်တစ်ပေါက်ပြောရင်း မောင်မြသာအနားသို့ ဝိုင်းအုံပြေးလာကြသည်။ မောင်မြသာက ထမ်းပိုးတစ်ဖက်တွင် ထန်းခေါက်ဖာကို လျှို၊ တစ်ဖက်တွင် ဓာတ်ပြားထည့်သည့်ချပ်ဘူးတွေနှင့် ပင်အပ်ဘူးကို လျှိုကာ ထမ်းထားပြီး အော်လံပါသော ဓာတ်စက်ကြီးကို လက်က ပွေ့ကာ လှေပေါ်သို့ ဆင်းလာသည်။

ကလေးများက လှေဆီသို့ ပြေးတက်လာကြရင်း ..

"ပေးပေး .. ဦးဦးမြသာ သမီးတို့ ကူသယ်ပေးမယ်"

"သားတို့ အော်လံကြီးပေးလေ ..၊ သား ဝိုင်းသယ်ပေးမှာပေါ့"

ဟု ပြောရင်း မောင်မြသာ လက်ထဲက အတင်းဆွဲယူကြ၏။ မောင်မြသာကတော့ ပြုံးရင်း ..

"ဟာ .. မလုပ်နဲ့။ ဒါတွေက လေးတယ် သားတို့ သမီးတို့ရဲ့။ ဦးဦးပဲ သယ်ပါ့မယ်"

တချို့ကလေးများကလည်း ပျော်လွန်းသဖြင့် လှေပေါ်သို့ ခုန်တက်ခုန်ဆင်းလုပ်ပြီး ကစားနေကြပြန်သည်။ သဘောကောင်းသော မောင်မြသာကတော့ ဘာမှမပြော။ ကလေးများ လုပ်သမျှ ပြုံးပြုံးနှင့်သာ ကြည့်ပြန်ပြီး သူ သယ်စရာရှိသည်များကို သယ်ကာ ကမ်းပေါ်တက်သွားသည်။ ကလေးများက နောက်မှ တစ်တန်းကြီး ပြေးလိုက်လာကြ၏။

ပွဲဝတ်သော ရွာများ၏ဓလေ့က ထိုအတိုင်းပင်။ သူတို့ဓလေ့ ပွဲလမ်းအလှူရှိကာမှ ဓာတ်စက်ကို နားထောင်ရင်း အပန်းဖြေကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ပုံမှန်အချိန်ဆိုလျှင်ကား ထမင်းတစ်လုတ်အတွက် လယ်ထဲမှာ ကျွဲနှင့် ဖက်ပြီး အလုပ်လုပ်ကြရရှာသည်။

ဓာတ်စက်နှင့်ပတ်သက်လျှင် ထိုနယ်တစ်ပိုက်တွင် မောင်မြသာက နာမည်အကြီးဆုံးဖြစ်သည်။ အလှူရှိသဖြင့် ဓာတ်စက်ငှား၍ မောင်မြသာ လာပြီဟေ့ဆိုလျှင် ကလေးများသာမက ရွာရှိကာလသားတို့က ပျော်ကြသည်။ ခုလည်း ကာလသားတစ်သိုက်က မောင်မြသာကို တွေ့သည်နှင့် တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့၏။

"ငါ ထင်သားပဲ။ ဦးထော်ရဲ့ အလှူလုပ်မယ်ဆိုကတည်းက ဓာတ်စက်ငှားရင် မောင်မြသာကို ခေါ်မှာပဲလို့။ အခုတော့ ငါထင်တဲ့အတိုင်း ဒက်ထိပဲဟေ့ . ."

"ဟာ . . ကိုရင်လွန်းမောင်ကလည်းဗျာ၊ ဒီရွာတစ်ကြောမှာ အလှူလုပ်လို့ ဓာတ်စက်ငှားရင် ဓာတ်ပြားစုံတဲ့သူက ခပ်ရှားရှား မဟုတ်လားဗျ။ ကိုမြသာပဲရှိတဲ့ဥစ္စာ"

"အေး . . ဒါတော့ ဟုတ်တယ်ကွ"

ကာလသားခေါင်း ထွန်းညိုက . .

"ဩော် . . မေ့တော့မလို့ မောင်မြသာရေ . . သူကြီးက မင်း ဒီကိုရောက်လာတာနဲ့ အလှူအိမ် မသွားသေးနဲ့တဲ့။ သူ့ဆီ အရင်ဝင်ခဲ့ပါဦးလို့ ငါ့ကို မနေ့က ပြောခိုင်းထားတယ်ကွ"

"ဩော် . . ဟုတ်ကဲ့ပါ ကိုရင်ထွန်းညို၊ ကျွန်တော် အခု သွားလိုက်ပါမယ်"

"သွားတာတော့ ဟုတ်တယ်မောင်ရေ . .၊ သူကြီးအကြိုက် ဓာတ်ပြားတွေရော ပါလာရဲ့လား။ တော်ကြာနေ မပါလာရင်



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး စိတ်ခုနေဦးမယ်''

ကာလသားခေါင်း ထွန်းညို၏အပြောကြောင့် မောင်မြသာက ပြုံးရင်း ခါတ်ပြားထည့်သည့် ချပ်ဘူးကို အသာပုတ်ပြကာ ..

''ပါ ပါသကောဗျာ။ ခု မြို့မှာခေတ်စားနေတဲ့ 'ရွှေကျီးညိုလာရင် ဒေါ်သနဲ့ အပြစ်တင်'ဆိုတဲ့ ရွှေကျီးညိုခါတ်ပြားအသစ်စက်စက်ပါ ယူခဲ့ပါသဗျာ''

''ဟား .. ဟား .. ဟား ကောင်းတယ်ဟေ့၊ ကောင်းတယ်။ သူကြီးအကြိုက်လေးတွေပေါ့။ တို့တော့ ဆင်ဖြူတော်မိုပြီး ကြီးစုပ်ရသေးတာပေါ့ကွာ''

တခြား ကာလသားတစ်ယောက်က ရယ်ကျဲကျဲမျက်နှာဖြင့် ဝင်ပြီး ..

''ကိုမြသာရေ .. သူကြီး အကြိုက်ချည်းပဲ အလိုက်သိမနေနဲ့၊ သူကြီးရဲ့သမီး ခင်မှုံအကြိုက်ပါ သိရဦးမယ်ဗျို့''

ဟု နောက်ပြောင်လိုက်ရာ မောင်မြသာတစ်ယောက် မျက်နှာဘယ်နားထားရမှန်း မသိအောင် ရှက်သွား၏။

''ဟာ ကိုရင်တို့ကလည်းဗျာ''

ဟု ကန်ပြောလေးပြောရင်း ငိုက်စိုက်ငိုက်စိုက်ဖြင့် သူကြီးအိမ်ရှိရာ ရွာလမ်းအတိုင်း ထွက်သွားတော့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



''တော် ‥ ကိုမြသာကြီးပါလား၊ စိုက်စိုက်စိုက်စိုက်နဲ့ ဘယ်များ သွားမလို့တုန်း ‥။ ကျွန်မတို့အိမ်ကိုတောင် ငဲ့စောင်းလို့ မကြည့်တော့ပါလား''

နောက်နားဆီမှ ကြားလိုက်ရသည့်အသံကြောင့် မောင်မြသာ လှည့်ကြည့်လိုက်ရာ ဝါးခတ်စည်းရိုးကာထားသော ခြံဝိုင်းအတွင်းမှ လာသည့်အသံဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ပြောလိုက်သည့်သူက တော့ အသက် ၂၅ နှစ်အရွယ် မယ်သီဆိုသည့် မိန်းမပျိုလေးပင်။

မယ်သီက နဖူးမောက်မောက်၊ ကိုယ်လုံးကိုယ်ပေါက် ခပ်ပြည့်ပြည့်နှင့် သူမ၏ ခြေဆန်လက်ဆန်တွေကလည်း အတန်ငယ်ကြီးလေသည်။ မယ်သီက ထိုခေတ်အခါက ခေတ်စားသည့် သရက်ထည်လုံချည်ကို ခပ်တိုတိုဝတ်ထား၏။

''ဩော် ‥ မယ်သီပါလား''



www.burmeseclassic.com

www.burmeseclassic.com



မောင်မြသာထံမှ ပြန်လည်နှုတ်ဆက်စကားကြောင့် မယ်သီ မျက်နှာပြုံးရွှင်သွားပြီး ..

"တော်သေးတာပေါ့ .. ကိုမြသာ။ ကျွန်မနာမည်ကို မှတ်မိ သေးသကိုး။ ကျွန်မက မေ့များမေ့သွားပြီလားလို့။ ကိုင်း .. လာစမ်းပါဦး။ လောလောလောလော မလုပ်စမ်းပါနဲ့၊ အိမ်မှာ ဖင်နွေးအောင်များ တစ်အောင့်တစ်ခဏ ထိုင်သွား ပါဦး တော်ရယ်"

မောင်မြသာတစ်ယောက် ငြင်းဖို့စဉ်းစားလိုက်ပြီးမှ မယ်သီ၏ တရင်းတနှီးအပြောကြောင့် အားနာသွားကာ ခြံဝိုင်းထဲသို့ လှမ်းဝင် လိုက်သည်။ အိမ်ရှေ့တံစက်မြိတ်အစွန်းတွင် ညှပ်သည်ဆောင်သည် လာသည့်အခါ ညှိခံသည့် ကွပ်ပျစ်တစ်ခုကို တွေ့ရ၏။ ထိုကွပ်ပျစ် ပေါ်တွင် အကြမ်းခရားတည်ထားသည့် ကြေးလင်ပန်းရှိသည်။

မောင်မြသာက သူလွယ်ပိုးထားသည့် ထမ်းပိုးနှစ်ဖက်က အထုပ်များကို ကွပ်ပျစ်ပေါ်တင်လိုက်ပြီး လက်ထဲတွင်ပိုက်ထားသော အော်လံကြီးကိုပါ ဘေးတွင် ချထားလိုက်ရင်း ..

"မမေ့ပါဘူး မယ်သီရယ် .. ကိုယ့်နှမများ မေ့စရာလူတွေမှ မဟုတ်တာ။ ကျွန်တော့်အလုပ်က ရွာစဉ်လှည့်ပြီး သွားနေရ တာဆိုတော့ တစ်ခါတစ်ခါအရောက်ကျဲသွားတာပဲ ရှိပါတယ်"

"ကျေးဇူးပါတော် ..။ အဲဒီလို အပြောကောင်းတာနဲ့ပဲ ဒီက ကိုမြသာကို ခင်နေရတာ။ ကဲ .. ရော့ .. အခါးရည်တစ်ခွက် သောက်နှင့်ဦး။ ကျွန်မ .. ရှင့်အတွက် ငါးရံ့ခြောက်ဖုတ်လေး ကို ဆီသွားစိမ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မယ်သီက ပြောပြောဆိုဆိုနှင့် အခါးရည်အိုးထဲမှ ရေနွေး တစ်ခွက် ငှဲ့ထည့်ပေးပြီး အိမ်ထဲသို့ သုတ်ခနဲ ပြေးဝင်သွားသည်။

မောင်မြသာလည်း ရေနွေးခွက်ကိုယူပြီး ကျိုက်ခနဲ ကုန်အောင် သောက်ချလိုက်ရင်း မယ်သီ့အကြောင်း စဉ်းစားနေမိသည်။

မယ်သီက မိခင်ဖြစ်သူ ဒေါ်ဖွားသင်နှင့် နှစ်ယောက်တည်း အတူနေကြသည်။ သို့သော် မယ်သီတို့က ရိုးရိုးကုန်းဇာတိ မဟုတ်ကြ။ သူတို့ပြော၍ ကြက်ရွာတောက ပြောင်းလာကြသည်ဟုသာ သိထားသည်။ ထို့ထက်ပိုပြီး ဘာမှမသိ။ မယ်သီ၏ဖခင်က မည်သူမည်ဝါဆိုသည့်အကြောင်းပင် ရေရေရာရာ မရှိလှ။ ဒေါ်ဖွားသင်ကို မေးသည့်အခါတွင်လည်း မကြိုက်သလို အရိပ်အယောင်ဖြင့် အငေါ်တူးပြီး ပြန်ပြောတတ်သောကြောင့် သူကြီးကိုယ်တိုင်ပင် ဇာဃနဇာ မမေးရဲ။

ဒေါ်ဖွားသင်က ငါးဒိုင်က ငါးကို ယူကာ ရွာရိုးလျှောက်လည် ရောင်းပြီး သမီးဖြစ်သူ မယ်သီ့ကိုတော့ ဘာမှမခိုင်းဘဲ ဖူးဖူးမှုတ်ထားသည်။ သို့သော် မယ်သီက အလုပ်လုပ်ချင်သည်ဟု မရမက ပူဆာမှ အိမ်မှာပင် ငါးပိ၊ ငံပြာရည်တို့ကို ရာဝင်အိုးကြီးများဖြင့် သိုလှောင်ပြီး ဖောက်သည်ပေးရောင်းချခိုင်း၏။

အဲဒါကြောင့် မယ်သီခမျာ ပျင်းပျင်းနှင့် ညှိုသည်မျှော်နေတာ ထင်ပါရဲ့ဟု မောင်မြသာက တွေးနေမိ၏။

ထိုစဉ် မယ်သီက ငါးရံ့ခြောက်ဖုတ်ဆီဆမ်း ပန်းကန်လေးကိုင်ကာ ပြန်ရောက်လာသည်။

"ကဲ .. ရော့ စားပါဦး။ ဒါ မယ်သီကိုယ်တိုင် နေလှန်းပြီး အခြောက်ခံထားတဲ့ ငါးရံ့ခြောက် ဆားပေါ့လေး .."



www.burmeseclassic.com

www.burmeseclassic.com



မယ်သီအပြောကြောင့် မောင်မြသာက ပြုံးပြလိုက်ရင်း ‥

"ဒီလောက် အညွန့်ကောင်းနေမှတော့ စားရတာပေါ့ မယ်သီ ရာ"

ဟု ပြောရင်း ငါးရံ့ခြောက်တစ်ဖတ်ကို ပါးစပ်ထဲထည့်လိုက်၏။

"ဩော် ‥ ဒါနဲ့ မယ်သီအမေ အရီးဖွားသင်ရော ဈေးရောင်း ပြန်မလာသေးဘူးလား"

"ဟုတ်တယ်တော် ‥ အမေ ဒီနေ့ နောက်ကျနေတာ။ နို့မို့ ဆို ဆွမ်းခံပြန်ချိန် မတိုင်ခင်ကတည်းက ရောက်နှင့်ပြီ။ ကဲ ‥ စားပါဦးတော့ ‥ ရေနွေးလည်း သောက်"

ဟု မောင်မြသာကိုပါ ဆက်ပြောလိုက်ရင်း ငါးရံ့ခြောက် ပန်းကန်နှုတ်ခမ်းဆီ ဝိုင်းအုံနေသော ယင်ကောင်များကို လက်ဖြင့် မွှေ့ယမ်း ခါထုတ်လိုက်၏။ မောင်မြသာကြည့်နေသည်ကို သတိထား မိသွားတာကြောင့် မယ်သီက ‥

"ဟို ‥ အဟင်း ‥ အိမ်မှာက ငါးပိအိုး၊ ငံပြာရည်အိုးတွေ ရှိတော့ ယင်ကောင်နည်းနည်းတော့ ပေါတယ်"

ဟု အားတုံ့အားနာလေသံဖြင့် ပြောလိုက်သည်။

ထိုစဉ် မယ်သီ၏အမေ ဒေါ်ဖွားသင်က ဈေးပန်းခေါင်းပေါ်ရွက် ကာ ပြန်ရောက်လာ၏။

"ဟော ‥ ဟိုမှာ အမေတောင် ပြန်လာပြီ"

မယ်သီအသံကြောင့် မောင်မြသာက ကြည့်လိုက်မိသည်။ ဒေါ်ဖွားသင်က ပြောင်းဖူးဖက်လိပ် မီးညှိလက်စကို ပါးစပ်တွင် ကိုက် ကာ ဈေးပန်းထဲမှ သွေးသံရဲရဲနှင့် ငါးခုတ်သည့်ဓားမကို မဆေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင့်သရက်ပင်စည်တွင် 'ဒုတ်'ခနဲ ထစ်ထားလိုက်၏။

ထိုမြင်ကွင်းကိုကြည့်ရင်း မောင်မြသာစိတ်ထဲ မနှစ်မြို့သလို ကြီး ဖြစ်သွားမိသည်။

"ဟဲ့ . . မယ်သီ . . ဘယ်က ဧည့်သည်တုန်းအေ"

"ဟို . . အမေ . . ဓာတ်စက်ငှားတဲ့ကိုမြသာလေ အမေရဲ့"

"ဩော် . . ဟော်၊ ငထော်တို့အလှူ လာတယ်ထင်ပ့ါ"

ဟု ပြောရင်း သရက်ပင်မြစ်ပေါ်မှာ ငုတ်တုတ်ထိုင်ချလိုက်ပြီး ဖက်လိပ်ကို ဖွာရှိုက်လိုက်၏။

"ဟုတ်ပါတယ် အရီးလေး . .။ အခုတော့ ဘကြီးဖိုးထော်တို့ အလှူအိမ်ကိုတောင် မသွားရသေးပါဘူး။ သူကြီးခေါ်တယ် ဆိုလို့ အရင်သွားရဦးမယ်။ ကဲ . . မယ်သီရေ . . ကျွန်တော် လည်း ဒီမှာထိုင်နေတာ ကြာပြီဆိုတော့ သွားလိုက်ဦးမယ်"

"အို . . ကိုရင်မြသာကလည်း . . ငါးရံ့ခြောက်ဖုတ်လေးတောင် ကုန်အောင်စားမသွားတော့ဘူးလားတော်"

"မစားတော့ပါဘူး မယ်သီရယ် . .။ တော်ကြာ သူကြီးအိမ် အဝင်နောက်ကျနေလို့ စိတ်ဆိုးနေပါဦးမယ်။ ဒါနဲ့ မယ်သီပါ ကျွန်တော်နဲ့အတူ သူကြီးအိမ်ကို လိုက်ခဲ့ပါလား"

"ဟို . . ဟို"

မယ်သီက အိုးတိုးအမ်းတမ်းဖြင့် အမေဖြစ်သူထိုင်နေရာဆီ သို့ ကြည့်လိုက်၏။ ဒေါ်ဖွားသင်က မျက်နှာကို ရှစ်ခေါက်ချိုး မဲ့ရွဲ့ လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ‥ မလိုက်ရပေါင်တော် ‥။ ဈေးပန်းထဲမှာ ပြန်ပါလာတဲ့ ငါးဖျင်းတွေကို ရေဆေးပြီး ငါးပိသိပ်ရဦးမယ်။ တို့က သူများတွေလိုမျိုး မျက်နှာကြီးလည်း မဆာအားဘူး။ ခေါ်တာကိုတော့ ကျေးဇူးများတင်ပါရဲ့။ ကဲ ‥ သွား ‥ သွား မောင်ရင် မင်းလည်း နောက်ကျနေရော့မယ်"

ဒေါ်ဖွားသင်က ဂုဏ်သိက္ခာရှိတဲ့ မျက်နှာကြီးတွေကို မဖားအားသည့်အကြောင်း ပြောရင်း မောင်မြသာကို အလိမ္မာနှင့် နှင်လွှတ်လေတော့သည်။

မယ်သီက မျက်နှာပူပူနှင့်ပင် အမေကို ကြောက်ရသဖြင့် ဘာမှ ဝင်မပြောရဲဘဲ ငြိမ်နေ၏။

မောင်မြသာလည်း ယူစရာရှိတာကို ယူငင်ထမ်းပိုးပြီး မယ်သီတို့ ခြံဝိုင်းထဲမှ ခပ်သုတ်သုတ်ပြန်ထွက်လာခဲ့တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"ဟယ် ‥ ကိုရင်မြသာ ရောက်လာပြီကိုး"

မောင်မြသာက သူကြီးခြံဝိုင်းထဲ ဝင်လှျင်ဝင်ချင်းမှာပင် ခင်မှုံ၏ အသံစူးစူးလေးက ကြည်နူးဖွယ် ပေါ်လာ၏။ ခင်မှုံက မောင်မြသာဆီ ပြေးလာပြီး ‥

"ပေး ‥ ပေး ခင်မှုံ ကူသယ်ပေးမယ်လေ"

ဟု ပြောလည်းပြောရင်း မောင်မြသာလက်ထဲမှ ပစ္စည်းတချို့ကို ဆွဲယူသည်။

"နေ ‥ နေ ခင်မှုံ ‥ ရတယ် ‥ ရတယ်"

မောင်မြသာက ဟိုဒီမျက်လုံးဝေ့ကြည့်ရင်း ပြောလိုက်၏။ ခင်မှုံက ‥



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ‥ အဖေ မြင်မှာစိုးလို့လားတော့်။ စိတ်ပူမနေနဲ့။ အဖေ အခု အိမ်မှာမရှိဘူး"

"ဟင် ‥ ဟုတ်လား ‥ သူကြီးက ဘယ်သွားတာလဲ ခင်မှုံ"

"ဟိုဘက်ဖီးတောကုန်းရွာက အဖေ့သူငယ်ချင်းသူကြီးက နွားပွဲ သွားဖို့ မနေ့ညကတည်းက လှည်းနဲ့ လာခေါ်သွားတယ် လေ။ ဒီမနက် အရုဏ်မတက်ခင် ပြန်လာမယ်လို့ ပြောသွား တာ ဘာလို့ နောက်ကျနေလဲ မသိပေါင်တော်"

"ဟင် ‥ ဒါဆို သူကြီးမရှိဘဲ ကျုပ် ဒီမှာ နေလို့ကောင်းပါ့ မလား။ တော်ကြာ"

"အို ‥ ကိုရင်မြသာကလည်း ‥ ဘာမကောင်းစရာရှိသတုန်း တော် ‥ အိမ်ရှေ့ဩောင်စောင်းမှာ ထိုင်နေကြတာပဲ ဥစ္စာ"

"မဟုတ်ပါဘူး။ ကျုပ်ကြောင့် ခင်မှုံ သိက္ခာကျမှာစိုးရိမ်လို့ပါ"

ခင်မှုံက ပိုရန်ကောဆိုသည့်အကြည့်ဖြင့် ချစ်စနိုး မျက်စောင်း ထိုးလိုက်ရင်း ‥

"ကဲပါတော် ‥ အေးအေးဆေးဆေးထိုင်ဦး။ ကိုရင်မြသာ သောက်ဖို့ ခင်မှုံ အကြမ်းအိုး သွားယူလိုက်ဦးမယ်"

"နေနေ ခင်မှုံ။ တော်ပြီ။ ကျုပ် ခုလေးတင် မယ်သီတို့အိမ် ဝင်လည်ရင်းနဲ့ အခါးရည်သောက်ခဲ့ပြီးပြီ"

"ဟင် ‥ ဘယ်လို ‥ ကိုရင်မြသာက မယ်သီတို့အိမ်ကို ဝင်လည်တယ် ဟုတ်လား"

ဟု ခင်မှုံက အလန့်တကြားဖြင့် သူမ ရင်ဘတ်ကို လက်နှင့် ဖိရင်း မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . မဟုတ်ဘူး . . မဟုတ်ဘူး ခင်မှူး။ သူက အတင်းခေါ် နေတာနဲ့ ကျုပ်လည်း မျက်နှာနာပြီး . . ဟို"

မောင်မြသာက ခင်မှူ စိတ်ဆိုးမည်ကို စိုးသဖြင့် ကမန်းကတန်း တောင်းပန်လိုက်၏။

"မယ်သီတို့အိမ် မသွားပါနဲ့လို့ ကျုပ်ပြောထားရဲ့သားနဲ့ ကိုရင်ကလည်း"

"စိတ်မဆိုးပါနဲ့ ခင်မှူးရယ် . . ကျုပ်ရဲ့ မေတ္တာက ဟောဒီက ခင်မှူးတစ်ယောက်တည်းအပေါ်မှာပဲ အားလုံးပုံထားပြီးသားပါ။ ကျုပ်ကို မယ်သီနဲ့ အထင်မလွဲပါနဲ့နော်"

"အဲဒါကို ခင်မှူ ယုံပါတယ် ကိုရင်မြသာရယ်။ အခု ခင်မှူ စိုးရိမ်နေတာ တခြားကိစ္စတော့။ ဟို . . ဟို . . ဘယ်လိုပြောရမလဲ။ အဲ . . အဲဒီ မယ်သီတို့သားအမိက စုန်းလိုလို ကဝေလိုလိုပဲတဲ့တော့။ တော်ကြာ . . ကိုရင်မြသာကို ဒုက္ခပေးမှာ စိုးလို့ပါ"

"ဟင် . . ဘယ်လို . . ဘယ်လို ခင်မှူ"

"ဟုတ်တယ် ကိုရင်မြသာရဲ့ . . ရွာထဲက လူတိုင်း ပြောနေကြတာ။ သူတို့သားအမိနှစ်ယောက်စလုံးက အောက်လမ်းပညာသည်တွေတဲ့"

"ရွာကလူတွေကရော ဘယ်လိုသိတာလဲ ခင်မှူးရဲ့။ စောစောက ကျုပ်တွေ့ခဲ့တာတော့ မယ်သီတို့က ရိုးရိုးလူတွေပါပဲ။ အဲ . . ဒါပေမဲ့ သူ့အမေကတော့ တစ်မျိုးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်မြသာက ပြောနေရင်းနှင့် စောစောက မယ်သီ၏အမေ ဒေါ်ဖွားသင်ကြီးကို မျက်လုံးထဲ ပြန်မြင်ယောင်လာမိသည်။ ဆံပင်စုတ်ဖွားနှင့် ပြောင်းဖူးဖက်လိပ်ကြီးကို သရက်ပင်ခြေရင်းတွင် ငုတ်တုတ်ထိုင် ဖွာနေပုံကြီးကတော့ ကျက်သရေယုတ်လွန်းသည်ဟု သူ့စိတ်ထဲ ထင်မိ၏။

"အဲဒါပြောတာပေါ့ ကိုရင်ရဲ့။ တချို့ပြောတာတော့ သူတို့အိမ်မှာ သရဲတောင် မွေးထားတယ်ဆိုလားတော်။ သူများကို တိုက်တဲ့ခိုက်တဲ့နေရာမှာလည်း မယ်သီ့အမေကြီးက တအားစွမ်းတာပဲတဲ့။ ဟိုတစ်လောက ဆုံးသွားရှာတဲ့ သာဂိအဖြစ်ကိုပဲ ကြည့်လေ"

"ဟင် ‥ သာဂိက ဘာဖြစ်လို့လဲ"

"သာဂိက မယ်သီ့ကို ကြိုက်လိုက်တာမှ တစ်ပိုင်းကို သေလို့။ သာဂိနဲ့ ခင်မှုံတို့က ဆွေမျိုးနည်းနည်းပါးပါးတော်တော့ အဘနဲ့ အမေတို့က သူ့ကို ဖျောင်းဖျပါသေးတယ်။ မယ်သီတို့ဆိုတာ ဘယ်ရွာဇာတိမှန်းမသိ၊ ဘယ်ကလာမှန်းလည်း မသိနဲ့ ‥ နင်မို့ သွားကြိုက်တယ် သာဂိရယ်လို့တောင် ပြောမိသေးတယ်"

တောနေ လူတန်းစားတွေက ဘယ်ဇာတိလဲ၊ ဘယ်မျိုးရိုးလဲ ဆိုသည်ကို အလေးထား ဦးစားပေးလွန်းသည်။ သူတို့က ဆွေမျိုးထဲက မင်္ဂလာဆောင်မည်ဆိုလျှင်တောင် လယ်ပိုင်ယာပိုင်ဖြစ်ဖို့ကို အသာထားပြီး 'ဘယ်ဇာတိလဲ ဘယ်မျိုးရိုးလဲ'ဟု မေးတတ်ကြသည်က ထုံးစံတစ်ခုပင်။

www.burmeseclassic.com

www.burmeseclassic.com



မယ်သီတို့လို ဘယ်ကလာမှန်း နေရပ်အတိအကျတောင် မပြောနိုင်သူတွေအဖို့ အနှိမ်ခံရတာကလည်း မဆန်းလှချေ။

ပိုဆိုးသည်က ရှိုးကြီးကုန်းတစ်ရွာလုံးကို လှည့်ပတ်စပ်လျှင် မယ်သီတို့အိမ်အပါအဝင် သုံးလေးအိမ်ခန့်ကသာ အမျိုးမဟုတ်ကြဘဲ ကျန်အိမ်များအားလုံးက ဆွေမျိုးတော်စပ်ကြ၏။

ခင်မှုံက ..

"ဒါပေမဲ့တော် .. ကိုရင်မြသာလည်း သိတဲ့အတိုင်းပဲ။ အချစ်ဆိပ်မွှန်လာရင် ဘာတစ်ခုမှ မမြင်တော့ဘူးမဟုတ်လား။ နေဝင်ပြီဆိုရင် ပလွေတစ်ချောင်းခါးထိုးပြီး မယ်သီ့အိမ်ရှေ့ လှည့်လုံးပြုရတာမှ အမော။ အဲဒီလိုနဲ့ တစ်ရက်ကျတော့ .."

■



www.burmeseclassic.com

www.burmeseclassic.com





ရိုးကြီးကုန်းရွာလမ်းမတစ်လျှောက် သာဂိ၏ ပလွေသံက တဖြည်းဖြည်းချင်း လွင့်ပျံ့လာနေသည်။ သို့သော် မယ်သီတို့ အိမ်ရှေ့နားအရောက်တွင်တော့ သာဂိ၏ ပလွေသံက ထပ်ကျော့ပြီး ကြားရ၏။ သာဂိစိတ်ထဲတွင်ကား မယ်သီများ သူ့ပလွေသံကြားလျှင် ပြတင်းတံခါးနားမှ ချောင်းပြီး နားထောင်နေမလားဟု စိတ်ကူးယဉ်ကာ ပလွေလေးကို မနားတမ်း မှုတ်နေမိသည်။

သို့သော် သူထင်သလို မဟုတ်။ အိမ်ပေါ်မှ ရေနံဆီမီးခွက်ကြီးကိုင်ကာ ဆင်းလာသူက မယ်သီ၏ အမေဖြစ်သူ ဒေါ်ဖွားသင်ပင်။ ဒေါ်ဖွားသင်က ကောက်ကွေးလိမ်တွန့်နေသည့် သူမဆံပင်ကြမ်းကြမ်းကြီးများကို ကျောပေါ်တွင် ဖြန့်ချထား၏။ မဖြီးမသင်တာ ကြာပြီမို့ ဆံပင်တွေကလည်း ပွရှုပ်နေသည်။ လုံချည်ဟောင်းတစ်ထည်ကို ရင်လျားထားပြီး လက်ထဲတွင် ရေနံဆီမီးခွက်ကို ကိုင်ထား၏။

"ဟဲ့ . . ကောင်လေး . . ညကြီးအချိန်မတော် ဘာလို့ သူများအိမ်ရှေ့ ပလွေလာမှုတ်နေရတာလဲ။ ကျက်သရေယုတ်လိုက်တာ"

www.burmeseclassic.com



"ဟာ . . ကိုယ့်ဘာသာမှတ်တာ ဘာဖြစ်လဲဗျာ။ ဒါ ရွာက ပေတရာလမ်း။ အားလုံးပိုင်တယ်"

"ဟဲ့ . . မှတ်ချင်ရင် နင့်ဘာသာ တခြားသွားမှတ်လေ။ သူများ အိမ်မှာ သားပျိုသမီးပျိုရှိတယ်ဟဲ့။ နင် လူစကားနားမလည် ဘူးလား။ လူက မွေးတာမှ ဟုတ်ရဲ့လား"

"ဘာ . . ဒီမှာအဘွားကြီး . . ခင်ဗျား စကားပြောတာ ဆင်ခြင် ပြီးပြော။ သူများရွာမှာလည်း လာနေသေးတယ်။ ကျုပ်ဘကြီး သူကြီးက ခွင့်ပြုထားလို့ နေရတဲ့ လူတွေကများ ကြီးကြီး ကျယ်ကျယ်နဲ့။ ဒီမှာ ကျုပ်တို့ရွာကလူတွေသာ ခင်ဗျားတို့ သားအမိကို မစောင့်ရှောက်ထားရင် . ."

"အံ့မယ်လေး . . တော်စမ်းပါ . . ဒီမှာ ဟဲ့အကောင် . . ငါတို့ သားအမိက နင်တို့ကိုအားကိုးပြီး နေနေတာမဟုတ်ဘူး။ ငါ့ပညာကို ငါ အားကိုးပြီးနေတာဟဲ့"

ထိုစဉ် မယ်သီက ရောက်လာပြီး . .

"တော် . . တော်ပါတော့အမေရယ် . . လာပါ။ အိမ်ထဲ ပြန်ဝင် ရအောင်နော်။ ပတ်ဝန်းကျင်က ကြားလို့ မတော်ပါဘူး"

ဟုပြောရင်း အမေဖြစ်သူ၏ လက်ကို ဆွဲခေါ်လိုက်၏။

"ဟဲ့ . . အကောင် နင် ကြပ်ကြပ်သတိထားနေ။ ငါ့သမီးကို စောင်းလားချိတ်လား လာမလုပ်နဲ့။ ငါ့အကြောင်း သိသွား မယ် . . ဘာမှတ်နေလဲ"

"ကဲပါ . . အမေရယ် . . တော်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သာဂိက ဒေါ်ဖွားသင်၏ အပြောကို မကျေမနပ်ဖြစ်သွား ပြီး..

"ဘာအကြောင်းကို သိရမှာလဲ။ ခင်ဗျားလို အိုကြီးအိုမ မုဆိုးမ အဘွားကြီးတစ်ယောက်ကို ကျုပ်က ဘာဂရုစိုက်ရမှာလဲ။ ဟားဟား.. ရယ်တောင် ရယ်လိုက်ချင်သေးတယ်"

ဒေါ်ဖွားသင်တစ်ယောက် သမီးဖြစ်သူ ဆွဲခေါ်သွား၍သာ ပြန်လိုက်သွားရသည်။ စိတ်ထဲမှာတော့ တနုံ့နုံ့နှင့်။ ဖြစ်နိုင်မည်ဆိုလျှင် သာဂိကို ယခုပင် ဓားနှင့် ထခုတ်ချင်နေမလားပင် မသိ။ သာဂိ တစ်ယောက်ကတော့ ရင်ထဲတွင် ခိုးလိုးခုလုဖြစ်သွားပြီး အိမ်သို့သာ သုတ်ခြေတင်ပြီး ပြန်လာခဲ့လိုက်တော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



"တောက် !.. ငါ အဲဒီအဘွားကြီးကို လုံးဝ မကျေနပ်ဘူးကွာ"

သာဂိက ပြောပြီး မြူအိုးထဲမှ ထန်းရည်ကို တစ်ကျိုက် ထပ်မော့သောက်လိုက်ပြန်၏။ ညနေစောင်းကတည်းက ထိုင်သောက်နေသည်မို့ လူကလည်း အတော်ပင် မူးနေလေပြီ။ ကာလသား ညိုကြီးက လယ်ကြွက်ကြော်တစ်ဖတ်ကို ကောက်ဝါးလိုက်ပြီး ..

"စိတ်လျှော့စမ်းပါ သာဂိရာ ..။ မင်းက သူ့သမီး သွားကြိုက်ထားပြီဆိုမှတော့ သူ့အမေကို သည်းခံရမှာပေါ့။ နောက်ဆိုရင် မယ်သီနဲ့ပတ်သက်ပြီး သူ့ကို 'အမေ'လို့တောင် ခေါ်ရဦးမှာ။ ဟား .. ဟား .. ဟား"

"ထွီ .. တော်စမ်းပါကွာ။ ငါသာ မယ်သီလေးနဲ့ ညားလို့ကတော့ အဲဒီအဘွားကြီးကို အိမ်ပေါ်က နှင်ချပစ်မယ်။ အေ့ .."

"အေး .. ဟုတ်တယ်။ သာဂိအမြင်ကတ်မယ်ဆိုလည်း ကပ်စရာပဲကွ။ ဒီအဘွားကြီးက ရွာကလူတွေဆိုရင် မတူ့သူ့ မတန်သလိုနဲ့။ စကားပြောတော့လည်း အပေါက်က ဆိုးသေး။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ရေမျောကမ်းတင်တွေမို့လို့ပဲ။ ဒွေကြီးမျိုးကြီးထဲက ဆိုရင်တော့ မလွယ်ကြောပဲဟော့"

တင်ရှိန်ကပါ မီးလောင်ရာလေပင့် ဝင်လုပ်လိုက်သည်။

ထိုစဉ် ထန်းတောအစပ် ရွာလမ်းလေးအတိုင်း မယ်သီက ရေအိုးလေးကို ရွက်ကာ ဖြတ်လျှောက်သွားသည်ကို တွေ့လိုက်ရ၏။

"ဟာ . . သာဂိ . . ဟိုမှာ . . ဟိုမှာ မယ်သီ မဟုတ်လား"

ညိုကြီး လက်ညှိုးညွှန်ရာသို့ သာဂိက ရီဝေဝေမျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်သည်။

"ဟာ . . ဟုတ်တယ်။ မယ်သီလေးပါလား။ မင်းတို့ ခဏနေကြဦးကွာ"

သာဂိက ပြောပြောဆိုဆိုနှင့် မတ်တတ်ထရပ်လိုက်သည်။ ထန်းရည်သောက်ထားသည့်အရှိန်ကြောင့် လူက ဒယိမ်းဒယိုင်ဖြစ်သွား၏။ သို့သော် ဟန်ချက်ကို ထိန်းပြီး ဖိနပ်ပင် မစီးတော့ဘဲ ထန်းရည်ဝိုင်းထဲမှ ထွက်သွားတော့သည်။

"မယ်သီ . . မယ်သီ . . မယ်သီလေး"

နောက်မှ တကြော်ကြော်အော်ခေါ်ရင်း ပြေးလိုက်လာသံကြောင့် မယ်သီက လှည့်ကြည့်လိုက်သည်။

"ဘာလဲ . . ကိုသာဂိ"

"ဟို . . ဟို မယ်သီ့ကို ပြောစရာရှိလို့ပါ"

"ပြောစရာရှိရင် မြန်မြန်ပြော ကိုသာဂိ။ ကျွန်မ အိမ်ပြန်နောက်ကျရင် အမေ မာန်လိမ့်မယ်"

ဟု မယ်သီက သာဂိဆီက ထန်းရည်နံ့ကြောင့် မသိမသာ



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းရှုံ့ရင်း ပြောလိုက်သည်။

"ကျုပ် ‥ ကျုပ် မယ်သီ့ကို လူပျိုစကား ပြောထားတယ်လေ။ အဲဒါ ကျုပ်ကို အခုပဲ အဖြေပြန်ပေးတော့"

"အို ‥ ရှင့်ကို ကျွန်မ မချစ်နိုင်ဘူးလို့ ပြောထားပြီးသားပဲ။ ဖယ်စမ်းပါတော်။ ကျွန်မလမ်း ကျွန်မ သွားပါရစေ"

"မရဘူး ‥ မယ်သီ ‥ မရဘူး။ မယ်သီ ကျုပ်ကို ပြန်ချစ်ရမယ်။ မချစ်ဘူးဆိုရင် ဒီနေရာက မဖယ်ပေးဘူး"

သာဂိက ပြောလည်းပြောရင်း မယ်သီ့ရှေ့တွင် လက်ကြီးကားကာ ရပ်နေလိုက်၏။ မယ်သီခမျာ ရှက်လွန်းသဖြင့် မျက်နှာနီရဲလာသည်။

"ဖယ်စမ်းပါတော်"

သာဂိက ပြောမရသည့်အပြင် မူးမူးနှင့် မယ်သီ၏ လက်ကိုပါ ဖမ်းဆွဲလိုက်၏။

"ဟင် ‥ ကိုသာဂိ ‥ ရှင်ဘာလုပ်တာလဲ ‥ ခုလွှတ်"

"မလွှတ်ဘူး မယ်သီ ‥ ကျုပ်ကို ချစ်တယ်လို့မပြောမချင်း မလွှတ်ဘူး"

မယ်သီက ရုန်း၊ သာဂိက ဆွဲနှင့် နောက်ဆုံး ရုန်းရင်းဆန်ခတ် ဖြစ်ကာ မယ်သီ့ခေါင်းပေါ်တွင်ရွက်ထားသည့် ရေအိုးက ငွမ်းခနဲ ပြုတ်ကျ ကွဲသွားတော့၏။

"ဟာ ‥"

"တောက် ‥"

မယ်သီက စိတ်ဆိုးလွန်းသဖြင့် ခေါင်းပေါင်းတဘက်ကို ဆွဲဖြေ ချလိုက်ရင်း 'တောက်'တစ်ချက် အကျယ်ကြီးခေါက်လိုက်ရာ မိုးကလေး

www.burmeseclassic.com



တစ်ယောက်၏ တောက်ခေါက်သံထက် အဆပေါင်းများစွာ ပိုကျယ်လောင်ပြီး မာန်ပါလွန်းသဖြင့် သာဂိတစ်ယောက် အမူးပြေမတတ် အံ့ဩသွားသည်။

လန့်ဖျပ်ပြီး မယ်သီကိုကြည့်လိုက်ရာ ညနေ နေဝင်ရီတရော အချိန်တွင် ဆံပင်ဖားလျားကြီးနှင့် သူ့ကို စူးစူးဝါးဝါးစိုက်ကြည့်နေသည့် မျက်လုံးအစုံကို တွေ့လိုက်ရ၏။ သာဂိကျောထဲ အေးစက်တောင့်တင်းသွားသည်။

အမူးပြေသွားပြီမို့ သိစိတ်ပြန်ဝင်လာသော သာဂိက သူ့ခြေထောက်ရှေ့က ရေအိုးအပိုင်းအစအကွဲများကို ကြည့်ပြီး ..

"ဟို .. ဟို ကျုပ်တောင်းပန်ပါတယ် မယ်သီရယ်။ ရေအိုးက ကွဲသွားပြီဆိုတော့ ကျုပ် အသစ်တစ်လုံး ပြန်အစားပေးပါ့မယ် .. နော်"

ဟုပြောရင်း ရှေ့က ရေတင်နေသေးသော ရေအိုးခြမ်းပဲ့ဆီသို့ အမှတ်မထင် ငုံ့ကြည့်လိုက်မိရာ ..

"ဟင် .."

ရေအိုးပဲ့ထဲက ရေတွင် အရိပ်ထင်နေသည်က မယ်သီ့ပုံရိပ် မဟုတ်ဘဲ ဒေါ်ဖွားသင်၏ မျက်နှာကြီးဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

"ဟာ .."

သာဂိက အလန့်တကြား ပြန်မော့ကြည့်လိုက်သည်။ သို့သော် သူ့ရှေ့တွင် ရှိနေသည်ကတော့ မယ်သီပင်။ ထို့နောက် သာဂိလည်း မယ်သီ့ကို အကြိမ်ကြိမ်တောင်းပန်ပြီး ဒွိဟအတွေးများနှင့် အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ပြန်ချလာလိုက်၏။

အိမ်သို့ရောက်သောအခါ သာဂိက အမေဖြစ်သူကို ချက်ချင်းပဲ ပြောလိုက်၏။

"အမေရေ ‥ ကျုပ်တော့ ဂါမပညတ်ကို ချိုးဖောက်မိပြီဗျ"

မိန်းကလေးတစ်ဦးတစ်ယောက်အား ကိုယ်ထိလက်ရောက် ဆွဲလားရမ်းလား လုပ်မိသည်ကို ဂါမပညတ်ချိုးဖောက်သည်ဟု ပြော လေ့ရှိသည်။ သာဂိလည်း မယ်သီနှင့် ဖြစ်ခဲ့သမျှ အကြောင်းစုံကို မိခင်ဖြစ်သူသို့ ပြောပြလိုက်၏။

"အဲဒါပါပဲ အမေရယ်။ အခုချက်ချင်းပဲ မယ်သီတို့အိမ်ကို သွားပြီး ထုံးစံရှိတဲ့အတိုင်း တောင်းပန်ပေးပါဦး အမေရယ်"

သို့နှင့် မိခင်ဖြစ်သူက ဆွမ်းမျိုးအနည်းငယ်ခေါ်ကာ ဆန် တစ်ပြည် ငွေတစ်မတ်ထည့်ပြီး မယ်သီတို့အိမ်သို့ တောင်းပန်ရန် ထွက်လာခဲ့ကြတော့၏။

မယ်သီတို့အိမ်သို့ ရောက်သောအခါ ညနေ နေဝင်ရီတရော အချိန်ပင် ဖြစ်နေလေပြီ။

"မဖွားသင်ရယ် ‥ ကျုပ်သားရဲ့ အပြုအမူအတွက် ကျုပ် ဘက်က တောင်းပန်ပါတယ်။ အပြစ်များရှိရင်လည်း ကြေပါ အေးပါတော်"

"ဘာမှ လာတောင်းပန်မနေနဲ့။ သွားကြ။ ငါ့ခြံထဲက ထွက် သွားကြ"

ဒေါ်ဖွားသင်၏ တုံ့ပြန်စကားကြောင့် အားလုံးက ပါးစပ် အဟောင်းသားနှင့် ဘာပြောရမည်မှန်း မသိဘဲ ကြောင်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်လိုက်မာန်ပါ မပြောပါနဲ့ မဖွားသင်ရယ်။ ကျုပ် တကယ် ကြီးကို တောင်းပန်ပါရဲ့အေ။ ဟဲ့ ‥ သားလာစမ်း။ မင်း အရီးလေးကို ကျေနပ်အောင်ကန်တော့ပြီး တောင်းပန်ချေ"

သာဂိ၏မိခင်ဖြစ်သူက သာဂိ၏ လက်ကို လှမ်းဆွဲကာ ပြော လိုက်၏။

"ဟုတ် ‥ ဟုတ်ပါတယ် အရီးလေးရယ်။ ကျုပ် မှားသွားပါ တယ်။ ကျုပ်အမှားအတွက် ကန်တော့ပြီး တောင်းပန်ပါရစေ"

သာဂိက ထိုင်ကန်တော့ဖို့ ပြင်လိုက်စဉ် ဒေါ်ဖွားသင်က ‥

"မကန်တော့နဲ့ ‥ သွား ‥ နင်တို့အကုန်လုံး ငါ့ခြံထဲက ထွက် သွားကြ။ နင်တို့ကို မြင်ရတာ အော့နှလုံးနာလွန်းလို့"

ဒေါ်ဖွားသင်၏ မာထန်ထန်အပြောကြောင့် သာဂိစိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားပြီး ‥

"ဒီမှာ ဒေါ်ဖွားသင် ‥ ခင်ဗျား သိပ်မမိုက်ရိုင်းနဲ့။ ကျုပ်တို့က ကိုယ့်အမှားကိုယ်သိလို့ လူလိုသူလို လာတောင်းပန်နေတာ။ ခင်ဗျား လက်မခံရင်လည်း ပြန်ရုံပဲ။ ဘာမှ မဖြစ်ဘူး"

"ဟဲ့ ‥ ဟဲ့ ‥ သား ‥ သာဂိ လူကြီးကို အဲဒီလို မပြောရဘူး လေကွယ်"

"ဟုတ်သားပဲ သာဂိရယ် ‥ လာ ‥ လာ ပြန်ရအောင်"

သာဂိက သူ့ကို ဆွဲသည့်လူများလက်မှ ရုန်းကန်လိုက်ရင်း ‥

"ဖယ်စမ်းပါဗျာ ‥ ဒီအဘွားကြီး စကားပြောတာ သိပ်မိုက် ရိုင်းတယ်။ သူများရွာမှာလည်း လာနေသေးတယ်။ စကား ပြောရင် တင်တင်စီးစီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တင်စီးတော့ ဘာဖြစ်လဲ ဟဲ့အကောင်။ ထိပ်ခေါက်ပြီးမှ လာတောင်းပန်တာ ငါ့ဘက်က ကျေအေးရမှာလား။ သွားစမ်း။ ငါ့ခြံထဲက ထွက်သွား။ မြွေဆိုးကိုက်ပြီး အစိမ်းသေ သေသွားမယ်။ ငါ့ ဘာမှတ်နေသလဲ"

ဒေါ်ဖွားသင်၏ ကျိန်ဆိုသံကြောင့် အားလုံး ကြက်သီးမွေးညင်းထကာ မျက်နှာပျက်သွားကြသည်။ ထို့နောက် သာဂိကို ဖျောင်းဖျပြီး ဒေါ်ဖွားသင်၏ ခြံဝိုင်းထဲက ထွက်လာခဲ့ကြတော့၏။ သာဂိကတော့ လူငယ်ပီပီ မခံချင်စိတ်ကြောင့် တစ်လမ်းလုံး တောက်တစ်ခေါက်ခေါက်နှင့် မကျေမချမ်းဖြစ်နေတော့သည်။

"တောက် ‥ ဒီအသွားကြီးကွာ ‥ ဖြစ်နိုင်ရင် သတ်တောင် သတ်ပစ်ချင်တယ် ‥ ဟာ ‥ ကဲကွာ ‥"

သာဂိက စိတ်ဆိုးဆိုးဖြင့် အရိုးမြတို့ အိမ်ရှေ့ ထီးရိုးဝါးပင်ခြေရင်းကို ခြေထောက်ဖြင့် ကန်လိုက်၏။

"ကဲကွာ ‥"

"ဟာ ‥"

သာဂိ ကန်လိုက်သောအရှိန်ကြောင့် ခြေထောက်ကို ဝါးမြစ်ချွန်လေးတစ်ခုနှင့် ထိုးမိသွားသည်။

"အား ‥‥"

သို့သော် သာဂိမျက်လုံးထဲ မြင်လိုက်ရသည်က မြွေရှည်ရှည်ကြီးတစ်ကောင် သူ့ခြေထောက်ကို ကိုက်ပြီး လျှောခနဲ ထွက်ပြေးသွားသည်ကိုပင်။

"ဟာ ‥ မြွေကြီး ‥ မြွေကြီး ကျွန်တော့်ခြေထောက်ကို ကိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ် အမေ ‥ အား ‥ အား''

''ဟင် ‥ ဘယ်မှာလဲ ‥ ဘယ်မှာလဲ''

''ဟဲ့ ‥ ဟုတ်လို့လား''

''အမယ်လေး ‥ ရှာကြပါဦးတော်''

တစ်ယောက်တစ်ပေါက်နှင့် ပြောရင်း သာဂိကန်လိုက်သည့် ထီးရိုးဝါးပင်အရင်းကို ကြည့်လိုက်ရာ ဝါးမြစ်ချွန်လေးတစ်ခု ထိုးထောင် နေသည်ကိုသာ တွေ့ရသည်။

''မြွေမဟုတ်ပါဘူး။ ဟောဒီက ဝါးမြစ်ချွန်လေးနဲ့ ထိုးမိသွား တာပါ''

အတူပါလာသော ရွာသားတစ်ယောက်က ပြောလိုက်သည်။ သို့သော် သာဂိကတော့ မရ။

''မဟုတ်ဘူး ‥ မဟုတ်ဘူး ‥ မြွေကိုက်သွားတာ ‥ ကျွန်တော့်မျက်စိနဲ့ တွေ့လိုက်တယ်။ အား ‥ မျက်လုံးတွေ ပြာလာပြီ။ အမေ ‥ အမေ ကျွန်တော့်ကို မြို့က ဆေးရုံကို ခေါ်သွားပါ ‥ ဆေးရုံကို ပို့ပေးပါ''

အားလုံးက သာဂိတစ်ယောက် စောစောက ဒေါ်ဖွားသင် ကျိန်ဆိုလိုက်သော မြွေဆိုးကိုက်ပြီး သေသွားမယ်ဆိုသော စကားကို စွဲပြီး ကယောင်ကတမ်းပြောသည်ဟုသာ ထင်သွားကြသည်။ သို့နှင့် သာဂိကို ချော့မော့ပြီး အိမ်ပြန်ခေါ်လာလိုက်ကြ၏။


■



www.burmeseclassic.com

www.burmeseclassic.com





အိမ်ပြန်ရောက်တော့ သာဂိခမျာ အကြောက်လွန်ပြီး ဖျားတော့သည်။ တစ်ချိန်လုံး ..

"ကယ်ပါဦး .. ကျွန်တော့်ကို ကယ်ပါဦး .. ကျွန်တော့်ကို မြွေကြီးကိုက်လိုက်ပြီ"

ဟုသာ ကယောင်ကတမ်းနှင့် ပြောနေတော့သည်။ ရွာက ဆေးဆရာပင့်ပြီး သူ့ဒဏ်ရာကိုကြည့်ခိုင်းသည့်အခါတွင်လည်း ဒဏ်ရာက မြွေစွယ်ရာ နှစ်ပေါက်မဟုတ်ဘဲ ဝါးမြစ်ချွန်လေး ထိုးမိထားသည့် ဒဏ်ရာလို အပေါက်တစ်ပေါက်တည်းသာ တွေ့ရသည်။ ဆရာက အဖျားကျအောင်သာ ဆေးနီမှုန့်တစ်ထုပ် ပေးသွား၏။

သာဂိ အကြောက်လွန်ပြီး ယောင်နေတာဟုသာ သူ့အဖေ အပါအဝင် အားလုံးက စိတ်ချလက်ချနေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သန်းခေါင်ကျော်တွင်ကား သာဂိ၏ အခြေအနေက ပိုပြီးဆိုးလာသည်။ လျှာတွေဘာတွေ လေးလာပြီး စကားကောင်းကောင်း မပြောနိုင်ရှာတော့။ တစ်ကိုယ်လုံးကလည်း ပူလွန်းသဖြင့် အိပ်ရာထဲ လူးလိမ့်နေသည်။ မြွေဆိပ်တက်သည့်လူလို ဖြစ်လာ၏။ ထိုအခါမှ စိုးရိမ်ပြီး သာဂိကို မြို့က ဆေးရုံပို့ဖို့ ပဲ့ထောင်တစ်စီးငှားကာ ကမန်းကတန်း စီစဉ်ရတော့သည်။

သာဂိကို ပုခက်နှင့်ထမ်းပြီး သယ်လာစဉ် ရွာပြင်က ရေဆိပ် တံတားပေါ်မှာပင် ဇက်ကျိုးကာ အသက်ထွက်သွားတော့၏။

"အံမယ်လေး .. သားရဲ့ .. အဖြစ်ဆိုးလှချည်လား။ အမေ့ကို တစ်ယောက်တည်း ထားခဲ့ပြီလားတော့ .. အီး .. ဟီး .. ဟီး .."

ရွာပြင်တွင် ဆုံးသွားသဖြင့် သာဂိအလောင်းကို ရွာထဲ ပြန်သယ်ခွင့်မရှိတော့ချေ။ သင်္ချိုင်းမှာပင် အေးမသာအဖြစ် ထားရလေ၏။

(၇)ရက် ပြည့်သဖြင့် အလောင်းကို မြေချရန် ခေါင်းကို ဖွင့်လိုက်စဉ် သာဂိရုပ်အလောင်းက ရုပ်ပျက်ဆင်းပျက် မြင်မကောင်းအောင် ဖြစ်နေသည်။ တစ်ကိုယ်လုံး မီးလောင်ဖုများထကာ လူရုပ်က ရှိရွဲနေ၏။ ဒဏ်ရာကို ကြည့်လိုက်မိသည့်အခါတွင်ကား ..

"ဟာ .."

"ဟင် .."

"အို .."

"ဟင် .. ဒါ .. ဒါ ငန်းတော်ကျား ကိုက်ခံရတဲ့ လက္ခဏာပဲ"

"ဟာ .. ထူးဆန်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အဲဒီနေ့က တွေ့တာတော့ ဝါးမြစ်ချွန်နဲ့ သူ့ခြေထောက်ကို ထိုးမိသွားတာပါကွာ။ အခု ဘယ်လိုဖြစ်ရတာလဲ"

"ဟာ ‥ မဟုတ်မှလွဲရော ‥ ဒီကောင် အောက်လမ်းနဲ့ အတိုက်ခံလိုက်ရပြီထင်တယ်"

စသဖြင့် တစ်ရွာလုံး အဖြေရှာမရနိုင်သည့် ပဟေဠိပုစ္ဆာတစ်ပုဒ်လို ရွာတွင် ပြောစမှတ်တွင်သွားတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပါပဲ ကိုရင်မြသာရယ် ‥ အဲဒါကြောင့် ကိုရင့်ကို ခင်မှုံက သတိပေးနေတာတော့ ‥"

မောင်မြသာကတော့ နားရှိလို့သာ ကြားရသည်။ သူ့စိတ်ထဲတွင်တော့ ယုံတစ်ဝက် မယုံတစ်ဝက်နှင့်။ သို့သော် ခင်မှုံ စိတ်ဆင်းရဲမည် စိုးသဖြင့် ဘာမှတော့ ပြန်မပြောတော့။

ထိုစဉ် သူကြီး ပြန်ရောက်လာ၏။

"ဟေး ‥ မောင်မြသာ ‥ မင်းတောင် ရောက်နေပြီကိုး။ ရောက်တာ ကြာပြီလားကွ"

"ဟုတ်တယ်ခင်ဗျ။ ကျွန်တော် အခုလေးတင်မှ ရောက်တာပါ။ မကြာသေးပါဘူး"

"အေးကွာ ‥ ငါလည်း ဟိုဘက်ရွာက ငါ့သူငယ်ချင်း သူကြီးက နွားပွဲသွားဖို့ ခေါ်တာနဲ့ လိုက်သွားတာ။ အခုမှပဲ ပြန်ရောက်တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံက ဖခင်ဖြစ်သူဆီမှ လွယ်အိတ်ကို ဆီးကြိုသယ်ပေးပြီး မောင်မြသာက သူကြီးသောက်ဖို့ အကြမ်းရည်တစ်ခွက် ငှဲ့ပေးလိုက်သည်။

"ကျွန်တော်တောင် သူကြီးမင်းနားထောင်ဖို့ ရွှေကျီးညို ဓာတ်ပြားအသစ်တောင် ယူလာခဲ့သေးတယ်"

"အေး ‥ ကျေးဇူးတင်ပါရဲ့ မောင်ရာ။ ဒါပေမဲ့ အခုတော့ ငါလည်း နားမထောင်နိုင်သေးဘူး။ ရေမိုးချိုးပြီး တစ်ရေး တစ်မော အိပ်လိုက်ဦးမယ်။ မင်းပြန်တဲ့အခါမှ ငါ့အိမ် လှည့် ဝင်ခဲ့ဦးပေါ့။ အဲဒီတော့မှပဲ ငါ နားထောင်တော့မယ်"

"သူကြီးမင်း သဘောပါ ခင်ဗျာ"

"ကဲ ‥ ကဲ ‥ မင်းလည်း အလှူအိမ်ဝင်ဖို့ နောက်ကျနေ ရော့မယ်။ သွားချေ ‥ သွားချေ ‥"

"ဟုတ်ကဲ့ပါ ခင်ဗျာ ‥ ဒါဆို ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး" မောင်မြသာက ပြောပြီး သူ့ထမ်းပိုးကို လွယ်လိုက်၏။

"ကဲ ‥ ခင်မှုံရေ ‥ ကျုပ် အလှူအိမ်သွားမယ်နော်။ ညနေ ဓာတ်စက်ဖွင့်ရင် ခင်မှုံနားထောင်ချင်ရင် လာလှည့်ပေါ့"

ခင်မှုံက ပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။ ထို့နောက် မောင်မြသာ လည်း နှုတ်ဆက်ကာ အလှူရှင် ပိုက်သူကြီးဦးဖိုးထော်၏ အိမ်သို့ ထွက်လာခဲ့တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

အလှူအိမ်ရောက်တော့ ထုံးစံအတိုင်း လူများစည်ကားနေကြသည်။ မိန်းမတချို့က ချက်သူချက် ပြုတ်သူပြုတ်နှင့် ဆူညံနေ၏။ တချို့ကလည်း အလှူတွင် ကမ်းဖို့ သပြေနှင့် စိန်ခြယ်ပန်းကို နှီးဖြင့် တွဲကာ ချည်နှောင်ပေးနေကြသည်။

ဘကြီးကောင်းတို့လို သက်ကြီးပိုင်းများကတော့ အလှူအိမ် လူစည်ကားအောင် ရေနွေးကြမ်းနှင့် ထန်းလျက်ခဲလေးကိုက်၊ လက်ဖက်သုပ်လေး တမြုံ့မြုံ့ဝါးရင်း တိုင်းရေးပြည်ရေးအကြောင်း ပြောဆိုဆွေးနွေး ငြင်းခုံနေကြလေသည်။

ကလေးတချို့ကတော့ ဖန်ခုန်သူ ခုန်၊ ဒိုးထိုးသူ ထိုးနှင့် တစ်ယောက်နှင့်တစ်ယောက် တွန်းထိုးနောက်ပြောင် အော်ဟစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူအုပ်ထဲသို့ မောင်မြသာ ရောက်သွားသည့်အခါတွင်တော့ အလှူ့အိမ်က ပိုပြီး အသက်ဝင်ကာ နဂိုထက် နှစ်ဆပိုပြီး ဆူညံသွားတော့သည်။

"ဟေး ‥ မောင်မြသာရောက်လာပြီဟေ့ ‥ ဓာတ်စက်နားထောင်ရတော့မယ်"

"အေး ‥ ဟုတ်တယ် ‥ ဟုတ်တယ် ‥ တို့ကတော့ သီချင်းနားထောင်မယ်"

"အို ‥ ညည်းတို့ကလည်း ‥ မင်းသား အောင်လံတော်ခင်စိန်ရဲ့ ပဒကုသလဓာတ်ထုပ်က သိပ်ကောင်းတာ။ မြို့မှာ နာမည်ကြီးပဲတဲ့။ အဲဒါ နားထောင်မှာပေါ့တော့။ အေတို့ကလည်း"

မောင်မြသာကတော့ ပြုံးရွှင်စွာဖြင့် ‥



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီဗျာ ‥ ဟုတ်ပါပြီ ‥ ဟောဒီက အစ်မကြီးတို့ စိတ်ကြိုက် အားလုံး ဖြစ်စေရပါမယ်ဗျာ"

ထိုစဉ် အလှူရှင် ဦးဖိုးထော် ရောက်လာပြီး ‥

"ဪ ‥ မောင်မြသာ ‥ လာကွယ် ‥ ဘိုးလေးတို့က မင်းကို မျှော်နေကြတာ။ ကဲ ‥ ကဲ အိမ်ပေါ်တက်။ ရေမိုးချိုးပြီး နားချေဦး။ မင်း ဓာတ်စက်တွေကို ဟောဟိုက တဲပေါ်မှာထား။ ဟုတ်ပြီလား"

ဟုပြောရင်း ခြံဝိုင်းထောင့်တွင် အဖီထိုးထားသော တဲငယ်လေးကို ညွှန်ပြသည်။ ထိုသို့ဖြင့် မောင်မြသာလည်း တစ်ရေးတစ်မော အိပ်ပြီးနောက် ညနေရောက်သည့်အခါ နိုးလာသည်။ ထူးထူးခြားခြား လူသံများ ဆူညံနေသဖြင့် ကြည့်လိုက်ရာ ဦးဖိုးထော်တစ်ခြံလုံး ပြည့်လုမတတ် လူတွေက သင်ဖြူးဖျာများ၊ မြက်ဖျာများ ခင်းကာ ဓာတ်စက် နားထောင်ဖို့ စောင့်ဆိုင်းနေကြသည်ကို တွေ့လိုက်ရသည်။

မောင်မြသာလည်း ကပျာကယာ ညနေစာစားပြီးနောက် ဓာတ်စက်ဖွင့်ရန် စပြင်တော့သည်။ ပထမဆုံးအနေဖြင့် ‥ မင်းသား အောင်လံတော်ခင်စိန်၏ ပဒကုသလဇာတ်ထုပ်ဓာတ်ပြားကို ထည့်ပြီး ဖွင့်ပြလိုက်သည်။

"အကြံရခက်ပါသနော် ‥ သံလျက်တော်ယူတဲ့ သူခိုးကိုလ ‥ နှုတ်တော်မှာ ထုတ်ဖော်မရဲပါဘူး ‥ အောင်မယ်မင်း ‥ ဓားကုပ်မှာ ပဲ"

ထိုသို့ဖြင့် တဖြည်းဖြည်းမှောင်လာပြီး သက်ကြီးခေါင်းချသိမ်းသို့ ပင် ရောက်လာတော့သည်။ ဓာတ်စက်နားထောင်ကြသည့် ပရိသတ်များ



www.burmeseclassic.com

www.burmeseclassic.com



က စဲသွားသည် လျော့သွားသည်မရှိ။ အားပေးမြဲ နားထောင်မြဲပင်။ ဇာတ်လမ်းဖွင့်ပြီး ပျင်းလာလျှင် သီချင်းဖွင့်၊ သီချင်းတစ်လှည့် ဇာတ်ထုပ်တစ်လှည့်မို့ ကလေးလူကြီးအားလုံး သဘောကျကြသည်။

ထိုစဉ် မောင်မြသာက ဟမ္မာရီစံပယ်အုန်း၏ 'တို့တောရွာ' သီချင်း ဖွင့်ပေးနေစဉ် ဟိုးခြံအပြင်ထောင့် သရက်ပင်အောက် မှောင်ရိပ်ထဲတွင် မတ်တတ်ရပ်နေသော မယ်သီ့ကို မြင်လိုက်၏။

"ဩော် ‥ မယ်သီပါလား။ ဓာတ်စက်နားထောင်ချင်တာတောင် ခပ်ဝေးဝေးက နားထောင်နေရရှာတယ်။ သနားပါတယ်။ ရွာကလူတွေက သူ့အမေကို စုန်း ဘာညာပြောကြတာနဲ့ မယ်သီခမျာ လူတောမတိုးရဲရှာဘူး ထင်ပါရဲ့။ မဖြစ်သေးပါဘူး။ ငါ သွားခေါ်ဦးမှပဲ"

မောင်မြသာက တွေးရင်း မယ်သီရှိရာဆီသို့ ခြေလှမ်းပြင်လိုက်သည်။ သို့သော် ခြံအပြင်ထွက်ပြီး၍ သရက်ပင်အောက် ရောက်ရန် ခြေလှမ်း ၁၅ လှမ်းခန့်အလိုတွင် ‥

"ဟင် ‥"

သရက်ပင်အောက်တွင် စောစောက မတ်တတ်ရပ်နေသော မယ်သီ့ကို မတွေ့ရတော့။ မောင်မြသာ စိတ်ထဲ ဇဝေဇဝါဖြစ်သွားရင်း တွေခနဲ စဉ်းစားနေမိ၏။

ထိုစဉ် ‥

"ဟ ‥ ဓာတ်စက်ဆရာ ဘယ်ရောက်သွားတာလဲ"

"လုပ်ပါဦးဟ ‥ သီချင်းက ဒီတစ်နေရာတည်း အပ်ကြောင်း ထပ်နေပြီဟ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ခြံဝိုင်းထဲမှလူများ၏ အော်ပြောသံကို ကြားလိုက်ရသည်။ (ထိုခေတ်ထိုအခါက ဖွင့်ရသော ဓာတ်စက်သဘောမှာ သီချင်းခွေအချပ်ကြီးကို ပင်အပ်ချွန်ချွန်လေးနှင့် ထောက်ကာ ဖွင့်ရသည်။ ထိုပင်အပ်လေးကို ဓာတ်စက်ဆရာက အသွားမတုံးခင် အသစ်လဲလဲပေးရသည်။ မလဲမိဘဲ တုံးသွားလျှင် သီချင်းက ရှေ့ဆက်မသွားတော့ဘဲ အပ်တုံး၍ ရောက်သည့်နေရာက သီချင်းစာသားကိုပင် ထပ်ထပ်ကျော့ နေလေ၏။ ထိုသို့ဖြစ်ခြင်းကို အပ်ကြောင်းထပ်သည်ဟု ပြောလေ့ရှိသည်။)

မောင်မြသာလည်း ဆက်ပြီးမစဉ်းစားအားတော့ဘဲ ခြံဝိုင်းဓာတ်စက်ရှိရာသို့ပင် အပြေးတစ်ပိုင်း ပြန်ဝင်လာရသည်။

ထိုနေ့ညက မောင်မြသာတစ်ယောက် ဓာတ်စက်သိမ်းပြီး၍ ညည့်နက်သည်အထိ ဟိုလူးဒီလှိမ့်ရင်း အိပ်မပျော်နိုင်ဘဲ ရှိနေလေ၏။

မယ်သီ့အကြောင်းကိုတွေးရင်း 'ဒီအချိန် မယ်သီများ မအိပ်သေးဘဲ ရှိနေဦးမလား'ဟူသည့် အတွေးဖြင့် စကားပြောရန် မယ်သီတို့အိမ်ရှိရာသို့ ထွက်လာခဲ့လိုက်သည်။

လရောင်အောက်တွင် ရွာလမ်းမတစ်လျှောက် လူသူကင်းရှင်းနေ၏။ ညဉ့်နက်နက်တွင် တိုက်ခတ်လာသော လေများက အေးစက်လွန်းသည်မို့ မောင်မြသာစိတ်ထဲ လန်းဆန်းသွားသည်။

ထိုသို့ဖြင့် လေရှူရင်း ခြေလှမ်းမှန်မှန်ဖြင့် မယ်သီတို့ အိမ်အနားသို့ လျှောက်လာလိုက်၏။ မယ်သီတို့ အိမ်ရှေ့နားက ညမွှေးပန်းပင်အောက်အရောက်မှာတော့ ..

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



မယ်သီနှင့် ဒေါ်ဖွားသင်က ဖျာလိပ်နှင့်ပတ်ထားသော ရှည်ရှည် မျောမျောသဏ္ဍာန်တစ်ခုကို ရှေ့တစ်ယောက် နောက်တစ်ယောက် မနိုင် မနင်း သယ်မသွားသည်ကို လရောင်အောက်တွင် မြင်လိုက်ရ၏။

"အလို ‥ အဲဒါ ဘာကြီးပါလိမ့်"

မောင်မြသာက အံ့ဩလွန်းသဖြင့် ခပ်တိုးတိုး ရေရွတ်လိုက်မိ၏။

မယ်သီက ရှေ့ကသယ်ပြီး လက်တစ်ဖက်တွင်လည်း ရေနံဆီမီးခွက်ကို ကိုင်ထားရသေး၏။ ဒေါ်ဖွားသင်က ‥

"ဟဲ့ ‥ မယ်သီ ‥ ရှေ့က မြန်မြန်သွားပါဟဲ့ ‥ ညည်းအေနှေးလိုက်တာလည်း လွန်ပါရော"

"သွားပါတယ် အမေရဲ့။ ရှေ့မှာ ကျောက်ခဲကြီးလား တုံးကြီးလား မမြင်ရလို့ပါ အမေရယ်"

ပြောလည်းပြောရင်း မယ်သီက သူမရှေ့မှ ကနစိုထင်းတုံးကို ဝင်လည်းအတိုက် ‥

"အို ‥ အမေ့"

မယ်သီက ချော်လဲမလို ဖြစ်သွားသည်။ ထိုအခိုက် သူတို့ နှစ်ယောက် သယ်မထားသည့်အရာ၏ အလေးချိန်က စီးသည်မို့ ဟန်ချက်ပျက်သွားရာမှ ဖျာလိပ်ထဲမှ လူခြေထောက်ဖြူဖြူကြီးတစ်ဖက် ထွက်ကျသည်ကို ဘွားခနဲ တွေ့လိုက်ရသဖြင့် မောင်မြသာတစ်ယောက် လိပ်ပြာလွင့်မတတ် အံ့ဩသွားမိသည်။ ဒေါ်ဖွားသင်က ထွက်ကျလာသည့် ခြေထောက်ကို ကိုင်ကာ ဖျာလိပ်ထဲသို့ ကမန်းကတန်း ပြန်ထိုးထည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ‥ ဘုရား ‥ လူသေအလောင်းကောင်ကြီးကို သယ်လာတာပါလား"

အတော်လေးကြာသည့်အခါ မောင်မြသာတစ်ယောက် စိတ်ဝင်စားလွန်းသဖြင့် ကြောက်စိတ်ကိုမေ့ကာ မယ်သီတို့ခြံဝိုင်းထဲသို့ ခိုးကြောင်ခိုးဝှက်နှင့် နောက်မှဝင်လိုက်သွားသည်။

နောက်ဖေးဘက် ရေကပြင်တွင် တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ‥

"ဟာ ‥"

မောင်မြသာတစ်ယောက် သွေးပျက်မတတ် လန့်သွားမိ၏။ သူတွေ့လိုက်ရသည်ကား ရေကပြင်ပေါ်တွင် လူသေအလောင်းကြီးတစ်လောင်းကို ဆန့်ဆန့်ကြီးလှဲထားပြီး ဒေါ်ဖွားသင်က ထိုအလောင်း၏ မျက်နှာပေါ်တွင် ပျစ်ချွဲချွဲအရည်များဖြင့် လူးပေနေသည်။ ထို့နောက် မျက်နှာအနှံ့ စစ်စေးများ သုတ်လိုက်ပြီး ပုံသဏ္ဍာန်မပျက် အခြောက်ခံကာ အလောင်း၏ရုပ်ပုံတူ မျက်နှာဖုံးလုပ်နေခြင်းပင်။ နီကျင်ကျင် ဖယောင်းတိုင် မီးရောင်အောက်တွင် မြင်နေရသည့် ဒေါ်ဖွားသင်၏ မျက်နှာကြီးမှာ ခက်ထန်ကြမ်းတမ်းပြီး မျက်လုံးများက တစ္ဆေတစ်ကောင်လို အေးစက်မာကျော၏။

မောင်မြသာမှာ ကြည့်ရင်းကြည့်ရင်း ထိုအော်ဂလီဆန်ချင်စရာ အလောင်းကောင်ကြီးကို ဆက်မကြည့်ရဲသလို မျက်လုံးများမှိတ်ချလိုက်၏။

ဘယ်လိုပဲဖြစ်ဖြစ် ‥‥ ရွာကလူကြီးတွေကိုတော့ အသိပေးမှဖြစ်မယ် ‥။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြသာက ခြေစုံရပ်နေမိရာမှ နောက်ဘက်သို့ လှည့်ပြန်ရန် ခြေလှမ်းပြင်လိုက်စဉ် ..

"ဂွတ် .."

"ဟာ .."

သစ်ကိုင်းခြောက်တစ်ချောင်းကို ဖြတ်နင်းမိလိုက်သံက တိတ်ဆိတ်နေသော ညလယ်ခေါင်တွင် လိုအပ်သည်ထက် ပိုမြည်သွား၏။ ထိုအသံကြောင့် ဒေါ်ဖွားသင်မှာ လုပ်လက်စကို တုံ့ခနဲရပ်လိုက်ရင်း အသံလာရာဆီသို့ စူးရဲသော မျက်လုံးအစုံဖြင့် ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

ခြေဗလာဖြင့် ထွက်ပြေးသွားသော မောင်မြသာ၏ ကျောပြင်ကို ကြည့်ရင်း 'တောက်' တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်၏။ သူထင်သည့်အတိုင်းပင်။ မကြာခင်မှာပင် မောင်မြသာနှင့်အတူ ရွာလူကြီးတချို့နှင့် ရွာသား ၄ ယောက်ခန့်က ဒေါ်ဖွားသင်တို့ ခြံဝိုင်းထဲသို့ ရေနံဆီမီးအိမ်ကိုယ်စီကိုင်ကာ ရောက်လာကြတော့သည်။

သူကြီးက ..

"မဖွားသင်ရေ .. မဖွားသင်။ တံခါးဖွင့်ပါဦးဟေ့"

ရွာသားတစ်ယောက်ကလည်း ..

"ဒေါ်ဖွားသင်ရေ .. ဗျို့ .. ဒေါ်ဖွားသင် .. တံခါးဖွင့်ဦးဗျို့။ သူကြီးရောက်နေတယ်"

ထိုစဉ် ဒေါ်ဖွားသင်တို့တဲအတွင်းမှ မီးရောင်လေး လက်ခနဲ တောက်လာပြီး တစ်ဆက်တည်း ..

"ဘယ်သူတွေတုန်း .. ညကြီးသန်းခေါင် အချိန်မတော်ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မြည်တွန်တောက်တီးသံနှင့်အတူ ဆံပင်ဖိုးရိုးဖားရား အိပ်မှုန်စုံမွှားနှင့် ဒေါ်ဖွားသင်တစ်ယောက် အိမ်ရှေ့သို့ ထွက်လာ၏။

"ပြော ‥ ဘာကိစ္စတုံး"

သူကြီးက ‥

"မဖွားသင် ‥ ခင်ဗျားတို့သားအမိ စောစောတုန်းက ဘာတွေ လုပ်နေကြတာလဲ"

ဟု မေးလည်းမေးရင်း အိမ်အနောက်ဘက် ရေကပြင်ဆီသို့ ခေတ်မီးဖြင့် ထိုးကြည့်လိုက်၏။ ဒေါ်ဖွားသင် ‥

"အမယ်လေးတော် ‥ ကျုပ်တို့က ဘာလုပ်ရမှာလဲ၊ အိပ်နေတာပေါ့"

"ခင်ဗျား မှန်မှန်ပြောနော်။ စောစောက သင်္ချိုင်းထဲကနေ လူသေလောင်းကြီးတစ်လောင်း သွားတူးယူလာတယ် မဟုတ်လား"

"မဟုတ်ရပေါင်တော် ‥ အိုးစွတ်ခွက်စွတ်လည်း မစားဘဲနဲ့ ဘယ်နှယ့်လာစွပ်စွဲနေရတာတုန်း။ ခက်တော့တာပဲ"

သူကြီးက ဒေါ်ဖွားသင်ကို အကဲခတ်သလို ကြည့်လိုက်ပြီး ‥

"ဒါဆို ကျုပ်တို့ ခင်ဗျားအိမ်ကို ရှာမယ်။ ဘယ်လိုလဲ"

"ရှာပါတော် ‥ ရှာပါတော်"

သူကြီးက ရွာသားတွေကို အချက်ပြလိုက်ရာ ရွာသားတွေက ဒေါ်ဖွားသင်၏ ခြံထဲအနှံ့ ပိုက်စိတ်တိုက် ရှာကြတော့သည်။ ထိုအချိန်မှာပင် မယ်သီလည်း အိမ်ပေါ်မှ ခြံထဲသို့ ဆင်းလာပြီး အမေဖြစ်သူ အနားသို့ ကပ်ကာ ရပ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေက ..

"ဘာမှမတွေ့ဘူး သူကြီး"

"မင်းတို့ ရှာတာ နှံ့ရဲ့လား"

"နှံ့ပါတယ် သူကြီး .. ဘာမှကို မတွေ့တာ"

သူကြီးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ..

"အေးလေ .. ဘာမှမတွေ့ရင်တော့လည်း ပြန်ရုံပဲ ရှိတော့တာပေါ့။ ကျုပ်တောင်းပန်ပါတယ် မဖွားသင်"

"ရပါတယ်တော် .. တောင်းပန်စရာမလိုပါဘူး။ ကျုပ်တို့က မျက်နှာမွဲသားအမိဆိုတော့ မရှိရိုးနိုး မလှုစုန်းမျိုး ထင်ကြတာ မဆန်းပါဘူး။ ကဲ .. ကိစ္စများ ပြီးပြီဆိုရင်လည်း ကြွချေပါတော့တော် .. ကျုပ်က မနက်စောစော ဈေးရောင်းရဦးမယ်"

ထိုသို့ဖြင့် သူကြီးတို့လူသိုက်လည်း စိတ်ပျက်လက်ပျော့ကာ ပြန်လာခဲ့ရတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်များဖြစ်ပြီး နောက်တစ်နေ့မနက်တွင် မောင်မြသာတစ်ယောက် တွေတွေငေးငေးဖြင့် သူကြီးအိမ်သို့ ရောက်လာသည်။ ခင်မှုံက ဆီးကြိုညှော်ခံသော်လည်း မောင်မြသာခမျာ စိတ်ကယောက်ကယက် ဖြစ်နေရှာသည်။

ခင်မှုံက ..

''ကိုရင်မြသာ .. ဘယ်လိုဖြစ်လို့ မျက်နှာကြီးက မှုန်သိုးသိုး ဖြစ်နေရတာတုန်း''

''မဟုတ်ပါဘူး ခင်မှုံရယ် .. ညက မြင်ခဲ့သမျှကို မျက်လုံးထဲက အခုထိ မထွက်နိုင်ဘူး ဖြစ်နေလို့ပါ။ ကျုပ်တကယ်ကို အဟုတ်ကြီး မြင်ခဲ့တာ ခင်မှုံရဲ့ သိလား။ ဒါပေမဲ့ သူကြီးတို့သွားရှာတော့ ဘာမှမတွေ့ဘူးဆိုတော့ .. ဟို .. ''

မောင်မြသာက ပြောလက်စကို စကားမဆက်ဘဲ စိတ်ပျက်လက်ပျက် ခေါင်းငိုက်စိုက်ကျသွား၏။ သူကိုယ်တိုင် မျက်လုံးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တပ်အပ်မြင်ပါလျက် သွားရှာသည့်အခါ အစအနပင် မတွေ့တော့တာမို့ သူ့စိတ်ထဲ မခံချိမခံသာ ဖြစ်နေပုံပင်။ လုံးဝ လက်စလက်န မကျန်အောင် ဖျောက်ပစ်လိုက်ဖို့ကလည်း သေးသေးကွေးကွေးမဟုတ်။ လူသေအလောင်းကြီး ..။

ခင်မှုံက ပြုံးပြီးမှ ..

"ကိုရင်မြသာ တွေ့ခဲ့တယ်ဆိုတာကို ခင်မှုံ ယုံပါတယ်တော်။ ဒီမှာ ခင်မှုံပြောပြမယ်။ အစောကြီးကတည်းက မယ်သီတို့ သားအမိဟာ မရိုးဘူးလို့ ခင်မှုံပြောထားပြီးသားပဲလေ။ ကိုရင် တွေ့ခဲ့တဲ့ အလောင်းကြီးကိုလည်း သူတို့ အောက်လမ်း ပညာနဲ့ စီရင်ဖို့ပဲ ဖြစ်မှာပေါ့"

"အောက်လမ်းပညာ ဟုတ်လား။ အဲဒီ ခင်မှုံပြောတဲ့ အောက်လမ်းပညာအကြောင်း ကျုပ် သိပ်မသိဘူး။ ခင်မှုံ အပန်းမကြီးဘူးဆိုရင် ကျုပ်ကို နားလည်အောင် ပြောပြပါလား"

"ဒီလို ကိုရင်မြသာရဲ့ .. တချို့ အောက်လမ်းတွေက သေသွားတဲ့သူရဲ့ လက်သန်းတစ်ချောင်းပဲဖြစ်ဖြစ်၊ လက်ဆစ်ကလေးတစ်ပိုင်းပဲ ဖြစ်ဖြစ်၊ ဆံပင်ပဲဖြစ်ဖြစ် ဖြတ်ယူပြီး အောက်လမ်း စီရင်ကြတယ်။ တချို့ဆိုရင် သေသွားတဲ့ အလောင်းရဲ့ ဦးခေါင်းကို ဖြတ်ယူပြီး စီရင်ကြတယ်။

"ဘယ်လို စီရင်တာလဲ ခင်မှုံ"

"ဒီလိုလေ .. အဲဒီလို သေသွားတဲ့အလောင်းရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို ဖြတ်ယူထားရင် သေသူဟာ သူတို့ရဲ့ ခိုင်းဘက်ဖြစ်သွားရော။ သူတို့ လူတစ်ယောက်ကို သတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် ထိုင်ရာမထနိုင်းလို့ ရတယ်။ အဲဒါတွေက လက်စ လက်နဖျောက်ဖို့တော့ ခက်တယ်"

"နို့ ‥ ဒါဆို မယ်သိ အမေကြီးကရော။ ကျုပ် အလောင်း အကောင်လိုက်ကြီးကို ခဏနေသွားကြည့်တော့ ရှိမှ မရှိ တော့ပဲ။ အဲဒါကရော ‥"

မောင်မြသာက နားမလည်နိုင်စွာဖြင့် မေးလိုက်၏။ ခင်မှုံက စိတ်လေးစွာ သက်ပြင်းတစ်ချက် ခပ်ဖွဖွချလိုက်ပြီး ‥

"မယ်သိအမေက အစွမ်းထက်တဲ့ ကဝေမပေါ့ ကိုရင်မြသာ ရယ်။ ခင်မှုံ့အဘွားပြောတာ ကြားဖူးသလောက်ဆိုရင် မယ်သိအမေက ခြေရာကောက်ပြီးတော့တောင် ပြုစားတတ် တယ်တဲ့"

ခင်မှုံ့အပြောကြောင့် မောင်မြသာတစ်ယောက် မျက်လုံးများ ချာချာလည်သွားပြီး ‥

"ဘယ်လို ‥ ဘယ်လိုခင်မှုံ။ ခြေရာကောက်ပြီး ပြုစားတယ် ဟုတ်လား။ အဲဒါ ဘာကိုပြောတာလဲ။ ကျုပ် နားရှင်းအောင် ပြောပြစမ်းပါဦး"

"ဒီလိုလေ ‥ လူတစ်ယောက် မြေကြီးပေါ်မှာ နင်းသွားတဲ့ ခြေရာအောက်က မြေမှုန့်ကိုတောင် ယူပြီး ပြုစားရင်တောင် အဲဒီလူ သေတယ်လို့ ပြောတာ"

"ဘုရား ‥ ဘုရား ‥ ကြောက်စရာကြီးပါလား ခင်မှုံရယ်"

မောင်မြသာခမျာ ကြက်သီးများ ဖျန်းဖျန်းထသွားမိသည် အထိ ကြောက်ရွံ့သွားမိ၏။ ခင်မှုံက ဆက်ပြီး ‥



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်တွေ့ခဲ့တဲ့ အလောင်းကောင်ကြီးဆိုတာလဲ သူခိုင်းစားဖို့ သွားတူးလာတာပဲ ဖြစ်မယ်။ အင်း . . တယ်လည်းတတ်နိုင်တဲ့ အဘွားကြီးပါပဲ။ သူ့အဖို့ကကျတော့ သေတဲ့လူရဲ့ မျက်နှာကို ရွှံ့နဲ့ ပုံတူလုပ်တယ်။ ပြီးတော့ အဲဒီမျက်နှာပုံတူရဲ့ ဦးခေါင်းမှာ သေသူရဲ့ ဆံပင်တစ်ပင်နှစ်ပင်လောက်ကို စတိလောက် တပ်ဆင်ပေးလိုက်ရုံနဲ့ သေတဲ့လူရဲ့ ဝိညာဉ်ကို ချုပ်ပြီး ခိုင်းစားလို့ ရသွားပြီကိုး"

"ဒါပေမဲ့ စောစောက ခင်မှုံပြောသလို သေတဲ့သူရဲ့ ဆံပင်၊ လက်သည်း၊ လက်သန်းတစ်ချောင်း အဲဒီလိုမျိုး တစ်ခုခုယူလို့ ရရဲ့သားနဲ့ သူက ဘာလို့ အလောင်းကောင်လိုက်ကြီး အိမ်ပယူလာရတာလဲ"

မောင်မြသာက နားရှုပ်ထွေးသွားဟန်ဖြင့် မေးလိုက်၏။ ခင်မှုံက . .

"ဒေါ်ဖွားသင်က ပိုပြီး ပညာခန်းမြင့်တာကိုး။ ဆံပင်တို့ လက်ချောင်းတို့ဆိုတာ အချိန်တန်ရင် ခဏလေးနဲ့ ပုပ်သိုးဆွေးမြေ့သွားမှာလေ။ မျက်နှာကို ပုံစံတူလုပ်ပြီး သိမ်းထားရင်တော့ ကြာရှည်ချုပ်ထားပြီး ခိုင်းစားလို့ရတာပေါ့။ ပြီးတော့ ပိုဆိုးတာက အထက်လမ်းဆရာတွေကလည်း အဲဒီလို ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုနဲ့ ပြုစားတာကိုသာ နိုင်တာ။ အဲဒီလို ကဝေရှင်မတွေ ဇာတ်စီးတဲ့ အောက်လမ်းပညာကိုတော့ မနိုင်ကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ‥ ဘုရား ‥ ဒေါ်ဖွားသင်က တကယ့်ကို အန္တရာယ်ရှိတာပဲနော်"

ခင်မွှံ၏ မျက်လုံးများက ကြောက်ခွဲဆွေးမြည့်သွားဟန်ဖြင့် မှုန်မှိုင်းသွားသည်။ ပြီးနောက် မောင်မြသာကို ကြည့်ကာ သက်ပြင်းတစ်ချက် ခပ်ဖွဖွချပြီးမှ ‥

"အဲဒါကြောင့် တော့်ကိုပြောတာပေါ့ ကိုရင်မြသာရယ်၊ မယ်သီတို့အိမ်ကို အဝင်အထွက် မလုပ်ပါနဲ့လို့။ တစ်ရွာလုံးကလည်း ဒင်းတို့အကြောင်း ခရေစေ့တွင်းကျ သိပါရဲ့။ ဒါပေမဲ့ လက်ဆုပ်လက်ကိုင် မပြနိုင်သေးတာ ခက်တယ်။ မျက်စိမှိတ်ပြီးလည်း မပြောရဲဘူး။ မတော် တစ်ရွာလုံးကို မီးလောင်တိုက်သွင်းမှာ ကြောက်ကြတယ် ထင်ပါရဲ့"

ခင်မွှံ့စကားကြောင့် မောင်မြသာတစ်ယောက် ရှုပ်ထွေးသောအတွေးများနှင့် ခေါင်းတစ်ခုလုံး ချာချာလည်သွားမိသည်။ စိတ်ထဲတွင်ကား မယ်သီတို့အိမ်ကို နောက်ထပ် ခြေမချမိအောင် ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ် သတိပေးနေမိတော့၏။


■



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၆)

"သူကြီးရေ . . သူကြီး"

အိမ်ရှေ့ဆီမှ တကြော်ကြော်ဟစ်ခေါ်သံကြောင့် သူကြီးတစ်ယောက် ပြူးပြူးပျာပျာနှင့် အိမ်ထဲမှထွက်လာပြီး . .

"ဟေ . . ဘယ်သူတုန်းကွ"

ဟု ခေါင်းတုံးကြီး ပါးစပ်မှာခဲလို့ အံ့ကြိတ်သံကြီးနှင့် မေးလိုက်၏။ မောင်မြသာက . .

"ကျွန်တော်ပါ မောင်မြသာပါ သူကြီး။ အခု ကျွန်တော်က ငမြောင်ချင်ရွာကို သွားမလို့ပါ။ လှေကို ထေးဖို့ ပွဲလှူ[illegible] နည်းနည်း ယူသွားချင်ပါတယ် သူကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အို . . ကိုရင်မြသာကလည်း . . ဘယ်က လှေထေးရမှာလဲ။ လှည်းလမ်းပေါက်နေပြီပဲ . . လှည်းနဲ့ သွားပေါ့တော်"

ခင်မှုံက အိမ်ထဲကနေ ထွက်လာပြီး ကြားဖြတ် ဝင်ပြော လိုက်၏။ ထိုအခါမှ အဖေဖြစ်သူ သူကြီးက . .

"ဟုတ်သားပဲ မောင်မြသာရယ်။ လှည်းပဲ ယူသွားလိုက်။ လမ်းက ဟိုအရင်လို မဆိုးတော့ဘူးကွယ့်။ လမ်းကြီးကို ဖြူး နေတာပဲ"

"ဟုတ်လား။ ကျွန်တော်ကတော့ လှည်းနဲ့ တစ်ခါမှတော့ မသွားဖူးသေးဘူး"

"အို . . ဒါဆို လှည်းသာယူသွား ကိုရင်မြသာရေ။ လမ်း ကောင်းတော့ ခရီးလည်း မဖင့်တော့ဘူးပေါ့"

ထိုသို့ဖြင့် မောင်မြသာတစ်ယောက် သူကြီးအိမ်ဝိုင်းထဲမှ လှည်းကို တပ်ကာ ခတ်စက်ဖွင့်သည့်ပစ္စည်းပစ္စယများကို လှည်းပေါ် တင်ပြီး မောင်းချသွားတော့၏။ ခင်မှုံတို့ ပြောသည့်အတိုင်းပင်။ လမ်းက ကောင်းလွန်းနေသည်။ ချိုင့်ရာခွက်ရာ တစ်ခုမှ မရှိ။ ပကတိ ဖြောင့်ဖြူး နေ၏။ သို့သော် သစ်ပင်ရိပ်တို့ လုံးဝမရှိ။

မောင်မြသာမှာ ဖြောင့်ဖြူးနေသော လမ်းမကြီးကို မောင်းနေ ရသော်လည်း သူ့စိတ်ထဲတွင် သူမောင်းနေသည့်လှည်းက တစ်နေရာ တည်းသာ တဝဲလည်လည်ဖြစ်နေသည်ဟု ထင်မိ၏။ လှေနှင့်ပင် အမြဲ သွားနေကျမို့လားတော့ မပြောတတ်။

ထိုသို့ဖြင့် လမ်းဆုံတစ်နေရာအရောက်တွင် မျက်နှာချင်းဆိုင် ဘက်မှ သူ့လိုပဲ မောင်းလာသည့်လှည်းတစ်စီးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အနီးရောက်လာ၍ ကြည့်လိုက်မိတော့ ထိုလှည်းမောင်းလာသူမှာ ဘကြီးဖိုးတုတ်ဖြစ်နေ၏။

"ဟေး ..မောင်မြသာ မဟုတ်လား။ မတွေ့တာကြာပြီနော်"

ဘကြီးဖိုးတုတ်က ပြုံးပြုံးရွှင်ရွှင်နှင့် လှမ်းနှုတ်ဆက်လိုက်သည်။ မောင်မြသာလည်း ..

"ဟုတ်ပါ့ ဘကြီးဖိုးတုတ်ရယ် ..ကြာဆို သုံးနှစ်လောက်တောင် ရှိရော့မယ်"

မောင်မြသာက ထိုသို့ပြောပြီးမှ သူ့စိတ်ထဲ ဘကြီးဖိုးတုတ်ဆုံးတာ သုံးနှစ်ရှိပြီဆိုသည်ကို သတိရသွား၏။

"ဟာ .."

သူက ဇဝေဇဝါဖြစ်နေသလောက် ဘကြီးဖိုးတုတ်ကတော့ ပြုံးပြုံးရွှင်ရွှင်နှင့် စကားတွေ ဆက်ပြောနေ၏။ သူငယ်ငယ်တုန်းက ပျော်စရာအကြောင်းတွေကို တဝါးဝါးတဟားဟားနှင့် ရပ်ေကမဝင်အောင် ပြောနေသဖြင့် ကြောက်ဖို့အချိန်ပင် မရလိုက်ချေ။

ထိုစဉ် လှည်းတန်းကြီးတစ်တန်း သွားနေသည်ကို မြင်သဖြင့် မောင်မြသာက ..

"ဟာ ..ဟိုရှေ့မှာလည်း လှည်းတန်းကြီးပါလား။ ဘယ်ကို သွားကြမလို့လဲ မသိဘူး"

ဟု ဘကြီးဖိုးတုတ်ကို မေးသလိုလို ကိုယ့်ဘာသာ တစ်ကိုယ်တည်း ညည်းတွားသလိုလိုနှင့် ပြောလိုက်၏။

ဘကြီးဖိုးတုတ်က ..



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပစ္စန်းပွဲကို သွားကြမှာလေ။ လာ ‥ မောင်မြသာ ‥ လိုက်သွားရအောင် ‥ ပျော်စရာကောင်းတယ်ကွ"

ဘကြီးဖိုးတုတ်က သူ့လှည်းလားရာဘက်ကို ပြောင်းလိုက်ရာ မောင်မြသာလှည်းနှင့် ယှဉ်လျက်ဖြစ်သွား၏။ တဖြည်းဖြည်းနှင့် ရှေ့က လှည်းတန်းကြီးကို မီအောင် အသော့နှင်လိုက်ရာ မကြာခင်မှာပင် ထိုလှည်းတန်းကြီးကို မီလာတော့၏။

အနီးကပ်မြင်လိုက်ရသည့် လှည်းပေါ်မှအရာတွေကြောင့် မောင်မြသာတစ်ယောက် ကြက်သီးမွေးညှင်းထကာ ခေါင်းနားပန်းကြီး သွားမိသည်။

"ဟာ ‥"

လှည်းတစ်စီးစီတွင် မြင်လိုက်ရသည်က အသုဘခေါင်းတစ်လုံး စီ တင်ထားပြီး ခေါင်းအဖုံးကတော့ ပွင့်လျက်သားနှင့်။ 'အဲဒါ ဘာလုပ် ကြတာလဲဟင်'ဟု ဘေးတွင် ယှဉ်လျက် အတူလှည်းမောင်းနေသော ဘကြီးဖိုးတုတ်ကို မေးလိုက်ချင်သော်လည်း နှုတ်ကတော့ မထွက်လာ ခဲ့။ ဘကြီးဖိုးတုတ်ကတော့ သူ၏ နီကျင်ကျင်ကွမ်းချေးတက်သွားကြီး တွေကို ဖြဲကာ ဘာတွေကို သဘောကျနေမှန်း မသိ။ တဟီးဟီးတဟား ဟား ပြုံးပျော်ရယ်မောနေ၏။

မောင်မြသာက ဘကြီးဖိုးတုတ်ကို ကြောက်လည်းကြောက် သည်။ သို့သော် ဘကြီးဖိုးတုတ်၏ လှည်းပေါ်မှာရော ဘာတွေတင်လာ သလဲဆိုတာ သိချင်မိသဖြင့် အတူယှဉ်လျက်မောင်းနေသော လှည်းကို တမင်ပင် အရှိန်လျှော့ကာ နောက်ချန်ခဲ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်သို့ ကပျာကယာကြည့်လိုက်သည့်အခါ ရှေ့က သွားသည့် လှည်းတွေပေါ်တွင် တွေ့ရသည့်အတိုင်း အသုဘခေါင်း တစ်လုံးက ပွင့်လျက်သား။ ခေါင်းသေတ္တာဘေးနံရံတွင် ..

"ဟင် .."

သူတွေ့လိုက်ရသည်ကား လူသေကို ကမ္ပည်းထိုးသလို ရေး ထိုးထားသည့် သူ့နာမည်နှင့် အသက်ပင်။

"မောင်မြသာ .. အသက် ၂၃ နှစ်"

မောင်မြသာတစ်ယောက် အူတွေအသည်းတွေ ဆွဲနှုတ်ခံရ သလို လေဟာနယ်ထဲ လွင့်မြောသွား၏။ လူတစ်ကိုယ်လုံး ဖိန်းတိန်း ရှိန်းတိန်းကြီးဖြစ်လာကာ ပျို့ချင်သလိုနှင့် မသိုးမသန့် ခံစားလိုက်ရ သည်။ သူ့ကို တစ်စုံတစ်ယောက် စိုက်ကြည့်နေသလို ခံစားရတာ ကြောင့် လှည်းဆီသို့ လှည့်ကြည့်လိုက်စဉ် ..

"ဟင် .."

ဘကြီးဖိုးတုတ်က လှည်းဦးတွင်ရပ်ကာ မျက်ထောင့်နီကြီးနှင့် သူ့ကို စိုက်ကြည့်နေသည်ကို ကြောက်မက်ဖွယ် တွေ့လိုက်ရသည်။ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထကာ လန့်သွားမိ၏။

ဘကြီးဖိုးတုတ်က ..

"ဟေ့ကောင် .. မြသာ .. သွား .. သွား .. ဟိုရှေ့က အလျှ မဏ္ဍပ်ကြီးရှေ့ထိ ရောက်အောင် မင်းလှည်းကို မောင်းဝင် သွားချေ သွား"

မောင်မြသာတစ်ယောက် အညှို့ခံထားရသည့်လူလို ဘကြီး ဖိုးတုတ်ညွှန်ပြရာ မီးရောင်စုံထိန်လင်းနေသည့် မဏ္ဍပ်ကြီးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



လှည်းကို ဒုန်းစိုင်းပြီး မောင်းချသွား၏။ အလှူမဏ္ဍပ်အနီးတွင် လူ တွေလည်း ရှိနေသည်။ အုံ့ညြစရာကောင်းသည်က မောင်မြသာ မောင်း ချလာသည့် လှည်းက တင်းကြမ်းပြည့်ကျပ်နေသည့် လူတွေထဲက ဘယ်သူ့ကိုမှ မတိုက်မိဘဲ မဏ္ဍပ်ရှေ့တည့်တည့် ဒုတ်ဒုတ်ထိ ရောက် ချသွားတော့သည်။

သို့သော် သူ သတိပြန်ဝင်လာသဖြင့် ကြည့်လိုက်ရာ ထူးထူး ဆန်းဆန်း သူ့လှည်းက ငမြောင်းချင်းရွာသို့ မရောက်ဘဲ မယ်သီတို့ ခြံဝိုင်းထဲ ဝင်နေသည်ကို သိလိုက်ရ၏။

"ဟာ . ."

နွား၏ ဇက်ကြိုးကို သတ်ပါသော်လည်း အချည်းနှီးပင်။ မောင်မြသာ၏ လှည်းကတော့ မယ်သီတို့ ခြံဝင်းတိုင်ကို ကျော်ဖြတ် ကာ နွား၏ခြေထောက်များကိုတစ်စုံတစ်ယောက်က ဆွဲသွင်းနေသလိုလို။

"ဟဲ့ . . လာခဲ့ . . လာခဲ့စမ်း အကောင် . . အခုတော့ နင် ဘာတတ်နိုင်သေးလဲ"

အသံကြားရာဆီသို့ အထိတ်တလန့်လှည့်ကြည့်လိုက်ရာ ဆံပင် ကြီး ဖိုးရိုးဖားရား မျက်လုံးနီကြောင်ကြောင်နှင့် ကဝေမကြီး ဒေါ်ဖွားသင် ကို မြင်လိုက်ရ၏။

"အား ! . . ."

ထိုစဉ် ရွေ့လျားနေသောလှည်းက တုံ့ခနဲရပ်သွားပြီး အရာ အားလုံး လင်းလင်းချင်းချင်း သဲသဲကွဲကွဲ ဘွားခနဲ ဖြစ်သွား၏။

■



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)

မောင်မြသာရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ သူနှင့်အတူလာသော လှည်းတွေလည်း တစ်စီးမှ မရှိတော့။ စောစောက မီးရောင်စုံ လင်းထိန်နေသည့် မဏ္ဍပ်ကြီးကလည်း ဘယ်ဆီရောက်သွားသည်မသိ။ အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားတော့သည်။

'ငါ့စိတ်ထဲကသာ လှည်းကို မဏ္ဍပ်ထဲ မောင်းဝင်နေတယ် ထင်နေတာ။ တကယ်တော့ မယ်သီတို့ခြံထဲကို မောင်းဝင်နေလျက်သား ဖြစ်နေပါရောလား'

ထိုစဉ် . . .

"ကိုမြသာ . . ဆက်မဝင်ခဲ့နဲ့ . . လှည်းကို မြန်မြန်လှည့် ထွက်ပြီး ထွက် . . ထွက် . . ချက်ချင်းထွက်"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီးဖြင့် စူးစူးဝါးဝါးအော်ပြောလိုက်သော မယ်သီ၏ အသံကို ကြားလိုက်ရသောကြောင့် ယောင်ယောင်မှားမှားဖြင့် သူ့မျက်လုံးတွေကို ကမန်းကတန်းပွတ်သပ်ပြီး ကြည့်လိုက်၏။ မယ်သီက သူ့ခြံဝင်းရဲ့ အနောက် တောင်ထောင့်ကနေ အော်ပြောနေခြင်းဖြစ်သည်။

သူ့ရှေ့က မြေပြင်ပေါ်မှာတော့ ကြေးလင်ပန်းတစ်ချက် မှောက်နေပြီး ဘေးတွင်ကား ဖယောင်းတိုင်များ၊ ချည်ကြိုးတစ်ထွေး၊ အင်းချထားသည့် အိုးခြမ်းကွဲ၊ အဝတ်ဖြင့်လုပ်ထားသည့် လူရုပ်၊ ပင်အပ်များ စသဖြင့် ပစ္စည်းပစ္စယများက မှောက်ကျပျံ့ကြဲနေ၏။

မောင်မြသာတစ်ယောက် အံ့ဩတကြီး ကြည့်နေမိစဉ်မှာပင် ဘီလူးဆိုင်းတီးသလို အိမ်ပေါ်ကနေ ဒေါ်သတကြီးနှင့် ခုန်ဆင်းလာသော ဒေါ်ဖွားသင်ကို ရိပ်ခနဲ မြင်လိုက်ရ၏။ ပထမတော့ မောင်မြသာက ဒေါ်ဖွားသင် သူ့ဆီပြေးလာပြီး အန္တရာယ်များပြုလေမလားဟု လန့်သွားမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေါ်ဖွားသင် ခြံထောင့်ရှိ မယ်သို့ဆီသို့ ပြေးသွားကာ ဆံပင်အုံ့ကို ဆတ်ခနဲ ဆောင့်ဆွဲလိုက်ရင်း . . .

"ဟဲ့ကောင်မ . . ညည်းတော်တော် လင်ဆာနေတယ်ပေါ့ ဟုတ်လား။ ကိုယ့်ကို ဒုက္ခပေးဖို့ တိုင်လားတောလားလုပ်တဲ့ ကောင်ကိုတောင် ညည်းက မက်မက်မောမောဖြစ်နေရအောင် သူ့မှာ ဘာများအပိုပါတယ်လို့ ညည်းထင်နေလဲ။ ယောကျ်ားမှန်ရင် တစ်ခုပဲအေ။ ဒီလောက်လင်ရှားသလား ညည်းက ဟမ် . ."

ဒေါ်ဖွားသင်၏ ညစ်ညစ်ညမ်းညမ်းအပြောကြောင့် ကြောက်တာရော ရှက်တာရောရောပြီး မောင်မြသာ မျက်နှာမထားတတ်အောင် ဖြစ်သွား၏။ ညှို့ယူထားသော အစီအရင်က မယ်သို့လက်ချက်ကြောင့် ပျက်ပြယ်သွားပြီမို့ ခြေတစ်လှမ်းစ နှစ်လှမ်းစသာ ခြံဝင်းထဲ ဝင်ရသေးသော လှည်းကို ထမ်းပိုးကနေ သူကိုယ်တိုင်ဆွဲ နောက်လှည့်ပြီး အပြင်ထုတ်ကာ ခပ်သုတ်သုတ် ပြန်မောင်းထွက်လာခဲ့တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ခင်မှူးရေ . . ကျုပ်တော့ အသက်နဲ့ကိုယ် အိုးစားကွဲပြီ မှတ်တာ။ ဘုရားမလို့ . . . ဟူး . ."

မောင်မြသာက ကြောက်ရွံ့မပြယ်သေးဟန်ဖြင့် ညက သူကြုံတွေ့ခဲ့ရသည့် အဖြစ်ကို ခင်မှူးကို ခရေစေ့တွင်းကျ ပြောပြလိုက်၏။ ခင်မှူးကတော့ တစ်ချိန်လုံး ငြိမ်ပြီးသာ နားထောင်နေမိတော့သည်။ အမေဖြစ်သူ ဒေါ်ဖွားသင်ကိုတောင် ဆန့်ကျင်ပြီး မောင်မြသာ၏ အသက်ကို ကယ်လိုက်သော မယ်သို့ကိုလည်း အံ့ဩမိသည်။

မယ်သီဟာ . . ဘာသဘောလဲ။ ကိုရင်မြသာရဲ့အချစ်ကို အနုနည်းနဲ့ သိမ်းပိုက်ဖို့ ကြံနေလား စသည့်အတွေးများက ခင်မှူ့ရင်ထဲ မီးစနှင့်ထိုးသလို ပူလောင်သွားစေသည်။

"တော်သေးတယ် . . ကျုပ်ကို မယ်သီကယ်ပေလို့ . . နို့မို့ဆို ကျုပ်အဖြစ်က တွေးတောင် မတွေးရဲစရာပဲ"

"ဘာလဲ . . ကိုရင်မြသာက မယ်သို့အပေါ် မေတ္တာသက်ဝင်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူး ခင်မှုံရယ်။ ကျုပ်ဘဝမှာ ဟောဒီက ခင်မှုံ တစ်ယောက်တည်းကိုသာ ချစ်တာပါ။ အခုလည်း ချစ်တယ်။ နောင်လည်း တစ်သက်လုံးချစ်မယ် ဟုတ်ပြီလား"

ထိုအခါမှ တစ်ချိန်လုံး မှုန်ကုပ်နေသည့် ခင်မှုံ့မျက်နှာလေးက ပြန်ပြီးဝင်းပလာတော့သည်။

"ဒါဆိုလည်း ‥ ပြီးရော ‥"

ခင်မှုံက မူနွဲ့နွဲ့ဖြင့် မျက်စောင်းလေးတစ်ချက် မထိုးချင် ထိုးချင် ထိုးလိုက်သည်။ မောင်မြသာက ‥

"ခင်မှုံလည်း သတိထားပြီးနေဦးနော်။ အဲဒီအဖွားကြီးက မလွယ်ဘူး။ ကျုပ်ကိုမုန်းတာနဲ့ ခင်မှုံ့ကိုပါ အန္တရာယ်ပြုမှာ ကျုပ်စိုးရိမ်တယ်"

"ခင်မှုံ့အတွက် မစိုးရိမ်ပါနဲ့တော်။ ဒီမှာ ကိုရင် ‥ ရေစင်တော် ဂိုဏ်းကို ကိုရင် ကြားဖူးမှာပေါ့"

"အင်း ‥ ကြားဖူးတယ်လေ။ မြွေတွေဘာတွေရဲ့ အဆိပ်ကို ဖြေတာ တော်တော်စွမ်းဆိုပဲ"

"ဟုတ်တယ်။ မြွေဆိပ်တင် မကဘူး။ ပယောဂလည်း နိုင် တယ်။ ခင်မှုံငယ်ငယ်တုန်းက အဖေတို့ ကိုးကွယ်တဲ့ ဘုန်းဘုန်း ကြီးနဲ့အတူ ဆရာတစ်ယောက်ပါ လာဖူးတယ်။ အဲဒီဆရာက ခင်မှုံတို့တစ်အိမ်သားလုံးကို စုတ်တံနဲ့ ဆေးလေးတစ်တို့ဆီ လောက် ပေါက်ထိုးပေးခဲ့ဖူးတယ်။ ပယောဂအတွက် ကိုယ်လုံ တယ်၊ စိတ်ချရတယ် ကိုရင်မြသာရဲ့"

"ဩော် ‥ ဩော် ‥ တော်သေးတာပေါ့။ ဒီလိုဆိုရင်တော့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံ့အတွက် ကျုပ် စိတ်အေးရပါပြီ”

ခင်မှုံက သူ့အတွက် စိတ်ပူပေးနေရှာသော ချစ်သူကို စိတ်မကောင်းစွာနဲ့ ငေးကြည့်နေပြီးမှ ..

“ခင်မှုံက ဘာမှမဖြစ်ဘူး။ ခင်မှုံစိတ်ပူတာ ကိုရင်မြသာကိုပဲ။ ကိုရင်က တစ်ရွာဝင်တစ်ရွာထွက် ဓာတ်စက်လှည့်ဖွင့်နေရတာ။ ဘုရားတရားကို ကိုးကွယ်ဆည်းကပ်မိတဲ့အခါလည်း ရှိသလို မေ့လျော့နေမိတဲ့အခါတွေလည်း ရှိမှာပဲ။ အဲဒါကြောင့် ခင်မှုံ့မှာ ကိုရင်များ ခရီးလှည့်ပြီဆို ရင်တထိတ်ထိတ် ညဆို အိပ်လို့တောင် မပျော်ဘူး”

ထိုစဉ်မှာပင် ရွာမြောက်ဖျားဘက်ဆီမှ ပြန်လာသော မယ်သီက ..

“ကိုမြသာရေ .. ကိုမြသာ”

ဟု လှမ်းအော်ခေါ်လိုက်၏။ အနည်းငယ်လှမ်းနေတာကြောင့် မယ်သီ၏ခေါ်သံကို မောင်မြသာက သဲသဲကွဲကွဲ မကြားလိုက်။ ခပ်သဲ့သဲ့ ကြားလိုက်သော ခင်မှုံက လှည့်ကြည့်လိုက်ရာ မယ်သီ့ကို တွေ့သွား၏။ ခင်မှုံ မျက်နှာတစ်ချက်ပျက်သွားမိသည်။ သူနှင့်အတူ တွဲသွားသည်ကို မြင်ပါလျက် လှမ်းအော်ခေါ် နှုတ်ဆက်ရဲသော မယ်သီ့ကို စိတ်ထဲ ဖျတ်ခနဲဖြစ်သွားမိသည်။

“ကိုမြသာ ..”

မယ်သီက လှမ်းအော်ခေါ်ရင်း အပြေးကလေး လှမ်းလာ၏။ ဒီတစ်ကြိမ်မှာတော့ မောင်မြသာက လှမ်းကြည့်မယ်ပြုရာ ခင်မှုံ့ အကြည့်မခံဘဲ ..



www.burmeseclassic.com

www.burmeseclassic.com



"လာပါ . . ကိုရင်ရယ် . . အဖက်လုပ်မနေစမ်းပါနဲ့။ အမေနဲ့ သမီး အတူတူပဲဖြစ်မှာပါ။ အဆက်အဆံမလုပ်တာ ကောင်းပါတယ်။ လာ . . လာ ခပ်သွက်သွက်လျှောက်"

ခင်မှုံက မောင်မြသာ၏လက်မောင်းကို ဆွဲကာ နေရာမှ ခပ်သွက်သွက် သုတ်ခြေတင်ကာ လှည့်ထွက်သွားတော့သည်။ သူ့ကို မတူမတန် ဆက်ဆံသွားသော ခင်မှုံကို မယ်သီတစ်ယောက် အခဲမကျေသည့် မျက်လုံးများဖြင့် စိုက်ကြည့်ရင်း ကျန်နေခဲ့တော့၏။


■



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၈)

ထိုသို့ဖြင့် မောင်မြသာတစ်ယောက် ရွာစဉ် တတ်စက်လိုက်ဖွင့်ရင်း ခင်မှုံတို့ရွာသို့ မရောက်တာ တစ်လနီးပါးခန့်ကြာသွားသည်။ ထိုအချိန်က လယ်သမားအများစု၏ စပါးသိမ်းချိန်၊ ငွေပေါ်ချိန်ဆိုတော့ အလှူအတန်းတွေကလည်း ဆက်နေသဖြင့် မောင်မြသာ၏ တတ်စက်မှာ လက်မလည်အောင် ဖွင့်နေရတော့သည်။

တစ်နေ့ ငမြောင်ချင်ရွာက အလှူအပြီး ကျောက်စည်ရွာသို့ အကူးတွင် အံ့သြစရာကောင်းသော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လိုက်ရသည်။ မောင်မြသာရောက်သွားသောအချိန်က ညနေစောင်း နေမင်းခင်အချိန် ဖြစ်သည်။ မိုးကုတ်စက်ဝိုင်းအဆုံးမှာပင် နေရောင်က



www.burmeseclassic.com

www.burmeseclassic.com





ကောင်းကောင်းမကွယ်ပျောက်သေး။ သို့သော် ထူးဆန်းသည်က တစ်ရွာလုံးက တံခါးကိုယ်စီပိတ်ကာ ဘယ်သူမှ ရွာထဲက မထွက်တော့။ မောင်မြသာစိတ်ထဲ မကောင်းသည့်အတိတ်နိမိတ်တစ်စုံတစ်ရာကို ခံစားရသလို မွန်းကြပ်သွားသည်။

ရွာသူကြီးလည်းဖြစ် အလှူရှင်လည်းဖြစ်သော သူကြီးဦးထွန်းဖံအိမ်သို့ ဦးတည်သွားလိုက်တော့မှ ရွာတွင် ဓားပြအတိုက်ခံရသဖြင့် အလှူပွဲပျက်သွားကြောင်း သိရသည်။ တိုးတိုးတိတ်တိတ်မေးကြည့်တော့မှ ဓားပြတိုက်သွားသူက ဒီနယ်မြေတစ်ကြောတွင် လက်စလက်နရှိသော ကျော်ဒင်ဆိုသူ၏ လက်ချက်ဖြစ်ကြောင်း ပြောပြသည်။

ကျောက်စည်ရွာဆယ်အိမ်ခေါင်း ကိုနီကပင် . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်မြသာရေ ‥ကျော်ဒင်ဆိုတဲ့ ဓားပြဗိုလ် မိုက်ရိုင်းချက်ကတော့ ကမ်းကုန်သကွယ်။ သူ့ကိုလည်း ပေါ်ပေါ်တင်တင် တိုင်လားတောလား မလုပ်ရဲဘူး။ တော်ကြာ သတင်းပေါက်ကြားပြီး လာသတ်သွားမှာလည်း စိုးရိမ်ရသေးတယ်။ တချို့ရွာတွေမှာ သူ့ရဲ့ ဝမ်းကွဲဆွေမျိုးတွေ ရှိတယ်တဲ့။ သူတို့ကပဲ လက်ထောက်ချနေသလားတော့ မသိပါဘူးကွယ်"

အလှူပွဲမဖြစ်မြောက်သဖြင့် မောင်မြသာလည်း ကျောက်စည်ရွာတွင် တစ်ညအိပ်လိုက်ပြီး နောက်တစ်နေ့ မနက်စောစောတွင် ကိုင်းထောက်ရွာသို့ ကူးသွားလိုက်၏။ ထိုရွာမှာလည်း လာမည့်အဖိတ်နေ့ကျလျှင် အလှူလုပ်မည်ဟုဆိုကာ ကြိုတင်ငှားထားသောကြောင့် ဖြစ်သည်။

လာမယ့်သာ လာခဲ့ရသည်။ ရင်ကတော့ တထိတ်ထိတ်နှင့်။ ကျောက်စည်ရွာနှင့် ကိုင်းထောက်ရွာက ဘာမှမဝေး။ ကျောက်စည်တွင် ဓားပြအတိုက်ခံရသည်ဆိုလျှင် ကိုင်းထောက်ကိုလည်း အာမခံနိုင်မည်မဟုတ်။ သို့သော်လည်း ကိုယ့်ကို ဓာတ်စက်ဖွင့်ဖို့ ငှားထားပြီဆိုတော့ ကိုယ့်ဘက်က တာဝန်ကျေအောင် သွားရဦးမည်မဟုတ်လား။

သည်လိုနှင့်ပင် မောင်မြသာတစ်ယောက် ဓာတ်စက်ကြီးကို ထမ်းကာ ကိုင်းထောက်ရွာသို့ ရောက်လာခဲ့သည်။ သူရောက်သွားသောရွာ၏ အခြေအနေက အလှူအတွက် ပျော်ပျော်ပါးပါးပြင်ဆင်နေတာကို မတွေ့ရချေ။ လူတွေက အထိတ်ထိတ်အလန့်လန့်ဖြင့် ကျီးလန့်စာစားဖြစ်နေကြသည်။

မောင်မြသာထင်သည့်အတိုင်းပင်။ အလှူပွဲဆိုတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားမှန်းမသိတော့။ မေးကြည့်တော့လည်း ကျောက်စည်ရွာ အတိုင်းပင်။ ဓားပြဗိုလ် ကျော်ဒင့်လက်ချက်ဖြစ်မှန်း သိရသည်။

အလှူရှင်လယ်သူဌေးကြီး ဦးစံပက ..

"စိတ်မကောင်းပါဘူး မောင်မြသာရယ်။ အလှူကတော့ ရက်ရွှေ့ရတော့မယ်"

"ဘာဖြစ်လို့လဲဟင် ဦးလေး"

"ဘာဖြစ်ရမလဲကွယ်။ သတင်းအရတော့ ဓားပြဗိုလ်ကျော်ဒင်တို့ လူစုက ရွာကို ဝင်တိုက်ဖို့ ကြံနေကြတယ်ဆိုပဲ။ နေ့ဖြစ်လေမလား ညများ ဖြစ်မလားဟဲ့ဆိုပြီး သတိထားနေကြရတယ်။ ဒီလိုအခါကြီးမှာ ဘယ်လိုလုပ်ပြီး အလှူပွဲခင်းနိုင်မလဲကွယ်"

မောင်မြသာလည်း စိတ်မကောင်းရုံအပြင် ဘာမှမတတ်နိုင်တော့။ ရွာသားတွေလည်း ရွာစည်းရိုးခတ်သူခတ်၊ ဆူးခက်တွေ ကာပြီး ခြေတံရှည်ကင်းတဲဆောက်သူဆောက်နှင့် အလုပ်ရှုပ်နေကြသည်။ မောင်မြသာလည်း အလှူပွဲမလုပ်ဖြစ်သည့်တိုင် ဒီရွာပြီးသည့် နောက်မှာ ပွဲဆက်ကူးသွားစရာ ရက်ချိန်းမရှိသောကြောင့် ကိုင်းထောက်မှာပဲ နှစ်ညသုံးညနေဖြစ်သည်။ မြားတွေ ချွန်ပေး၊ ဝါးကို ချွန်ပြီး မီးသင်ပေး၊ ခြံစည်းရိုးကူခတ်ပေးနှင့် ဗိုင်းပြီး လုပ်အားပေးလိုက်သေး၏။

အားလုံး လုံခြုံလောက်ပြီဆိုသည့် အခြေအနေကျမှ မောင်မြသာလည်း ခင်မှုံတို့ရွာကို သတိရမိလေတော့သည်။ 'ခင်မှုံတို့ရော အေးအေးချမ်းချမ်း ရှိရဲ့လား မသိဘူး'ဟု တွေးရင်း ခင်မှုံတို့ ဝိုကြီးကုန်းရွာဆီသို့ ကူးလာခဲ့သည်။ ဓာတ်စက်ကြီးကို ပခုံးပေါ်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပြားချပ်များထည့်ထားသည့် ဂျပ်ပုံးကို လက်တစ်ဖက်က ပွေ့ပြီး လေ့ဆိပ်ခံတံတားအတိုင်း တက်လာခဲ့သည်။

ရွာအခြေအနေကို မြင်ရတော့ ပုံမှန်အတိုင်း ထူးခြားမှုမရှိသဖြင့် မောင်မြသာတစ်ယောက် စိတ်ထဲအနည်းငယ်အေးသွား၏။ အလှူပွဲမရှိပါပဲ ခါတ်စက်ကြီး ပခုံးထမ်းကာလာသော မောင်မြသာကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြရင်း တချို့ကလည်း ..

"ဟယ် .. မြသာ .. အလှူပွဲမရှိဘဲနဲ့ မင်းဟာကြီးက ဘယ်မှာ ဖွင့်မလို့တုန်း"

ကလေးတွေကတော့ ထုံးစံအတိုင်း ခါတ်စက်ထမ်းလာသော မောင်မြသာကို မြင်သည်နှင့် ဟေးခနဲဝါးခနဲ အော်ဟစ်ရင်း နောက်မှ တသီတတန်းကြီး လိုက်ချလာတော့သည်။ မောင်မြသာကတော့ သူကြီးအိမ်သို့သာ တန်းသွားလိုက်သည်။ အိမ်ရှေ့ရောက်တော့ သူကြီး အရိပ်အကဲကိုကြည့်ရာ မတွေ့သောကြောင့် ခင်မှုံ့ကိုပဲ တန်းခေါ်လိုက်သည်။

"ခင်မှုံရေ .. ခင်မှုံ"

ခင်မှုံက သနပ်ခါးအဖွေးသား မျက်နှာလေးနှင့် အိမ်ထဲမှ ပြေးထွက်လာသည်။

"ဟောတော့ .. ကိုရင်မြသာ .. ဘယ်လိုဖြစ်တာတုန်း။ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ပါလား .. လာ .. လာ"

မောင်မြသာက အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။ သူကြီးအိမ်သို့ ဆက်မဝင်ရဲတော့ဘဲ ခြံရှေ့ရပ်ကြည့်နေသော ကလေးများကို မောင် မြသာက ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတို့ရေ ‥ ညမှ ဦးဦးဓာတ်စက်ဖွင့်ပြမယ်နော်။ အခု အိမ်ပြန်လိုက်ကြဦး ‥ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ကလေးများက အော်ဟစ်ခုန်ပေါက်ကာ ပြေးထွက်သွားကြသည်။

"ခင်မှုံ ‥ သူကြီးရော မမြင်ပါလား။ ဘယ်သွားလဲ"

မောင်မြသာက အိမ်အတွင်းထဲဘက်ဆီသို့ ကဲကြည့်ရင်း မေးလိုက်သည်။ ခင်မှုံက ‥

"မရှိဘူးတော့ ‥ မြို့မှာ ဒါဘာပွဲရှိလို့ သွားတယ်လေ"

"ဟင်း ‥ သူကြီးကလည်း အရေးထဲမှ မရှိရတယ်လို့"

မောင်မြသာ၏ တစ်ကိုယ်တည်း တီးတိုးညည်းသံကြောင့် ခင်မှုံက ‥

"ဘာဖြစ်လို့လဲ ကိုရင်မြသာရဲ့"

"ခင်မှုံတို့ မကြားဘူးလား။ ဟိုဘက်တရိုးမှာ ဓားပြဆိုးနေတယ်တဲ့။ ဓားပြဗိုလ်က တော်တော်ရက်စက်တယ်ဆိုပဲ။ နာမည်က ကျော်ဒင်တဲ့"

"ဟင် ‥ ကျော်ဒင် ဟုတ်လား"

ခင်မှုံက မျက်မှောင်ကျုံ့ပြီး တွေခနဲ စဉ်းစားလိုက်၏။ မောင်မြသာက ‥

"ခင်မှုံ့လေသံက သူ့ကို သိနေသလိုပဲ။ ခင်မှုံ့က ကျော်ဒင်ကို သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မောင်မြသာက ကျောက်စည့်ရွာသား ဆယ်အိမ်ခေါင်းကိုနီ ပြောလိုက်သည့် 'တချို့ရွာတွေမှာ ကျော်ဒင်ရဲ့ ဝမ်းကွဲဆွေမျိုးတွေ ရှိတယ်'ဆိုတာ ခင်မှုံတို့များလားလို့ ထင်သွားမိသည်။

"သိသပေါ့ ‥ အဲဒီကျော်ဒင်ဆိုတာ မယ်သီတို့အမျိုးလို့ သတင်းထွက်နေတာလေ။ ဒေါ်ဖွားသင်တို့ တူတစ်ဝမ်းကွဲ ဆိုလား ပြောကြတယ်။ ဟုတ်ချင် ဟုတ်နေမှာ။ ဒါကြောင့် သူတို့သားအမိက ဓာတ်မီးရုံကို ထုတ်မပြောင်တာနေမှာပေါ့"

"ဟာ ‥ ဒုက္ခပါပဲ ခင်မှုံရယ် ‥ သူကြီးကလည်း မရှိဘူး။ ဘယ်လိုလုပ်ကြမလဲ"

"စိတ်မပူပါနဲ့တော်။ အိမ်မှာ အဖေမရှိပေမဲ့ သူရင်းငှား ယောက်ျားသားတွေတော့ ရှိသားပဲ။ ပြီးတော့ ကိုရင်မှာလည်း ဓာတ်စက်ပါတယ်။ ညဘက်ဓာတ်စက်ဖွင့်ရင် ရွာကလူတွေ လာနားထောင်မှာပဲ။ ညည့်နက်တဲ့အထိ လူတွေ တရုန်းရုန်းနဲ့ ဆိုရင်တော့ ဘယ်ဓားပြမှ လာရဲမှာ မဟုတ်ပါဘူးတော်"

သည်လိုနှင့် ညဘက်အမှောင်သန်းချိန်တွင် ဓာတ်စက်ဖွင့်ဖို့ ပြင်ကြတော့သည်။ လူကြိုက်များလှသည့် မင်းသားကြီး ဂရိတ်ဦးဖိုးစိန် ၏ ကာကဝလ္လိယ ဓာတ်ထုပ်ကို ဖွင့်ပြဖို့ မောင်မြသာက ဓာတ်စက်ကို သံပတ်ပေးလိုက်သည်။ ဓာတ်စက်ကြိုက်သော ရွာသူရွာသားနှင့် ကလေးများကတော့ တပေးပေး တဝါးဝါးနှင့် ပျော်ရွှင်နေကြသည်။

ခင်မှုံလည်း ချစ်သူအနားတွင်ထိုင်ပြီး ဓာတ်စက်နားထောင်ရ သည်မို့ ပြုံးရွှင်နေ၏။ တဖြည်းဖြည်းနှင့် ဓာတ်စက်နားထောင်ကြရင်း ညည့်နက်လာသည်မို့ အိပ်ငိုက်သူငိုက်၊ ပြန်သူပြန်နှင့် ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ခင်မှုံတို့အိမ်ခေါင်မိုးပေါ်သို့ 'ဒုန်းခနဲ' ခဲလုံးကျသံ ကြားလိုက်ရ၏။

"ဒုန်း ‥"

ဪ ‥ ဘယ်သူများ လက်ဆော့သလဲဟု တွေးကာ အရေးမကြီးသလို နေလိုက်မိသည်။ တကယ်တော့ ထိုခဲလုံးကျသံ၏ အဓိပ္ပာယ်က ဘာလဲဆိုသည်ကို သူကြီးသာရှိလျှင် သိမည်မှာမလွဲ။ သို့သော် လူငယ်တွေချည်းပဲမို့ ရေးကြီးခွင်ကျယ်လုပ် မစဉ်းစားဘဲ ခပ်ပေါ့ပေါ့ သာသာ နေလိုက်ကြသည်။

တကယ်တော့ ထိုခဲကျသံသည် ဓားပြ၏ ရှေ့တော်ပြေးများက ဒီရွာမှာ သူကြီး ရှိ၊ မရှိ သိချင်သဖြင့် စမ်းပြီး ခဲနှင့်ပေါက်ကြည့်ခြင်းပင်ဖြစ်သည်။ သူကြီးရှိမည်ဆိုပါက ထွက်လားပြုလား မေးလားစမ်းလား နှင့် နှစ်လုံးပြူးကြီးကိုင်ပြီး လိုက်ရှာဦးမှာ သေချာသည်။

အခု တုတ်တုတ်မျှမလှုပ်သောအခါ အိမ်မှာသူကြီးမရှိကြောင်း သေချာသွားသည်။ ထို့ကြောင့် ရွာခံအလံရှူးက ဓားပြများကို လာဖို့ မီးစိမ်းပြလိုက်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၉)

“နှစ်ပါး မြဂဟော ‥ မခြားလှုစေဖို့ပင် ‥၊ ခင် ‥ ခင် တောဒီက ကာကဝလ္လိယမောင်နှံစုံကြင် ‥ တစ်သားတည်းရယ်လို့ထင် ‥ ချစ်ကြခင်ကြတာကို မြင် ‥”

မောင်မြသာ၏ဓာတ်စက်မှ လွင့်ပျံလာသည့် ဓာတ်ထုပ်ပါ နှစ်ပါးခွင်မြိုင်ထသီချင်းကို အိမ်ဦးခန်းဘုရားစင်ထောင့်တွင် သူကြီးကတော်ကြီးက မှီအုံးကြီးကို ပေါင်ပေါ်တင် တံတောင်ဆစ်ထောက်ပြီး အငေးသားဖြင့် နားထောင်နေ၏။ သူ့ရှေ့တွင်ကား ကွမ်းအစ်တစ်လုံး ချထားပြီး ကွမ်းသီးထောင်းလို့ရအောင် ကျည်ပွေ့ပါ သံဆုံ သေးသေး တစ်ခုလည်း ချထားသည်။

www.burmeseclassic.com





မေးထောက်နေရာမှ ဖက်ဖြူဆေးလိပ်ကြီးကို ဖွာကာ ခာတ်စက်အော်လံမှ ပေါ်ထွက်လာသည့် ဖိုးစိန်ကြီး၏အသံကို နားထောင်ရင်း မျက်လုံးထဲမှာ ပွဲခင်းကြီးကို မြင်ယောင်နေတော့သည်။

တစ်ချက်တစ်ချက် မျက်လုံးလေးများက မှေးစင်းငိုက်မြည်းသွားလိုက်၊ ပြန်နိုးလာတော့ ခာတ်စက်ထဲက အသံလေး ခံစားလိုက်နှင့် ဇိမ်ယူနေလေသည်။

''ပုဇ္ဇေစအခြေ၊ တို့မျှားရဲ့ကံကိုပ ယိုးမယ်ဖွဲ့ညို့ရတော့မလိုပေ၊ မွေးသန္ဓေ ဆိုးပလေ ‥ ဆင်းရဲသားတို့တွေ အမျိုးမို့ ‥ ကံဆိုးတဲ့ မောင်နှံ ရှေးကံဆိုး ‥ မိုး ‥ မိုး ‥ မိုး လိုက်လို့ရွာသလိုပေ''

ခာတ်စက်သံက ပီပီသသကြည်ကြည်မြမြ ပျံ့လွင့်နေ၏။ နားထောင်သူအပေါင်းကလည်း ခာတ်စက်ထဲတွင် လိုက်ပါစီးမျော ခံစားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံကတော့ ခာတ်စက်တင်ထားသည့်ခုံပေါ် မေးတင်ပြီး နားထောင်နေလေ၏။ ချစ်သူက မိမိဖွင့်ပြသော ဓာတ်ထုပ်ထဲတွင် မျောနေတာကို တွေ့ရတော့ မောင်မြသာရင်ထဲ ကြည်နူးပါသည်။ အပ်လဲဖို့ အပ်စူး၊ မစူးသိရအောင် ပါးကို ဖောင်းပြီး ရွှရွလေး ထိုးစမ်းရသည့်မှာလည်း ဘယ်နှကြိမ်မှန်းမသိတော့။ မောင်မြသာက ချစ်သူတစ်ယောက် တစ်ခဏလေးမှာတောင် နားသောတအာရုံပျက်သွားမှာစိုးသဖြင့် အရာရာ အသင့်ပြင်ထားသည်။

ထိုခဏမှာပင် ဓာတ်စက်ထဲမှ ဖိုးစိန်ကြီး၏ ငိုချင်းချလိုက်သည့် အသံက ပီပီသသကြီး ပေါ်ထွက်လာပြန်သည်။ ဆယ်အိမ်ခေါင်းကိုသာပျောတို့လင်မယားမှာတော့ နံရံကို မှီရင်း ဖိမ်ကျနေ၏။ သူကြီးအိမ်တွင် ခိုင်းထားသည့် စာရင်းငှားကိုကြွယ်နှင့် မီးဖိုချောင်တွင် တာဝန်ယူရသည့် ဒေါ်ပုနှင့် မသင်းထုံတို့ကလည်း မနီးမဝေးဖျာပေါ်တွင် ရင်ဘတ်အောက်မှာ ခေါင်းအုံးချပြီး မှောက်လျက်သား နားထောင်နေ၏။

ကျွန်ရွာသားသုံးလေးငါးယောက်ကတော့ ဒူးတစ်ဖက်ထောင်၊ တစ်ဖက်လဲ၊ ထိုင်သူက ထိုင်၊ အိမ်တိုင်ကို မှီသူက မှီနှင့် ကာကဝလွှိယ ဓာတ်ထုပ်ထဲ မျောပါနေကြတော့သည်။

"ဒါနမျိုးရယ် ‥ နည်းခဲ့တဲ့ ကံသိုလ်လေ ‥
တစ်ရွှေးတစ်ပြားရယ်မှ ‥ အကြွေးများနှယ်ဘဝ ‥
ငြော် ‥ ဖြစ်ရဖြစ်ရပလေ ‥ မယားအချစ်ရေ ‥
မတရား အပြစ်တွေ ‥ ကြေပါ ကြေပါစေ"

ဖိုးစိန်ကြီး၏ ငိုချင်းသံကြားရသော စာရင်းငှားကိုကြွယ်ကာ ‥



www.burmeseclassic.com

www.burmeseclassic.com



"ငါ့လခွေး .. မင်းသားကလဲကွာ .. ဆင်းရဲလို့ ညည်းလိုက်တာ ချုသံကို ပါနေတာပဲ။ ငါတို့လယ်သမားတွေကို ဘူလင်ဂျာပူး နှိပ်စက်လို့ မွဲရတဲ့ကိန်းအတိုင်းပါပဲလားဟ"

ဟု လွှတ်ခနဲ ညည်းလိုက်သဖြင့် တခြားသူတွေမှာလည်း ပြုံးရမလို မဲ့ရမလို ဖြစ်သွားကြသည်။ ထိုခေတ်တုန်းက ဘူလင်ဂျာပူး ကုမ္ပဏီက ဈေးကစားသဖြင့် စပါးဈေးတွေ ထိုးကျသွားရာ လယ်သမား အတော်များများ ဆင်းရဲဒုက္ခရောက်သွားပြီး ချစ်တီးတွေထံတွင် လယ်ဆုံး မြေဆုံး ဖြစ်သွားရသည့် အချိန်ကာလ ဖြစ်သည်။

ထို့သို့ဖြင့် အားလုံးက ကိုယ့်အကြောင်းနှင့်ကိုယ် နှီးနွှယ်ရာ အတွေးကိုယ်စီဖြင့် ရောက်တတ်ရာရာစိတ်ကူးသူက ကူး၊ ဓာတ်စက် ဓာတ်ထုပ်ထဲမှာ စိတ်တဆုံးတလျား နစ်သူကနစ် ရှိနေကြတာကြောင့် အမှောင်ရိပ်ကို ခိုကာ အိမ်တံခါးလျှေခါးဆီသို့ တရွေ့ရွေ့ကပ်လာကြသည့် ဓားပြ (၇) ယောက်ကို မည်သူမျှ သတိမထားမိကြချေ။

ဓားပြအဖွဲ့ကို ရှေ့မှဦးဆောင်သူက တူမီးသေနတ်ကို လွယ်ထားပြီး အားလုံးလိုလိုက ဓားလွတ်ကိုယ်စီကိုင်ဆောင်ထားကြသည်။ ရှေ့ဆုံးက ခေါင်းဆောင်သူကား အခြားမဟုတ်။ အရှေ့ရွာတရိုးကို လှည့်လည်တိုက်နေသူ ဓားပြဗိုလ်ကျော်ဒင်ပင် ဖြစ်သည်။

ခင်မှုံတို့ရွာတွင်ရှိသည့် ကျော်ဒင့်နှမဝမ်းကွဲ မယ်သီက လက်ထောက်ချသဖြင့် သူကြီးမရှိသည့် ဒီလိုညမှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်း ဖြစ်တော့သည်။

"ကိုရင်တို့ .. တစ်အိမ်လုံးကို လှန်လိုလှန် မှောက်လိုမှောက် ပြောင်းဆန်အောင်သာ လုပ်ရစ်ကြ။ ဒါပေမဲ့ ကိုမြဘကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး ထိထိခိုက်ခိုက်ဖြစ်အောင် မလုပ်ပါနဲ့ ကိုရင်ရယ် . . ခမျာမယ် ဟိုကောင်မ သွေးထိုးလို့သာ ကျူပ်ကို စိမ်းရတာ ပါတော်''

ဟု တောင်းပန်ခဲ့သည့် နှမမယ်သီ၏စကားကို ကျော်ဒင်က ပြန်ကြားယောင်ပြီး အမှောင်ထဲတွင် ပြုံးမိသေးသည်။ ထို့နောက် ကျော်ဒင်က သူ့တပည့်တွေကို မျက်ရိပ်ပြအချက်ပေးလိုက်ရာ နောက်မှ တပည့်နှစ်ယောက်ကသာ အစောင့်အဖြစ် ကျန်ရစ်ကာ ကျန်သူတွေက လှေကားဆီသို့သွားကာ အိမ်တံခါးကို ခေါက်လိုက်၏။

''ဒေါက် . . ဒေါက် . . ဒေါက်''

အားလုံး ဇာတ်ထုပ်ထဲ မှောနေကြစဉ် ကြားလိုက်ရသော အသံကြောင့် လန့်ကာ ဆတ်ခနဲ တုန်သွားမိသည်။ ဆယ်အိမ်ခေါင်း ကိုသာဗျောက နံရံကိုမှီနေရာမှ မထဘဲ . .

''ဟေ့ . . ညကြီးမိုးချုပ် အိမ်တံခါးကို လာခေါက်တာ ဘယ်သူ လဲကွ''

ထိုအခါ ကျော်ဒင်က အသံခပ်အုပ်အုပ်ဖြင့် . .

''ကျွန်တော်တို့ ခတ္တိယကျွန်းက ငှက်ပျောသီးကုန်သည်တွေ ပါ။ ဒီရေကျနေလို့ လှေအဝင်နောက်ကျတာနဲ့ အခုမှပဲ သူကြီးအိမ်ကို ငှက်ပျောခိုင် လာပို့တာပါ''

ဆယ်အိမ်ခေါင်းကိုသာဗျောက 'ဘယ်လိုလုပ်မလဲ'ဆိုသည့် အမူအရာအမေးနှင့် သူကြီးကတော်ကို လှမ်းကြည့်လိုက်ရာ သဘော ကောင်းသော သူကြီးကတော်က . .

''ဖွင့်ပေးလိုက်ပါကွယ် . . ထမင်းတွေဘာတွေများ ဆာလာကြ



www.burmeseclassic.com

www.burmeseclassic.com



မလား မသိဘူး။ ဟဲ့ ‥ မပုတ္တိ လှထုံတို့ရေ ‥ ရှိတာလေးနဲ့ ရှုးခပ်ကျွေးရအောင် ပြင်ပါကွယ်''

ဟု လှမ်းပြောလိုက်သည်။

ဆယ်အိမ်ခေါင်း ကိုသာဗျောက မှိုနေရာမှ တဟင်းဟင်း တအဲအဲ ညည်းတွားရင်း ‥

"တယ် ‥ ခက်တဲ့ကောင်တွေပဲကွာ။ ဒီအချိန်ကြီးကျမှ ‥"

ဟု ခပ်တိုးတိုးပြောလည်းပြော တံခါးမင်းတုပ်ကိုလည်း ဖြုတ်ပေးလိုက်သည်။

"ဂျောက် ‥ ဂလောက်"

"ဟင် ‥"

တံခါးကိုဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ချွန်မြသော ဓားသွား၏ ထိပ်ဖျားက ဆယ်အိမ်ခေါင်း ကိုသာဗျော၏ လည်ပင်းကို လာထောက်သည်။ ဓားပြတစ်ယောက်က ‥

"ဟော့ကောင်တွေ ‥ ဝင်လေကွာ။ ဘာလုပ်နေကြတာလဲ"

လေ့ကားအရင်းတွင် အစောင့်ထားသည့် သူတွေမှလွဲ၍ ကျန် ဓားပြများက တံခါးကို ကိုယ်လုံးနှင့်ဝင်တိုက်ပြီး ဝုန်းခနဲ အထဲဝင်သွားကြသည်။ ထိုစဉ် သတိဝင်လာသော လှထုံက ‥

"အံမယ်လေး ‥ ဓားပြပါတော် ‥ ဓားပြတိုက်နေလို့"

အသံက ညအမှောင်ထဲတွင် စူးခနဲ ထွက်ပေါ်သွားတော့သည်။ ထိုအချိန်မှာပင် ‥ ဒေါ်ပုက ဓားလွတ်ဖွေးဖွေးဖြင့် ဝင်လာကြသော ဓားပြများကို မြင်သောအခါ လန့်ဖျပ်ပြီး အိမ်နောက်ဖေး ကပြင်ဆီသို့ ထပြေးရင်း ‥



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ‥ ကယ်တော်မူကြပါဦး။ ဓားပြပါ ‥ ဓားပြ တိုက်နေပါပြီတော့"

သူ့အော်သံမဆုံးခင်မှာပင် ကျော်ဒင်က ခြေလှမ်းသုံးလေးငါးလှမ်းခန့်ဖြင့် လွှားခနဲခုန်ကာ ဒေါ်ပုအနားသို့ ရောက်သွားပြီး လက်ပြန်ရိုက်ချလိုက်ရာ ‥

"ဖြောင်း ‥"

"အံမယ်လေး ‥ သေပါပြီတော်"

ဒေါ်ပုတစ်ယောက် အရုပ်ကြိုးပြတ်ခွေကျသွားလေသည်။ ဒေါ်ပု၏ အော်ဟစ်သံက ညဥ့်ယံလေပြည်ထဲတွင် လွင့်ပါသွားသောကြောင့် သူကြီးအိမ်မှ တသဲ့သဲ့ကြားနေရသော တတ်စက်ကို အိမ်မှ အရသာခံ နားထောင်နေကြသူများကလည်း ကြားလိုက်ရလေသည်။

ထို့ကြောင့် သူကြီးအိမ်အနီးတစ်ဝိုက်ရှိ အိမ်ခြေစုစုများမှ တစ်ဆင့် သတင်းစကားလက်ဆင့်ကမ်းရင်း ရွာတန်းရှည်တစ်လျှောက်အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

"ဟဲ့ ‥ ဟဲ့ ‥ သူကြီးအိမ်မှာ ဓားပြတိုက်နေတယ် ဆိုလားပဲ"

အမှောင်ထဲတွင် ရွာကလေးကား လှုပ်နှိုးခံရသလို ဖြစ်သွားသည်။ ရွာသူရွာသားအားလုံးက အကြောက်တရားကို ရင်ဆိုင်ရမည်လား။ ငုံ့လျှိုးရမည်လား ရုတ်တရက် မခွဲခြားနိုင်။ သူကြီးအိမ်ကို လာတိုက်သည့် ဓားပြဆိုတော့လည်း နယ်နယ်ရရ မဟုတ်မှာ သေချာသည်။

ထိုသို့ ရွာသူရွာသားများက သူကြီးအိမ်ကို သွားကူရန်း မိမိအိမ်မှာပင် ပုန်းလျှိုးနေရန်းဖြင့် သို့လောသို့လောဖြစ်နေစဉ် ကျော်ဒင်က



www.burmeseclassic.com

www.burmeseclassic.com



သူ့ကျောမှ တွန်းသေနတ်ကို ဖြုတ်ကာ သူကြီးအိမ်၏ လသာဆောင်မှနေ ကောင်းကင်ယံထက်သို့ ကျည်ဆံကို ပစ်ဖောက်လိုက်လေသည်။

"ဒိုင်း ..."

"ဟေး .. မဆိုင်သူတွေ မကပ်နဲ့ကွ .. မင်းတို့မယားတွေ အကုန် မုဆိုးမဖြစ်သွားမယ် .. ကျော်ဒင်တဲ့ဟေ့ .. တစ်ဒင် တည်းရှိတယ်"

ရွာသားတို့ကား တုတ်တုတ်မျှမလှုပ်တော့။ ရွာအရှေ့မြောက် ထောင့်အိမ်ရှိ မယ်သီကတော့ ကျိတ်ပြီး ပြုံးနေမည်လား မပြောတတ်။ မပြုံးနိုင်သူတွေကတော့ သူကြီးအိမ်ပေါ်တွင် ရှိနေသည့် ဓာတ်စက် နားထောင်နေကြသော ပရိသတ်များပင်။

သူကြီးကတော်ကလည်း ပါးစပ်အဟောင်းသား။ ခင်မွှံက လည်း ဓာတ်စက်တင်ထားသည့် ခုံပုလေးနောက်တွင် ကိုယ်ကို ရှုံ့ရှုံ့ လေး ထားပြီး ဝပ်နေ၏။ မောင်မြသာက ခဏကြောင်နေရာမှ နောက် တော့ ကိုယ့်ချစ်သူကို အကာအကွယ်ပေးရမည်ဟူသော အသိတစ်ခုက ခေါင်းထဲတွင် ဖျတ်ခနဲ လက်သွား၏။

ထို့ကြောင့် သူက ရုတ်တရက်ကုန်းထရန် ဟန်ပြင်လိုက်စဉ် ..

"ဘာ .. မင်းက လူစွမ်းကောင်းလုပ်မလို့ပေါ့လေ"

ဟူသောအသံနှင့်အတူ ကျော်ဒင်တပည့်တစ်ယောက်၏ ကန်ချက်ကြောင့် အရှိက်ကိုထိကာ ပက်လက်လန် လဲကျသွား၏။ ရင်ဘတ်တစ်ခုလုံး အောင့်ကာ မျက်လုံးတွေ ပြာဝေလာသည်။ ထို့ပြင် ကျော်ဒင်က လှမ်းပြီး ..



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ‥ ဟော့ကောင် မလုပ်နဲ့ ‥ လက်တွေ လွှန်ကုန်မယ်"

ထိုစကားသံကိုကြားရတော့ မဆီမဆိုင် ခင်မှုံ့စိတ်ထဲ ကြိတ်ပြီး ဝမ်းသာသွားသည်။

"ဒီအတိုင်းဆိုလျှင် ဓားပြတွေက လူသတ်မယ့်ပုံ မပေါ်ပါလား"

ထိုသို့ တွေးမိစဉ်မှာပင် ကျော်ဒင်က ခင်မှုံ့အမေနားသို့ သွားကာ ‥

"ကဲ ‥ အဖွားကြီး ‥ ရှိတဲ့ပစ္စည်းတွေ အကုန်ထုတ်စမ်း ‥"

"ချမ်းသာပေးကြပါ မောင်ရင်တို့ရယ် ‥ ကျုပ်တို့မယ် သူကြီးသာဆိုရတယ်။ တကယ်တမ်းကျတော့ ကိုယ့်ဝမ်းစာကို ‥"

"အို ‥ ရှည်လိုက်တာ အဖွားကြီးရာ ‥ ဟော့ကောင်တွေ အကြောင်းမသိတဲ့သူကို အကြောင်းလေး ပြလိုက်စမ်းကွာ"

"ဖုန်း ‥"

"ဖုံး ‥"

"ခွပ် ‥"

"အောင်မလေး ‥ သေပါပြီတော့"

ခင်မှုံ့အဖို့ စောစောကထင်ထားသည့် မျှော်လင့်ချက်လေးများပင် ဘယ်ဆီပျောက်ကုန်သည် မသိ။ ရက်စက်လိုက်သည့် ဓားပြများပင်။

"အံမယ်လေး ‥ မလုပ်ကြပါနဲ့ ‥ မလုပ်ကြပါနဲ့ ‥ အမေ သေပါလိမ့်မယ်"

သူကြီးကတော်ကြီးမှာ ဓားပြတို့၏ လက်သီးဒဏ်၊ ခြေဖနောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်တို့ကြောင့် ဖွဲအိတ်တစ်အိတ်လို ပုံကျသွားသည်။

"ဘယ်မလဲ နင်ရော ‥ နင့်အမေလယ်စပ်နောက် မလိုက်ချင်ရင် ရှိသမျှပစ္စည်း အကုန်ထုတ်စမ်း"

"ဟုတ် ‥ ဟုတ်ကဲ့ ‥ ပေးပါ့မယ်ရှင် ‥ ပေးပါမယ်။ အသက်ကိုတော့ ချမ်းသာပေးပါရှင်"

ခင်မှုံက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သူ့နားမှ နားကပ်၊ လည်ပင်းမှ ဆွဲကြိုး၊ လက်မှ လက်ကောက်များကို တုန်ယင်နေသော လက်များဖြင့် ချွတ်နေစဉ်မှာပင် ‥

"ဟာ ‥ ကြာလိုက်တာ"

တော်တော်နှင့် ကျွတ်မပါလာသော နားမှနားကပ်ကို ဓားပြတစ်ယောက်က စိတ်မရှည်သလို ဆောင့်ဆွဲယူလိုက်ရာ ‥

"အား ‥"

မချိတင်ကဲ အော်လိုက်သော ခင်မှုံ၏ အော်သံကြီးကား ရင်ခေါင်းထဲမှ ပွင့်ထွက်လာ၏။ မပြုတ်သေးသည့် နားကပ်ကို အားဖြင့် ဆွဲယူခံလိုက်ရသောကြောင့် နားရွက်ဖျားမှာ သွေးရဲရဲ သံရဲရဲဖြင့် ပြတ်ထွက်သွားလေသည်။

ခင်မှုံ၏နားရွက်နှင့် လည်တိုင်တစ်လျှောက် သွေးများက ရဲလျက်၊ ရီဝေပြာမှုံနေသော မျက်လုံးအစုံကြားမှ မောင်မြသာက အားခဲကြည့်လိုက်သည်။ ချစ်သူ၏ အဖြစ်ဆိုးကို မြင်ရသည့်အချိန်တွင် ဘာရယ် ညာရယ် မစဉ်းစားနိုင်တော့ဘဲ မောင်မြသာတစ်ယောက် အားယူကုန်းထကာ ချစ်သူကို နာကျင်အောင်လုပ်သည့် ဓားပြကို အငြိုးဝင်လုံးတော့သည်။ ထိုအခါ ဓားပြက ‥



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဒီသေချင်းဆိုးကလည်း တမှောက်။ ညှာလို့ ညှာမှန်း မသိဘူး . . ကဲကွာ . . ကဲကွာ"

လက်သီးချက်များက မျက်နှာဆီသို့ ဆင့်ဆင့်ဝင်လာပြီးမှ မောင်မြသာ၏ ရင်ခေါင်းကို ဒူးဖြင့်တိုက်လိုက်ရာ . .

"အား . ."

မောင်မြသာ ခွေလဲကျသွားသည်။ ထိုစဉ် ခင်မှုံက ချစ်သူ အတွက် စိတ်ပူပြီး . .

"အံမယ်လေး . . ကိုရင်မြသာကို မလုပ်ကြပါနဲ့ရှင် . . မလုပ် ကြပါနဲ့"

မောင်မြသာအပေါ် နောက်ထပ်ကျလာမည့် လက်သီးချက်များ ကို သူမ၏ ကိုယ်လုံးဖြင့် ဝင်ပြီးကာလိုက်ရာ ကျော်ဒင်က . .

"ဟာ . . ရှုပ်လိုက်တဲ့ ကောင်မ။ ကဲ . . နင့်လင်ကို ဒီလောက် ချစ်ရင် သေစမ်းကွာ"

ပြောလည်းပြောရင်း ဘေးမှ ဓားပြတစ်ယောက်လက်ထဲမှ ဓားကို ဆွဲယူကာ ခင်မှုံ၏ လည်ပင်းကို ပိုင်းချလိုက်၏။ ဓားချက်က ခင်မှုံ၏ လည်တိုင်ပေါ်သို့ တည့်တည့်မတ်မတ် ကျသွားလေတော့သည်။

"အား . ."

ဖက်တစ်ခုလုံး ပြတ်မကျခင်မှာပင် ခင်မှုံ၏ အသက်ဝိညာဉ် ကား ခန္ဓာကိုယ်ကို စွန့်ခွာသွားတော့သည်။ ခင်မှုံ၏လည်ပင်းမှ ထွက် သည့် သွေးစက်များကား လည်ပတ်နေသော ဓာတ်စက်ပေါ်သို့ ရဲခနဲ နေအောင် စွန်းထင်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြသာတစ်ယောက် ဒဏ်ရာများကြားမှ မျက်လုံးများပြာခနဲ ဖြစ်သွား၏။ ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားရင်း သွေးပျက်ခြောက်ခြားဖွယ်ရာကောင်းသော ချစ်သူ၏အဖြစ်ဆိုးကို မြင်လိုက်ရသဖြင့် အော်သံပင် ထွက်မရတော့ဘဲ လည်ချောင်းတစ်ခုလုံး ဆို့နစ်သွားသည်။

■



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

'မောင်မြသာတစ်ယောက် ရှုံးသွားပြီ'ဆိုသည့် သတင်းက ရွာစဉ်တန်းတစ်လျှောက် ပျံ့နှံ့သွား၏။ ကြားရသူအားလုံးကတော့ တောက်တခေါက်ခေါက် စုပ်တသပ်သပ်နှင့်ပင်။ တချို့က ..

''အေးလေ .. သူ့ခမျာ ရှုံးရှာမပေါ့။ သူချစ်သူတစ်ယောက်လုံး သူ့ရှေ့မှာတင် ဓားနဲ့ လည်ပင်းကို အပိုင်းခံရတာဆိုတော့ ဘယ်လာ နှလုံးခိုင်နိုင်ပါတော့မလဲ''


''သနားပါတယ်ဟယ် .. ကောင်လေးခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ သည်းခြေပျက်သွားရှာတယ်။ သူက ခင်မှုံကို ချစ်လိုက်တာ တုန်နေတာပဲကိုး''



www.burmeseclassic.com

www.burmeseclassic.com





စသဖြင့် တစ်ယောက်တစ်ပေါက် ပြောမဆုံး ရှိကြသည်။ ခင်မှုံကို ရွာသချိုင်းမှာ မြှုပ်လိုက်ပြီးသည့်နောက် ဒီစကြိုတ်က ပုလိပ်တွေ ရော ရာဇဝတ်ဝန်ထောက်ကိုယ်တိုင် စစ်လားဆေးလား ရှာလားဖွေ လား လုပ်ကြသဖြင့် လက်ထောက်ချသည်ဟု သတင်းထွက်နေသော မယ်သီတို့ သားအမိလည်း ရွာမှ ခြေရာဖျောက်သွားတော့သည်။

မောင်မြသာကတော့ သီချင်းတွေဆိုလိုက် ငိုလိုက်နှင့် ရွာစဉ် တန်းတစ်လျှောက် စိတ်စေရာအတိုင်း သွားနေတော့သည်။ ခင်မှုံ့နာမည် ကိုကား ပါးစပ်ဖျားက မချ။ တစ်ချက်တစ်ချက် တတာပြီး ဝမ်းခေါင်းသံ ကြီးနှင့် အော်ငိုလိုက်ပုံက ကြားရသူတိုင်း ရင်ဆို့စေသည်။

နေတော့လည်း ရွာထိပ်က ဇရပ်မှာနေလိုက်၊ ချောင်းကြို ချောင်းကြားက ငါးဖမ်းသည့်တဲငါတဲပေါ်မှာနေလိုက်၊ တစ်ခါတလေတော့ လည်း သူ့လှေအပျက်ကြီးနှင့် လှော်ချင်ရာလှော် မျောချင်ရာမျောကာ ဟိုရွာကမ်းမှာ ကပ်လိုက်၊ ဒီရွာကမ်းမှာ ကပ်လိုက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာနှင့် တစ်ရွာကြား ချောင်းငယ်ကလေးတွေသာ ခြားတာမို့ ဟိုတစ်ရွာဝင်၊ ဒီတစ်ရွာထွက်နှင့် လှေတစ်စီးနှင့် လှည့်ပတ်ရသည်က အဆင်ပြေသည်။ မောင်မြသာအတွက် စားစရာက မရှားလှ။ ရွာစဉ်တိုင်းလိုလိုက သူ့ကို နဂိုခင်မင်ရင်းစွဲမို့ ကျွေးကြ မွေးကြ ပေးကြကမ်းကြသည်မို့ သူက မငတ်ချေ။

မောင်မြသာကတော့ စားပြီးသောက်ပြီးသည်နှင့် ရွာထဲလမ်းမတစ်လျှောက် ဓာတ်စက်အဟောင်းကြီးပိုက်ကာ လက်မလက်သည်းခွံလောက်ပဲ့နေသည့် ဓာတ်ပြားဟောင်းကြီးကို လွယ်အိတ်စုတ်ထဲ ထည့်လွယ်ကာ လမ်းသလားနေတော့၏။

ရေမချိုးတာကြာပြီမို့ အင်္ကျီပုဆိုးတွေက အနံ့တွေက ထွက်နေသေးသည်။ အဝတ်အစားတွေကလည်း ပေပွနေကာ တချို့နေရာများတွင် ပြဲသည်ကပြဲ စုတ်သည်က စုတ်နှင့်။ အမြင်မတော်သူတွေက ချုပ်လုပ်ပေးထားရာ သူ့အင်္ကျီပုဆိုးတို့က အဖာရာပရပွနှင့် ရှိနေတော့သည်။

သို့သော်လည်း သူမို့ ဓာတ်စက်ကြီးပိုက်ပြီး ကမ်းကတက်လာပြီဆိုလျှင် ကလေးတွေက အစနဂိုအတိုင်းပင် ‘ကိုမြသာကြီး လာပြီဟေ့’ ဟု အော်ဟစ်ပျော်ရွှင်နေတတ်ကြသည်။ တချို့ကလေးတွေကလည်း ကလေးဗီဇအတိုင်း ရူးနေသောမောင်မြသာကို စချင်နောက်ချင်ကြသည်။

ထိုအခါမျိုးတွင် မိဘတွေက ..

“ဟဲ့ .. သွားမစနဲ့လေ။ ဟိုက စိတ်ကောင်းကောင်းနဲ့တာ မဟုတ်ဘူး။ သနားပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရှော့ . . ရှော့ . . သား . . ဒီကောက်ညှင်းပေါင်းလေး ကိုကြီးမြသာကို သွားကျွေးလိုက် သွား . . သွား"

"ဟဲ့ . . သမီး နင့်ကိုကြီး မြသာကို သာကူလေး သွားတိုက်လိုက်ပါဦး"

စသဖြင့် ဟိုဟာလေး ကျွေးခိုင်းလိုက်၊ ဒီဟာလေး ကျွေးခိုင်းလိုက်နှင့် အားလုံးက ကိုရင်မြသာအပေါ် ဂရုဏာထားကြသည်။ ထိုအခါမျိုးတွင် မောင်မြသာကြီးက ကျွေးသမျှကို ပလုတ်ပလောင်းစားရင်း မပေးတတ်ပေးတတ်နှင့် ဆုတွေ တစ်သီတတန်းကြီး ပေးနေတော့၏။ ပြီးတော့ သူက . .

"ကျုပ်ကို အခုလိုကျွေးမွေးတဲ့ ခင်ဗျားတို့ကျေးဇူးကို မမေ့ပါဘူးဗျာ။ ကျုပ်ပိုက်ဆံချမ်းသာတဲ့နေ့ကျရင် ခင်ဗျားတို့ တစ်ဝကြီး နားထောင်ရအောင် ဓာတ်ပြားတွေ ဖွင့်ပြပါဦးမယ်"

ဟုတ်သည်မဟုတ်သည်ကတော့ နောက်ထား။ ကြားရသူတွေကတော့ မောင်မြသာအပြောကို ပီတိဖြစ်ကြသည်။

တစ်နေ့တော့ မောင်မြသာက ပတက်ကုန်းရွာထိပ်က ဇရပ်တွင် သူ့ဓာတ်စက်အဟောင်းကြီးက အော်လံကို ဖြုတ်ယူဆေးကြောပြီး ပြန်တပ်နေသည်ကို ရွာသားတစ်ယောက်က အံ့သြစွာတွေ့လိုက်ရသည်။ 'သြော် . . သူ့အကျင့်အတိုင်းပဲ ဖြစ်မှာပါ . . ခမျာ။ စိတ်က မကောင်းရှာတော့ ဓာတ်စက်အဟောင်းကြီးကို နဂိုမူလအတိုင်းပဲ အသံထွက်အောင် လုပ်လို့ရလိမ့်မယ်လို့ ထင်နေတာဖြစ်မယ်'ဟု တွေးပြီး ဘယ်သူ့ကမှ ထိုကိစ္စကို ရေးကြီးခွင်ကျယ်မပြောကြချေ။

ထိုသို့ဖြင့် တစ်ညမှာတော့ ရွာထိပ်ဖျားဆီက ဓာတ်စက်သံ



www.burmeseclassic.com

www.burmeseclassic.com


သဲ့သဲ့ ကြားလိုက်ရတာကြောင့် ပတက်ကုန်းရွာသားတွေ အံ့ဩသွားကြသည်။ အချိန်ကလည်း သက်ကြီးခေါင်းချချိန်နား နီးနေလေပြီ။ ရွာသူရွာသားတွေက ..

"ဟဲ့ .. ဓာတ်စက်ဖွင့်သံပါလား။ အသံ ရွာထိပ်ဖျားက လာတာပဲ"

"ဘယ်သူပါလိမ့်။ ဘယ်အလှူရှိလို့ ဖွင့်တာလဲ မသိဘူး"

"ဘယ်သူရှိရမှာလဲ .. ဒီရွာတစ်ရွာ ဓာတ်စက်ဖွင့်တာဆိုလို့ မောင်မြသာပဲ ရှိတဲ့ဥစ္စာအေ"

"ငြိမ်ငြိမ်နားထောင်စမ်းပါတော်"

"မောင်မြသာတစ်ယောက် ဘယ်ကများ ဓာတ်ပြားရတာပါလိမ့်"

ချောင်းနှင့်မြောင်းနှင့် လုပ်စားသူတွေပီပီ တစ်နေကုန်ပင်ပန်းထားသည်ကတစ်ကြောင်း တောသူတောင်သားတွေ ဖြစ်သည့်အလျောက် ထွေထွေလျာလျာ စဉ်းစားလေ့မရှိသည်ကလည်း တစ်ကြောင်းမို့ ဖျာပေါ်မှာပင် ငိုက်မြည်းရင်း မှိန်းပြီး နားထောင်နေမိကြ၏။

တကယ်ပင် သူတို့ထင်သည့်အတိုင်း ဓာတ်စက်ဖွင့်သူမှာ မောင်မြသာပင် ဖြစ်သည်။ သူဖွင့်နေသည့် ဓာတ်ထုပ်က ထိုခေတ်က အလွန်နာမည်ကြီးသော ငမိုးရိပ်မရွှေပွင့်ဓာတ်ထုတ်ဖြစ်သည်။ (မှတ်ချက်။ ။ ငမိုးရိပ်ကား သိကြားမင်းက မယ်လမုထံပေးလိုက်သော ရေစင်ကျည်တောက်များအနက်မှ မြစ်အတွင်းသို့ ပြုတ်ကျသွားသော ရေစင်ကျည်တောက်ကို မိချောင်းမက သောက်မြိုမိရာမှ ပဋိသန္ဓေ‌ပြီး ပေါက်ဖွားလာသော ထူးခြားသည့် နတ်မိချောင်းဖြစ်သည်။ ထိုမိချောင်း


www.burmeseclassic.com

www.burmeseclassic.com



လေးကို သူအိုလင်မယားက မွေးစားထားရာမှ တဖြည်းဖြည်း အကောင်ကြီးလာသောအခါ မွေးစားထားသော မိခင်နှင့် ဖခင်သူအိုလင်မယားနှစ်ယောက်စလုံးကို ကိုက်သတ်ပြီး ရေထဲသို့ ဆင်းသွားသည်။

အစွမ်းထက်သည့် နတ်မိချောင်းဖြစ်သည့်အားလျော်စွာ နောင်တစ်ချိန်တွင် လူယောင်ဖန်ဆင်း၍ရပြီး ကုန်သည် ကိုမိုးအဖြစ် လှည့်လည်သွားလာနေရာမှ မရွှေပွင့်နှင့် အကြောင်းပါခဲ့သည်။ မရွှေပွင့်က မိချောင်းမှန်း မသိရှာ။ လူစင်စစ်ဟုသာ ထင်နေသည်။ နောင်တစ်ချိန်တွင် ငမိုးရိပ်မိချောင်းအား မင်း၏အမိန့်ဖြင့် နှိမ်နင်းနိုင်မည့်သူကို ရှာဖွေသောအခါ ကြိမ်စကြာရထားသော ဂမ္ဘီရဆရာတစ်ယောက် ပေါ်လာခဲ့သည်။

တချို့ကလည်း ထိုဂမ္ဘီရဆရာသည် ငမိုးရိပ်လက်ချက်ကြောင့် သေဆုံးသွားခဲ့ရသော မွေးစားဖခင်ကြီး ပြန်ဝင်စားခြင်းဖြစ်သည်ဟု ဆိုကြသည်။ မည်သို့ပင်ဆိုစေကာမူ ထိုဂမ္ဘီရဆရာ၏ ကြိမ်စကြာဒဏ်ကြောင့် ငမိုးရိပ်သည် လူယောင်ဆောင်နေရာမှ ရေထဲသို့ ခုန်ချပြီး မိချောင်းအသွင်ပြန်ပြောင်းကာ ထိုဂမ္ဘီရဆရာကြီး၏ ခြေရင်းသို့ ဦးနိုက်ခဲ့ရသည်။

နောက်ဆုံးတွင် ထိုဂမ္ဘီရဆရာကြီးလက်ချက်ဖြင့် ငမိုးရိပ်သေဆုံးသွားခဲ့သည်။ ငမိုးရိပ်မိချောင်းသေဆုံးသွားသောအခါ ခန္ဓာကိုယ်သည် ကုန်းတစ်ပိုင်းရေတစ်ပိုင်းအနေအထားတွင် ရှိပြီး ကျောက်သံပတ္တမြားနှင့် ရွှေသားအသွင် ပြောင်းသွားသည်ဟု အဆိုရှိကြသည်။

တချို့ကလည်း ထိုငမိုးရိပ်ဇာတ်လမ်းကို ပါးစပ်ရာဇဝင်အဖြစ် ယုံကြည်ကြသည်။ သို့သော် မြန်မာဂမ္ဘီရပညာတွင် မိချောင်းသည်



www.burmeseclassic.com

www.burmeseclassic.com



တကယ့်သတ္တဝါမဟုတ်ဘဲ ဂမ္ဘီရပညာနှင့် သက်ဆိုင်သော သင်္ကေတ တစ်ရပ်ကရှိ နိမိတ်အသွင်ဆောင်ထားသည်၊ ကိုယ်စားပြုသင်္ကေတဖြစ်နိုင်စရာ အကြောင်းရှိသည်။

ထွက်ရပ်ပေါက်သွားသော ပုဂ္ဂိုလ်များတွင်လည်း မိချောင်းကိုက်ချီပြီး လာပေးသော ကြေးပုရပိုက်ကို ရယူကျင့်ကြံရာမှ ထွက်ရပ်ပေါက်သွားသည်ဆိုသော ဇာတ်လမ်းအနိုင်အမာများလည်း ရှိကြသည်။ ပုရပိုက်ကို ကိုက်ချီပြီး လာပေးသည်ဆိုသော မိချောင်းမှာ တကယ့်သတ္တဝါအစစ် ဟုတ်မဟုတ် စဉ်းစားစရာပင်။

မည်သို့ပင်ဆိုစေကာမူ မိချောင်းသည် ဂမ္ဘီရနှင့်ဆက်နွယ်နေသည်ဆိုသည်ကိုကား ရွှေတိဂုံဘုရားတောင်ဘက်မုဒ်ရှိ မိချောင်းနှစ်ကောင်ကို ထည့်သွင်းထုဆစ်ထားခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ မြန်မာပြည်ရှိ ဘုရားစေတီအတော်များများတွင် မြစ်ချောင်းဘက်သို့ လှည့်သော စောင်းတန်းများကို မိချောင်းရုပ်စောင်းတန်းများအဖြစ် တည်ဆောက်ထားကြောင်း လေ့လာတွေ့ရှိရသည်။ သို့သော် ယုံကြည်မှု အစွဲအလမ်းလွန်ကဲသော ဂမ္ဘီရပညာရှင်၊ လောကီယုတ္တိပညာရှင်တချို့က ငမိုးရိပ်ကို အကြောင်းပြုတည်ထားသော ရန်ကုန်မြို့ ၈ မိုင်ဘက်က ကျိုက်ဝိုင်းဘုရားကိုပင် ရှိခိုးခြင်းပြုရန် ငြင်းဆိုကြသည်ကား စဉ်းစားစရာပင်။ ॥ ဤကား စကားချပ်)

ရှာသူရှာသားတွေကတော့ ဇာတ်လမ်းထဲတွင် နစ်မြောနေကြ၏။ ထိုသို့ဖြင့် ငမိုးရိပ်ကို မွေးစားသောအဖိုးအိုက သူ့မွေးစားသား မိချောင်းကလေး ခန္ဓာကိုယ် ကြီးထွားလာပြီဖြစ်သောကြောင့် ခြံဝင်းသည်ကို ချဲ့ဖို့ ရေထဲသို့ဆင်းလိုက်ရာ ငမိုးရိပ်က ရုတ်တရက် ခါပြီးဖြင့်

www.burmeseclassic.com



ရိုက်ချလိုက်ပြီး ‥ သတ်ဖြတ်စားသောက်သည့်အခန်းသို့ အရောက်တွင် နားထောင်နေသူအားလုံး ရင်ထဲမှာ နင့်သွားကြသည်။ အိမ်ထဲမှာရှိနေသည့် လူအချင်းချင်းပင် အားမလိုအားမရ နှုတ်မှထုတ်ကာ ပြောမိကြ၏။

"အံမယ်လေးတော် ‥ ကိုယ့်ကို ကျွေးမွေးထားတဲ့ကျေးဇူးရှင်ကို စားစရာလား။ အံ့ရောပဲ"

"အိုကွာ ‥ အဟိတ်တိရစ္ဆာန်ပဲ ‥ ဘယ်သိပါ့မလဲ"

"တော့် ‥ မိချောင်းက နတ်မိချောင်းဆို ‥ ဒါလေးတောင် မသိဘူးလား"

"တော်ပါရှင်မရယ်။ ငြိမ်ငြိမ်နားထောင်စမ်းပါဟဲ့ ‥ အာရုံပျက်လိုက်တာ"

ထိုသို့ဖြင့် ဓာတ်ပြားက တစ်ချပ်ပြီးတစ်ချပ်လဲသွားသလို ဇာတ်ရှိန်ကလည်း တက်သထက်တက်လာသည်။ နားထောင်နေသူတွေက ဓာတ်ပြားတစ်ချပ်နှင့်တစ်ချပ် လဲချိန်ကိုပင် မစောင့်ချင်ကြတော့။ ဇာတ်လမ်းထဲတွင် မွေးစားမိခင်အိုကြီးက သူ့ခင်ပွန်း အဖိုးအို ပျောက်နေသဖြင့် ရေစပ်သို့ဆင်းလာရင်း …

"အံမယ်လေး ‥ ငါ့သားကြီးရဲ့ ‥ မင်းအဘကိုများ တွေ့မိသေးသလားကွယ်"

"အောင်မယ် ‥ ဟိုကရေစပ်နားမှာ မင်းအဘပခုံးပေါ် အမြီးတင်နေကျ တံဘက်လေးပါလား။ သားကြီးငမိုးရိပ်ရေ ‥ မင်းအဖေ မင်းဆီလာသေးသလားကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ‥ အလို မင်းပါးစပ်ထဲမှာ လက်ဖျံရိုးတစ်ချောင်းပါလား"

"ဖြန်း ‥"

"ဘုန်း ‥"

"အောင်မလေး ‥ သေပါပြီသားကြီးရဲ့ ‥ ရက်စက်လိုက်တာကွယ် ‥ အမေ့ကို သတ်စားတော့မလားကွယ်"

အဖွားအိုကြီးက မွေးစားသားဖြစ်သူ၏ ရက်ရက်စက်စက်အပြုအမူကြောင့် ကြောက်လည်းကြောက်၊ ယူကြုံးမရဖြစ်စွာဖြင့် ငိုချင်းချတော့သည်။ ထိုသို့ ငမိုးရိုပ်က မိခင်အိုကြီးကိုပါ သတ်သောအခါ ရွာထဲရှိ အိမ်အသီးသီးမှ နားထောင်သူတွေအားလုံး မျက်ရည်ကျကုန်ကြသည်။ ဘာများဆက်ဖြစ်ဦးမလဲဆိုကာ တမျှော်မျှော်စောင့်နေတုန်း ဓာတ်စက်သံက ရုတ်ချည်းအသံတိတ်သွား၏။

"ဟဲ့ ‥ ဘယ်လိုဖြစ်တာတုန်း ‥ ကောင်းခန်းရောက်ခါမှ"

"ငါ့လခွေး ‥ ဓာတ်ရှိန်တက်ခါမှပဲ ‥ ရပ်သွားရတယ်လို့"

"ဩော် ‥ ကွယ် ‥ တော်တို့ကလည်း မောင်မြသာက ရှုးရှူးပေါပေါဥစ္စာ။ သူစိတ်လိုရင် ဖွင့်ပြီး စိတ်မလိုရင် ရပ်ပစ်လိုက်တာ ဖြစ်မှာပေါ့။ အရှုးနဲ့ကလေးရဲ့ စိတ်ဆိုတာ အစိုးရတာမှမဟုတ်တာ"

"နေစမ်းပါဦးတော် ‥ သူ့ကို ဘယ်သူကများ ဓာတ်ပြားတွေပေးလိုက်ပါလိမ့်။ ဖွင့်လိုက်တာကလည်း အစီအစဉ်ကို ကျနေတာပဲ"

ထိုသို့ တစ်ယောက်တစ်ပေါက်ပြောဆိုကြရုံအပြင် ဒီထပ် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ဘယ်သူကမှ မစဉ်းစားမိကြပေ။ သို့သော် မနက်ဝေလီဝေလင်းမှာတော့ ရွာအနောက်ပိုင်းချောင်းစပ်က တဲငါတဲတွင် နေကြသော အရီးလေးဖွားလှတို့လင်မယား မိချောင်းအဆွဲခံရသည့်သတင်းက ပတက်ကုန်းရွာတစ်ဝိုက် ပျံ့နှံ့သွားသည်။ ဘိုးလေးသာအောင်၏ အလောင်းကိုတော့ ပြန်မရဘဲ အရီးလေးဖွားလှ၏ ခန္ဓာကိုယ်တစ်ပိုင်းကတော့ ချောင်းအစပ် နွံထဲတွင် နစ်နေသည်ကို တွေ့လိုက်ရ၏။

သို့သော်လည်း ညက မောင်မြသာဖွင့်ပြသည့် 'ငမိုးရိပ်နှင့် မရွှေပွင့်'ဇာတ်ထုပ်နှင့် သက်ဆိုင်နေလိမ့်မည်ဟုကား မည်သူကမှ ယောင်လို့ပင် မတွေးမိကြပါချေ။


■



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၁)

ရိုးကြီးကုန်းရွာ။ အချိန်ကား နွားရိုင်းသွင်းချိန် ဖြစ်သည်။ ခင်မှုံတို့ရွာနှင့် ၃ မိုင်ခန့်ဝေးသော လက်ခုပ်ကုန်းရွာမှ ပေသီးဆိုသူက ရွာထဲရှိ တူမတစ်ဝမ်းကွဲတော်စပ်သူ မထွေးထံတွင် မနှစ်က အကြွေးရစရာရှိသော စပါးဖိုးငွေ ၅၀ ကို တောင်းဖို့ တစ်ယောက်တည်း ခြေလျင် ရောက်ချလာ၏။


အတန်ငယ်မှောင်နေပြီမို့ ခပ်သွက်သွက်လျှောက်ရင်း ခရီးလမ်းတိုအောင် သချိုင်းထဲကပဲ ဖြတ်ချလိုက်မယ်ဟု စဉ်းစားလိုက်သည်။ တောသူတောင်သားဆိုတော့လည်း တော်ရုံတန်ရုံမကြောက်။ ပုဆိုးတိုတိုဝတ်၊ ဖိနပ်ကို ခါးကြားထိုး၊ လက်က နကန်တုတ်ကို ကိုင်ကာ သချိုင်းဇရပ်ဘေးက ဖြတ်လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





ထိုစဉ် ပေသီးတစ်ယောက် သချိုင်းဇရပ်ပေါ်တွင် ခေါင်းလောင်းပန်းပွင့်များနှင့် အလုပ်ရှုပ်နေသော မောင်မြသာကို တွေ့လိုက်ရသည်။ ဒီရွာတစ်ရွာ မောင်မြသာအကြောင်း အားလုံးသိပြီးသားမို့ ဘာမှမထူးဆန်း။ ဒီအတိုင်းပင် မောင်မြသာက ခင်မှူ့မြေပုံပေါ် ပန်းပွင့်တွေကို ကျဲပက်ရင်း စကားပြောသည့်အခါပြော၊ ငိုသည့်အခါငို လုပ်နေကျဖြစ်သည်။

ထိုသို့ဖြင့် ပေသီးက သူ့အာရုံနှင့်မို့ မန္တတ်ဆက်တော့ဘဲ သူ့တူမရှိရာသို့သာ ခပ်မြန်မြန် သုတ်ခြေတင်လာတော့၏။ မထွေးအိမ်ရောက်တော့ ဘဲသွားသိမ်းသည်ဆိုသောကြောင့် ခဏစောင့်လိုက်ရသေးသည်။

ရောက်လာတော့လည်း အကြွေးတောင်းသည့်ထုံးစံအတိုင်း တူဝရီးနှစ်ယောက် စကားအခြေအတင်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကဟာ ‥ ဒါတော့ ပုံစံမကျတာပဲ။ ငါ့ဆီကယူထားတုန်းက ဆောင်းစပါးပေါ်ရင် ပြန်ပေးမယ်ဆိုပြီး ‥ အခုလာတောင်းတော့ တစ်မျိုးပြောပြန်တယ်"

"မဟုတ်ပါဘူး ဦးကြီးရယ် ‥ ကျွန်မတို့ ဆောင်းစပါးတွေ မိုးမိလို့ အရင်းတောင် မနည်းပါတော်"

"ငါ့မလည်း လယ်နဲ့ ကျွဲနဲ့ဖက်ပြီး လုပ်ကိုင်နေရတာပါဟာ။ ငါ့ဘက်လည်း ကြည့်ပါဦး။ အခုလာတောင်းတာကလည်း လယ်ထဲကို ဆေးအိတ်ချရတော့မှာမို့ ငွေလိုလို့ လာတောင်းတာပါ"

"သိပါတယ် ဦးကြီးရယ် ‥ ခဏတော့ ဆိုင်းပါဦးတော်"

ထိုသို့ဖြင့် ပေသီးတစ်ယောက် တူမဖြစ်သူဆီက အကြွေးတောင်းမရသည်မို့ ပါးစပ်က ပွစိပွစိပြောရင်း စိတ်တိုတိုနှင့် ဒုန်းစိုင်းပြီး ပြန်ချလာရာ နဂိုလာသည့်လမ်းအတိုင်း ပြန်ရောက်လာ၏။

ညကလည်း မှောင်နေပြီ။ ကောင်းကင်တွင် ကြယ်တွေက ဟိုတစ်ပျောက် ဒီတစ်ပျောက်နှင့်။ လကတော့ မထွက်သေး။ သို့သော် အမှောင်ထဲတွင် ကျင့်သားရနေ၍ပဲလားမသိ။ သချိုင်းထဲမှ အုတ်ဂူဖြူဖြူလေးတချို့ကိုပင် မြင်နေရသည်။

ထိုစဉ် စောစောက သချိုင်းဇရပ်ပေါ်တွင် ထိုင်နေသည့် မောင်မြသာကို မတွေ့ရတာကြောင့် ဘယ်များရောက်သွားသလဲဟု ကြည့်လိုက်ရာ ခင်မှူးကိုမြှုပ်ထားရာ မြေပုံဘေးတွင် ငုငုကြီးထိုင်နေသည်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မှုံ့မြေပုံ၏ ခေါင်းရင်းတွင်လည်း သူအမြဲပွေ့ထားလေ့ရှိသော သူ့ဓာတ်စက်နှင့်အတူ အော်လံကြီးကို အသေအချာချထားသေး၏။ ပေသီးက မောင်မြသာ ဘာများလုပ်မလို့လဲဟု စဉ်းစားကာ မြေပုံနှင့် မနီးမဝေး ကုက္ကိုပင်နောက်တွင် အသာရပ်ကာ ချောင်းကြည့်လိုက်၏။

မောင်မြသာက ..

"ကဲ .. ခင်မှုံရေ .. ခင်မှုံ့ခေါင်းရင်းနားမှာ ဓာတ်စက်ကြီးရှိတယ်လေ။ ခင်မှုံကြိုက်တဲ့ဓာတ်ထုတ်လေးဖွင့်ပြီး နားထောင်လိုက်ပါဦး"

ဟုပြောရင်း လက်မလက်သည်းခွံတစ်ခြမ်းစာခန့် ပွဲနေသော ဓာတ်ပြားကြီးကို ဓာတ်စက်မှာတပ်ကာ ကျုံကျုံနန ပင်အပ်ဖြင့် ထောက်လိုက်သည်။

မောင်မြသာ၏အပြောကြောင့် ကုက္ကိုပင်အကွယ်က ချောင်းကြည့်နေသော ပေသီးတစ်ယောက် စိတ်မကောင်းဖြစ်သွားသည်။

"ဩော် .. ချစ်သူကို စွဲလန်းရှာလွန်းတော့လည်း သေသွားတာတောင် သူ့ဓာတ်စက်ကို နားထောင်ဖို့ ပြောနေရှာတယ်။ သနားစရာကောင်းပါဘိ မြသာရယ်"

မောင်မြသာက ထပ်ခါထပ်ခါ ပြောနေ၏။

"ခင်မှုံရေ .. ခင်မှုံ နားထောင်တတ်တဲ့ ဓာတ်စက်နဲ့ ဓာတ်ပြားကိုလည်း ယူလာသကွယ် .. ကြိုက်တတ်တဲ့ ဓာတ်သီချင်းလေးများရှိရင် နားထောင်ပါဦးလား ခင်မှုံရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်စက်က တုတ်တုတ်မျှမလှုပ်။ ပွဲနေသောခေတ်ပြားက လည်း မလည်နိုင်ရှာ။ ထိုမြင်ကွင်းကို မကြည့်ရက်တော့သဖြင့် ပေသီး က ကုက္ကိုပင်နောက်မှ ကျောခိုင်းလှည့်ထွက်လိုက်တော့သည်။

ထိုစဉ်မှာပင် ထူးခြားသောအဖြစ်အပျက်တစ်ခုကို ကြုံလိုက် ရပြီး ပေသီးကျောထဲမှာ စိမ့်သွားသည်။ ယင်းကား ခေတ်စက်မှ မပဏ္ဍာ ကိုဒါလ ဓာတ်ထုပ်ထဲက မင်းသား အောက်ချင်းစိန်၏ ငိုချင်းသံ ပီပီ သသ ထွက်လာခြင်းကို ကြားလိုက်ရခြင်းပင်။

"ကပ်ကမှာ ။ မပြတ်သာ ထပ်ခါဝေးချင်တော့ ။ အမယ် မင်း ။ မပဏ္ဍာရေ ။ ဟောဒီက မင်းချစ်လင်ကိုဒါလမှာဖြင့် အခြေမိုက် ။ မဖြေထိုက်အောင် ။ မြွေကိုက်လို့ အသက်ဆုံး ရပြန်ပေါ့သကိုး ။"

■



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ရိုးကြီးကုန်းရွာတောင်ပိုင်းတွင်ရှိနေသော ဓနိခုတ်စားသူ မယဉ်ရွှေတို့လင်မယားတဲဆီမှ အော်ဟစ်ငိုသံကြီးတစ်သံ စူးစူးဝါးဝါးထွက်ပေါ်လာခဲ့၏။

''အောင်မလေး ကိုရင်ဩရဲ့။ ကျုပ်ကို ကလေးနှစ်ယောက်နဲ့ ပစ်သွားပြီလားတော့ ‥ အီး ဟီး ရှုတ် ‥''

ထုံးစံအတိုင်း ရွာထဲကလူတွေက အုတ်အုတ်ကျက်ကျက်ဖြစ်သွားကြပြီး ရွာဓလေ့အတိုင်း ကူညီဖို့ မယဉ်ရွှေတို့အိမ်သို့ အူယားဖားရား ရောက်သွားကြသည်။ အိမ်ရောက်တော့ ယောက်ျားဖြစ်သူ၏ အလောင်း ဘေးတွင် အော်ဟစ်ငိုယိုနေသော မယဉ်ရွှေကို တွေ့ရ၏။

''ဘယ်လိုဖြစ်တာလဲအေ ‥ ကိုရင်ဩတစ်ယောက် မနေ့ကမှ အကောင်းကြီးရှိတယ်''

''မြွေကိုက်သွားတာတဲ့တော် ‥ ဒုက္ခပါပဲ''

''အေးလေ ‥ မယဉ်ရွှေတော့ ကလေးနှစ်ယောက်နဲ့ ရသီ လိုက်မယ့်ဖြစ်ခြင်းဟယ်''



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေရာမှ အသက်ကြီးပိုင်း ရပ်မိရပ်ဖထဲမှ အဘပွင့် ဆိုသူက ..

''တိုက်ဆိုင်ချက်များကွယ် .. မနေ့ညကပဲ အရှုံးမြသာဖွင့်တဲ့ ခတ်စက်ထဲက မပဋ္ဌာကိုဒါသ ဇာတ်ထုပ်ကို လေသင့်လို့ နားထောင်မိသေးတယ်။ ဘုရား .. ဘုရား ကံများ ဆန်းကြွယ် လိုက်ပါဘိသနဲ့။ ဒီနေ့မနက်ကျတော့ ငြေတစ်ယောက် မြွေ ကိုက်လို့ သေပါရောလား။ ဇာတ်ထုပ်ထဲက ကိုဒါသလို အဖြစ်မျိုးပါပဲလား''

အဘပွင့်၏ ညည်းညူသံက ဘာကိုမျှ မရည်ရွယ်ဘဲ စိတ်ထဲ ခံစားရတာကို လွှတ်ခနဲ ပြောလိုက်ခြင်းဖြစ်သော်လည်း သူတို့အားလုံး လိုလိုက ညက ခတ်စက်ဖွင့်သံကို ကြားလိုက်ရသူတွေ ဖြစ်တာကြောင့် စနောင့်စနင်းအတွေးတစ်ခု ဝင်လာကြသည်။ ထိုသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် ရင်ထဲတွင် လေးလံထိုင်းမှိုင်းသွားကြလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com





လရောင်ဝိုးတဝါးအောက်တွင် ပြင်စလူမြစ်အတွင်း၌ လှေတစ်စီးက တရွေ့ရွေ့နှင့် လှော်ခတ်လာနေ၏။ လှေလှော်လာသူမှာ တခြားမဟုတ်။ အရူးမြသာပင် ဖြစ်သည်။ မောင်မြသာက စိတ္တဇဝေဒနာသည် ပီပီ ဘာကိုမှ ကြောင့်ကြစိုးရိမ်စိတ်မရှိဘဲ ရေတက်ရေကျအတိုင်း လှေကို လှော်ခတ်စီးမျောနေသည်။

အခုလည်း ညကြီးအချိန်မတော် ရေပြာစုရွာ လှေဆိပ်သို့ လှေကို ထိုးဆိုက်ကပ်လိုက်သည်။ ထို့နောက် လှေကို ငုတ်တိုင်၌ ဘူးလည်သီးခတ် ချည်နှောင်ပြီး ထုံးစံအတိုင်း သူ့ဓာတ်စက်ကြီးကို အမြတ်တနိုး ပွေ့ကာ ရွာဝင်လမ်းအတိုင်း တစ်လှမ်းချင်းလျှောက်သွား၏။

သက်ကြီးခေါင်းချအချိန်အရောက်တွင် ရွာထိပ်ဇရပ်အိုဆီမှ ဓာတ်စက်သံသဲ့သဲ့ ပျံ့လွင့်လာသည်ကို လေအောက်အရပ်တွင်ရှိသော ရေပြာစုတစ်ရွာလုံး အိပ်မပျော်ခင် ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြသာဖွင့်နေသည့် ဓာတ်ထုပ်ကား ထိုစဉ်က လွန်စွာမှ ခေတ်စားလှသော မင်းသားတက်ခေတ်စိန်၏ ထိလပ်ပိုးအုဓာတ် ဖြစ်လေသည်။ ထိုဓာတ်ထုပ်တွင် လူစွမ်းကောင်းဖြစ်သူ ထိလပ်က ရှိန်းဆာယာ ပိုမောက်ပြီး ကိုယ်ပျောက်သည့်ဆေးကို စီရင်ရန်အတွက် ကိုယ်ဝန်ဆောင်ထားရသည့် မိမိ၏ မယားဖြစ်သူ ပိုးအုဏ်ဗိုက်ကို ခွဲပြီး အထဲမှ သန္ဓေသားလောင်းကို ထုတ်ယူသည့်အခန်းကား ကြောက်ခမန်း လန့်ခမန်း ရင်နာစရာပင် ဖြစ်သည်။

ဓာတ်စက်သံကား ဓာတ်ပြားအသစ်စက်စက်ကို ဖွင့်နေသကဲ့သို့ ပီသကြည်မြလှ၏။ မင်းသား တက်ခေတ်စိန်က ..

"သယ် .. ငါဟဲ့ယောက်ျား ဤဇမ္ဗူတလူ ရှားပေရော့ .. လက်သုံးတော်ရွှေဓားနဲ့ သွေးမကြာတစ်ခါရမ်းလိုက်မယ် .. မရဏာလမ်း မြန်းရော့လာဟယ်"

ဟု ဓားကြိမ်းကြိမ်းလိုက်သည်။ ထိုသို့ ဓာတ်စက်ပုံ့လွင့်လာချိန်တွင် ရေပြာစုအနောက်ရိုးရှိ တစ်ခုသော တဲငယ်လေးအတွင်းမှ ကိုညိုဆိုသူသည် သူနှင့် ဖျာတစ်ချပ်တည်း အတူအိပ်နေသော ကိုယ်ဝန်ဆောင်ဇနီးသည် မသန်းရှင်၏ ဝမ်းဗိုက်ကို တစ်ချက် မျက်စောင်းထိုးကြည့်ရင်း အမှောင်ထဲတွင် ဖြည်းဖြည်းချင်း ထထိုင်လိုက်သည်ကိုတော့ ဘယ်သူမှ သတိမထားမိလိုက်ပါချေ။

■



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ညီမြရယ် ‥ ရက်ရက်စက်စက်အေ။ ကိုယ့်မိန်းမ ကိုယ်ဝန်နဲ့ဗိုက်ကိုမှ ဓားနဲ့ထိုးရက်ပါပေ့"

"ဟုတ်ပါ့ဟယ် ‥ ညီမြတစ်ယောက် ဘာစိတ်ရူးများ ပေါက်သွားတာပါလိမ့် ‥ ဖြစ်မှဖြစ်ရလေ သန်းရှင်ရယ်"

"အရူးကို လင်လုပ်မိသလို ဖြစ်နေပါပေါ့လား သန်းရှင်ရဲ့"

ထိုသို့ ဇနီးဖြစ်သူ မသန်းရှင်၏ ဗိုက်ကို ဓားနဲ့ခွဲပြီးနောက် ညီမြလည်း ထိုရွာမှ ပျောက်ချင်းမလှ ပျောက်သွားသည်။ ရာဇဝတ်မှုဖြစ်နေသောကြောင့် ရပ်ပြောစုက သူကြီးအိမ်တွင်စုပြီး အမှုကို မည်သို့မည်ပုံ ဆောင်ရွက်ရမည့်အကြောင်း တိုင်ပင်ကြသည်။ အနီးဆုံး ကျုံ့ကတိုးက ပုလိပ်ဂတ်ကို တိုင်လျှင်တောင် ရေတက်ရေကျနှင့်ဆိုလျှင် နာရီတစ်မောင်းကြာမှ ရောက်မည်ဖြစ်သည်။

ထိုသို့ ညီမြနှင့် မသန်းရှင်ကိစ္စကို တဖျစ်တောက်တောက် ပြောကြဆိုကြရင်း ထိုထဲမှ ရွာသားတစ်ယောက်က ‥



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းတာလား ‥ တိုက်ဆိုင်တာလားတော့ မသိဘူးဗျို့။ အရှုး မြသာဖွင့်တဲ့ ထိလပ်ပိုးအုဇာတ်ကို ညက နားထောင်မိသေး တယ်။ ငါတို့ကောင်ကြီး ညေျိုလည်း အဲဒီဇာတ်ထဲက ထိလပ် လို လူစွမ်းကောင်းပဲ ဖြစ်ချင်တာလား ‥ အရှုးပဲထတာလား တော့ မသိဘူး။ ကိုယ့်မယားကိုယ် သတ်ရတယ်လို့ကွာ"

"ဟုတ်ပ ‥ ဟုတ်ပ"

ထိုသို့ ဘေးမှ တစ်ယောက်တစ်ပေါက် ပြောကြရင်း လက်ခုပ်ကုန်းရွာမှ ပေသီးတစ်ယောက် လွယ်အိတ်ကို စလွယ်သိုင်းရင်း ရွာစဉ်လှည့်ကာ စပါးကြွေးတောင်းဖို့ ရောက်လာသည်။ သူကြီးအိမ်တွင် စုရုံးစုရုံးဖြစ်နေသည်ကို မြင်သောကြောင့် မေးမြန်းကြည့်ရာ ရွာသား တစ်ယောက်က အကျိုးအကြောင်းပြောပြလိုက်သည်။ ပေသီး တစ်ယောက် ကြားကြားချင်း အံ့ဩမိသည်နှင့်တစ်ပြိုင်နက် မျက်လုံး မျက်ဆန်ပါ ပြူးသွား၏။

"ဒါ တိုက်ဆိုင်တာတော့ မဟုတ်တော့ဘူးဗျို့။ ဒီမယ် ကျုပ် တစ်ခုပြောမယ်။ ဟိုတစ်လောက ရိုးကြီးကုန်းရွာက ကျုပ်တူမ ဆီ စပါးကြွေးသွားတောင်းတော့ အရှုးမြသာကို အဲဒီရွာထိပ် က သချိုင်းမှာ တွေ့လိုက်ရတယ်။ ပြီးတော့ သူက သူ့ရည်းစား ခင်မွှံရဲ့ မြေပုံဘေးမှာ ဓာတ်စက်ကြီးကိုချထားပြီး ခင်မွှံ နားထောင်ချင်တဲ့ ဇာတ်ထုပ်ကို ဖွင့်ပါဦးဆိုပြီး ထပြောနေတာ ကျုပ်ကြားလိုက်ရတယ်။ အဲဒါနဲ့ အဲဒီဓာတ်စက်ကြီးကနေ ဇာတ်ထုပ်သံထွက်လာတာ ကျုပ်ကိုယ်တိုင် ဟောဒီနားနဲ့ ဆတ်ဆတ်ကြားခဲ့ရတယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ဟာ .."

ပေသီး၏အပြောကြောင့် အားလုံး ခေါင်းနားပန်းကြီးသွားကြသည်။

"ဒါ .. ဒါဆို ဒီ .. စာတ်စက်ကြီးက"

"ဟာ .."

စကားကို အဆုံးမသတ်ရဲသလို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြရင်း အဓိပ္ပာယ်ကို ကောင်းစွာသဘောပေါက်နားလည်သွားကြလေပြီ။ သို့သော် မပြီးဆုံးသေးသော စကားဝါကျကို အဓိပ္ပာယ်ပြည့်စုံသည်အထိ ဖြည့်စွက်မပြောရဲလောက်အောင် အားလုံးကြောက်လန့်သွားကြလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



နောက် ၂ ပတ်ခန့်အကြာတွင်ကား ရှာစဥ်တန်းတစ်လျှောက် သူကြီးတစ်ပိုင်နှင့်တစ်ပိုင် သတင်းမေးစုံစမ်းရာမှ လောကီပညာ ကျွမ်းကျင်သည်ဆိုသော ပုဂ္ဂိုလ်တစ်ယောက် ရိုးကြီးကုန်းရွာသို့ ရောက်လာသည်။ ထိုသူ့ပုံစံက တိုက်ပုံအင်္ကျီအနက်နှင့် ယောလုံချည်အနက်ကို ဝတ်ထားသည်။ ပြီးတော့ ရှည်လျားသည့်ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ယောင်ထုံး ထုံးထားပြီး ပိုးပဝါနှင့် ခေါင်းပေါင်းပေါင်းထား၏။

မုတ်ဆိတ်မွေးက ရှည်လျားပြီး မျက်လုံးအကြည့်က စူးစူးရှရှရှိလှသည်။ သူ့တပည့်ဆိုသူ၏ လက်ထဲမှာတော့ ကြေးခေါင်းလောင်းလေးတစ်လုံး ကိုင်ထားသည်။ တပည့်ကတော့ သာမန်အညာသားရုပ်ရည်မျိုးသာဖြစ်ပြီး သူ့ဆရာ၏ ခေးလွယ်အိတ်ဆိုသည့် ဖျင်ကြမ်းလွယ်အိတ်ကြီးကို လည်ပင်းတွင် သိုင်းလွယ်ထားသည်။

ဆရာ့ကို ရိုးကြီးကုန်းရွာသူကြီးက အိမ်ပေါ်မှာ အနားယူဖို့ပြောသော်လည်း သူကတော့ ခြေတံရှည်အိမ်ကြီးအောက် ကွပ်ပျစ်ပေါ်တွင်သာ တင်ပလ္လင်ခွေချိတ်ပြီး ထိုင်နေသည်။ ရောက်လာကတည်းက မျက်စိကို မျက်လွှာချပြီး ဂါထာတစ်ခုခုကိုသာ ပါးစပ်က အဆက်မပြတ်ရွတ်ဖတ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတစ်ယာညက်ခန့်ကြာအောင် ရွတ်ဖတ်ပြီးတိုင်း ခေါင်းလောင်းကို လှုပ်ခတ်ပြီး ဆက်ရွတ်နေသည်။ ထိုသို့နှင့် ခေါင်းလောင်းနှစ်ခါသုံးခါတီးလိုက်ပြီးသည့်နောက် ရွာလည်လမ်းမတွင် ဆူညံဆူညံအသံ ကြားသဖြင့် လှမ်းကြည့်လိုက်ရာ အရှုံးမြသာကို အားကောင်းမောင်းသန် ယောက်ျားနှစ်ယောက်က ဖမ်းချုပ်ပြီး ခေါ်လာသည်ကို တွေ့ရ၏။

ရွာကလူများ ကြောက်ကြသည့် သူ့စာတိစက်ကြီးကိုလည်း ကြိုးအထပ်ထပ်သိုင်း ဝါးလုံးနှင့်လျှိုပြီး ကာလသားနှစ်ယောက်က ထမ်းလာကြသည်။ ကြည့်ရသည်မှာ မည်သူကမျှ ထိုစာတိစက်ကြီးကို လက်ဖြင့် ထိကိုင်ချင်ပုံ မပေါ်။ မောင်မြသာကို သူကြီးအိမ်ဝိုင်းထဲသို့ ခေါ်လာရန် ပြင်သောအခါ စောစောကဆရာက ..

"ဟော့ .. ဟော့ အဲဒီမှာပဲ ရပ်ကြ"

ဟု ညြဏသံပါသော အသံနက်ကြီးဖြင့် တားလိုက်ရာ အားလုံး တုံ့ခနဲ ရပ်သွားကြသည်။

ဆရာကြီးက ..

"ဒီကိစ္စက ရွာတော်ရှင်ကိုပဲ တိုင်တည်ပြီး အရေးယူရမယ့်ကိစ္စ ဖြစ်တယ်။ အိမ်ဝိုင်းထဲကို ခေါ်မလာကြနဲ့ကွယ်ရို့ .."

ဟုပြောပြီး သူကိုယ်တိုင် သူကြီးအိမ်ဝင်းထဲက ထွက်ကာ ရွာမြောက်ဘက်ချောင်းစပ်ဆီက ရွာတော်ရှင်နတ်ကွန်းဆီသို့ ဦးတည်သွားလိုက်လေ၏။ သူ့တပည့်ကတော့ ဆေးလွယ်အိတ်ကို ထမ်းပြီး ဆရာဖြစ်သူ၏ နောက်မှ သုတ်သုတ်ပါအောင် လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြသာကို ဖမ်းချုပ်ကိုင်ထားသော ကာလသား နှစ်ယောက်၊ ဓာတ်စက်ကို ထမ်းသူများနှင့် စပ်စုချင်သော ရွာသား တစ်သိုက်ကြီးကလည်း ဆရာ့နောက်မှ လိုက်သွားကြသည်။ သူကြီးက တော့ အိမ်လှေခါးထိပ်တွင် ရပ်ပြီး ထွက်သွားကြသော လူအုပ်ကြီးကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ထိုကိစ္စသည် ဆုံးသွားသော သမီးဖြစ်သူ ခင်မှုံနှင့်ပတ်သက် နေသောကြောင့် သူ့ခမျာ ရင်နာနေပုံလည်း ရသည်။ ဖြစ်နိုင်လျှင် ထိုပြဿနာတွေကို အမြန်ဆုံး နိဂုံးချုပ်စေချင်လှပြီ။ ။ သိချင်စိတ် လွန်ကဲ နေသည့် ရွာသူရွာသားတွေအဖို့ကတော့ သူတို့ရွာသူကြီးကိုပင် အားနာဖို့ မေ့နေကြပြီထင်သည်။ မည်သူကမျှ သူကြီးကို လှည့်မကြည့်ကြတော့။

သူတို့ ရွာတော်ရှင်နတ်ကွန်းသို့ ရောက်သောအခါ ဆရာ့အမိန့် နှင့် မောင်မြသာကို လက်ပြန်ကြိုးတုတ်ပြီး ဘေးမှာ ထိုင်ခိုင်းထား၏။ ဆရာထားတားသော စည်းဝိုင်းထဲမှာတော့ ကန်တော့ပွဲခြောက်ပွဲနှင့် အတူ ကြိုးများဆိုင်းထားသည့် မိစ္ဆာဓာတ်စက်ကို မြေကြီးပေါ် ချထား သည်။

မောင်မြသာကတော့ တဟင်းဟင်းတအဲအဲ တရှူးရှူးနှင့် စိတ် ဆိုးနေသည့် နွားသိုးကြီးတစ်ကောင်လို အော်ဟစ်ရုန်းကန်နေ၏။ ဓာတ် စက်ကို လုမည်ချည်း တကဲကဲလုပ်နေသဖြင့် ကြိုးကို အလွတ်မပေးရဲဘဲ ကိုင်ဆွဲထားရသည်။

ဆရာက ထိုင်နေရာမှ ထပြီး အားလုံးကို လက်ပြလိုက်၏။

"ကဲ ။ ။ အားလုံးပဲ ခဏငြိမ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ပြောသံအဆုံး၌ တစ်ယောက်တစ်ပေါက်ပြောသံများ တိခနဲ တိတ်သွားသည်။ ထိုအခါ ဆရာက ပါးစပ်မှ တတွတ်တွတ်ရွတ်ဆို ရင်း ခေါင်းလောင်းလေးကို ကိုင်ကာ စည်းဝိုင်းထဲ ဝင်သွားသည်။ ထို့နောက် ကန်တော့ပွဲတွေကို တစ်ပွဲပြီးတစ်ပွဲ 'မ'ကာ ဆိုင်ရာပိုင်ရာများ ကို အသံခပ်တိုးတိုးဖြင့် တိုင်တည်လိုက်သည်။

ကိစ္စအားလုံးပြီးသောအခါ ရွာတော်ရှင်ကို ဆက်၏။ နောက်ဆုံး ကန်တော့ပွဲထဲမှ ကွမ်းတစ်ယာကို ယူပြီး ဦးခေါင်းထက်သို့ တင်မြှောက် ပသကာ သူ့ပါးစပ်မှ တတွတ်တွတ်ရွတ်ဖတ်ပြီး ထိုကွမ်းယာကို ဝါး လိုက်၏။ ထိုအချိန်တွင် ဆရာဖြစ်သူ၏ မျက်လုံးများက ထူးထူးခြားခြား တောက်ပနေ၏။ သူက ခေါင်းလောင်းလေးကိုမြည်အောင် တစ်ချက်တီး လိုက်ရင်း တပည့်ဖြစ်သူကို ခေါင်းတစ်ချက်ညိတ်ပြီး ခေါ်လိုက်၏။

တပည့်ဖြစ်သူက ဘေးလွယ်အိတ်ကို လွယ်ပြီး စည်းဝိုင်းထဲသို့ ဝင်လာသည်။ ထိုလွယ်အိတ်ထဲမှ လက်ညှိုးတစ်ညှိုးသာသာလောက်ရှိ သော သံချောင်းလေးချောင်းကို ဆွဲထုတ်ကာ အင်းကွက်ချထားသည့် တင်းပုတ်ပုံစံ လက်ခတ်တစ်ခုနှင့် တစ်တောင်သာသာခန့် အနက်ရောင် ဓားတစ်ချောင်းကိုလည်း ထုတ်ယူလိုက်သည်။

ဆရာဖြစ်သူက သူ့ပါးစပ်ထဲမှ နီရဲသောကွမ်းသွေးများကို မိစ္ဆာဓာတ်စက်ပေါ်သို့ ထွီခနဲထွေးချလိုက်သည်။ ထို့နောက် သူက . . .

"ကိုင်း . . ကျုပ်ကတော့ မကောင်းတဲ့အပတွေကို မကောင်း သလို စီရင်ရမှာပဲ။ ကဲ . . ခုချိန်ကစပြီး မဆိုင်သူတွေ ဖယ်ကြဲရှားကြ။ ကဲ . . မောင်ငယ်ရေ . . ဒီမိစ္ဆာကောင် မှီတွယ်နေတဲ့ ဓာတ်စက်ကြီးကို ဟောဒီအသုဘခေါင်းတလားရိုက်သံ လေးချောင်းနဲ့ ရိုက်စမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ငယ်ဆိုသူ သူ့တပည့်က ဆရာ၏ အမိန့်သံဆုံးသည်နှင့် စောစောက လက်ညှိုးတစ်ညှိုးသာသာခန့် သံလေးချောင်းဖြင့် ဓာတ်စက်ကြီးကို တဒိုင်းဒိုင်း ရိုက်သွင်းလိုက်လေတော့သည်။

"ဒိုင်း ..ဒိုင်း ..ဒိုင်း"

"ဒုန်း ..ဒုန်း ..ဒုန်း"

"အား ..အင်း .."

သံချောင်းတစ်ချောင်းရိုက်သွင်းလိုက်တိုင်း မောင်မြသာဆီမှ မချိမဆန့်အော်ဟစ်လိုက်သော သနားစဖွယ်အသံက ပေါ်ထွက်လာသည်။ သံလေးချောင်း ရိုက်ပြီးသွားတော့ ဆရာဖြစ်သူကို တပည့်က 'ဘယ်လိုလဲ'ဆိုသည့် အဓိပ္ပာယ်ဖြင့် အကဲခတ်ကြည့်ရှုလိုက်သည်။ ဆရာကတော့ အခြေအနေကို စောင့်ကြည့်နေဟန်ဖြင့် ဓာတ်စက်၏ အနားတွင် ခေါင်းလေးလှုပ်ရင်း တစ်စုံတစ်ရာကို ရွတ်ဖတ်နေ၏။

ထိုအချိန်တွင် ဘာသံပတ်မှ မပေးထားသော ဓာတ်စက်ပေါ်က ဓာတ်ပြားက တဖြည်းဖြည်း အက်အက်လာပြီး ကျက်သရေကင်းမဲ့သော ငိုသံကြီး ထွက်ပေါ်လာတော့သည်။

"အီး ..ဟီး ..အင့် ..အီး ဟီး ..ဟီး"

"ဟင် .."

ဆရာက တစ်ချက် မျက်နှာပျက်သွားပြီး ရုတ်တရက် ..

"မောင်ငယ်ရေ ..ခုတ် ..ခုတ်ဟ ..ကိုးသချိုင်းဓားနဲ့ ခုတ်ချလိုက်စမ်းဟော့"

တပည့်ဖြစ်သူ မောင်ငယ်ကလည်း တစ်ချက်မျှ မတုံ့ဆိုင်းဘဲ အနက်ရောင်ဓားကို လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ မကောင်းဆိုးဝါး



www.burmeseclassic.com

www.burmeseclassic.com



စာတစ်စောင်ပေါ်သို့ အားရပါးရခုတ်ချလိုက်သည်။

"ဒုန်း ..."

"ချွမ်း ..."

ပြင်းထန်သောအားချက်ကြောင့် ဓာတ်ပြားမှ အစတစ်စပဲ့ထွက်ပြီး လွင့်စင်သွားသည်။ ထိုအချိန်မှာပင် စောစောက ကြိုးတုတ်ခံထားရသည့် အရှုမြသာက အသံနက်ကြီးဖြင့် 'အူး'ဟု အော်ဟစ်ကာ ကုန်းထလိုက်ရာ ..

"ဗျစ် .."

"ထောင်း .."

"ဟာ .. ကြိုးတွေ ပြတ်ကုန်ပြီဟေ့"

"ဟယ် .. ဟုတ်ပါရဲ့"

မောင်မြသာကို အထပ်ထပ်ရစ်ပတ်ချုပ်နှောင်ထားသည့် ကြိုးများ ပြတ်ထွက်သွားပြီးနောက် ..

"ဟ .. ဟေ့ ဟေ့ .. လုပ်ကြပါဦး"

"မရဘူး .. မရဘူး .. မနိုင်တော့ဘူး"

"အို .. ကူကြဦးဟ"


မောင်မြသာက သူ့ထက်အားသန်သော ရွာကာလသားအားကောင်းမောင်းသန်ယောကျ်ားများကို တွန်းထုတ်ကာ တောထဲသို့ အားကုန်ပြေးဝင်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com





နောက်တစ်နေ့တွင်ကား ရွာစပ်လှေဆိပ်က လှေပေါ်တွင် မောင်မြသာတစ်ယောက် သေနေပြီဆိုသည့်သတင်းက ရွာတန်းရှည် တစ်လျှောက် ပျံ့နှံ့သွားလေ၏။ မောင်မြသာနှင့်ပတ်သက်ပြီး စိတ်ဝင်စား နေကြသည်မို့ တစ်အိမ်တစ်ယောက်နှင့် ထွက်ပြီးသွားကြည့်ကြရာ မောင်မြသာအလောင်းအနီးတွင် လူများစုရုံးနေတော့၏။

“ဟဲ့ . . သူ့ရဲ့ ညာဘက်လက်ကောက်ဝတ်နေရာက တိတိပပ ပြတ်နေတယ်နော်”

“ဒါတင်ကရိုးလားဟဲ့ . . သူ့ခေါင်းနားထင်နှစ်ဖက်မှာလည်း အပေါက်ကြီးနှစ်ပေါက်၊ ရင်နဲ့ ကျောမှာလည်း အပေါက်နှစ် ပေါက်နဲ့အေ့”

“မဟုတ်မှလွဲရော . . ဟိုဆရာက မောင်မြသာကို သံရိုက်သွင်း ပြီး သတ်လိုက်တာလား မသိဘူးနော်”

“အိုအေ . . ဒီကိစ္စက ငါတို့ ဘယ်သူမှ တပ်အပ်သေချာသိ နိုင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် တစ်ယောက်တစ်ပေါက်ပြောကြဆိုကြရင်း ရွာသား တစ်ဖွဲ့က သူကြီးအိမ်ကို အကြောင်းကြားဖို့ ထွက်သွားကြသည်။

"ကဲ . . သူကြီးရေ . . အရှုးမြသာတော့ သေရှာပြီ။ ဘယ်လို ဘယ်ပုံ စီမံမယ်ဆိုတာ သူကြီးလိုက်ကြည့်ပြီး ပြောပေးပါဦး"

"ဟိုဆရာတွေလည်း ပြန်သွားကြပြီဆိုတော့ ငါလည်း ဘယ့် နှယ့်မှ မလုပ်တတ်ဘူး။ မင်းတို့ဘာသာ ကောင်းသလို ကြည့် ပြီး စီမံလိုက်ကြပါ . . ရွာသချိုင်းမှာပဲ မြှုပ်လိုက်ပေါ့ကွာ"

သူကြီးမင်းက သူ့ရွာအပိုင်မှာဖြစ်သောကိစ္စကို ပြီးပြတ်အောင် မစီရင်ဘဲ ကြန့်ကြာနေသဖြင့် မျက်နှာပူသည်က တစ်ကြောင်း၊ မြသာက သမီးဖြစ်သူခင်မို့နှင့် ပတ်သက်နေဘာက တစ်ကြောင်းကြောင့် မြန်မြန် ကိစ္စပြီးစေ၊ အေးစေဟု သဘောထားနေပုံရသည်။ ပြီးတော့ သူ့ရင်ထဲ တွင် သမီးဖြစ်သူ၏ သောကကလည်း အခုထိ ကောင်းကောင်း အနည် မထိုင်သေးသည်မို့ အတ္တကြီးတယ်ပဲဆိုဆို ဒီအချိန်တွင် သမီးဖြစ်သူ နှင့် ပတ်သက်သည့် မကောင်းသောကိစ္စမှန်သမျှကို မြင်ဖို့မပြောနှင့် ကြားပင် မကြားလိုတော့ချေ။

"အေးလေ . . သူကြီးမင်းတာဝန်ယူတယ်ဆိုရင်လည်း ပြီးတာ ပါပဲ၊ လာဟေ့ . . သောင်းစိန်တို့ . . ဘတို့ရေ သွားကြမယ်"

ရွာကာလသားခေါင်း ထွန်းညိုက လှုံ့ဆော်လိုက်သော်လည်း ကျန်လူများက တုတ်တုတ်မျှ မလှုပ်ကြ၊ သူကြီးဖြစ်သူက အလိုက်တသိ ဖြင့် တစ်ယောက်ကို အရက်ဖိုး ၃ မူးစီပေးမှ သွက်သွက်ထထွက်ကြ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာစပ်လေ့ဆိပ်ဆီသို့သွားသည့် လမ်းတစ်လျှောက် စကား ဖောင်ဖွဲ့လာကြသည်။

“သူကြီးကွာ . . အင်မတန်ကပ်စေးနဲတာပဲ . . အရက်ဖိုးလေး ၃ မူးပေးဖို့ဟာ တော်တော် စဉ်းစားလိုက်ရတယ်ထင်တယ်”

“အေးလေ . . တကယ်ဆို ၃ မူးဆိုတာ ဘယ်လောက်များ တာ မှတ်လို့”

“မဟုတ်ပါဘူးကွာ . . သူကြီးလည်း အရှုမြဲသာက တစ်ချိန်က သူ့သမီးရဲ့ရည်းစားဆိုတော့ မျက်နှာပူနေတာ ဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့် သွေးရှူးသွေးတန်းဖြစ်နေတာ။ တကယ်ဆို သူ့ ရွာမှာ လူတစ်ယောက်သေနေတာကို ပုံမှန်အတိုင်းဆိုရင် သူကိုယ်တိုင်သွားတော့ကြည့်ရမပေါ့ . . ဟုတ်ဘူးလား”

“ကဲပါကွာ . . ငါတို့လိုချင်တဲ့ အရက်ဖိုးလည်း ရပြီပဲ ဥစ္စာ။ မမှောင်ခင် မြဲသာအလောင်း မြေကျအောင် ခပ်သွက်သွက် လေး သွားလိုက်ကြစို့”

ထိုသို့ပြောဆိုကြရင်း ယောက်ျားခြေလှမ်းကျဲကြီးများဖြင့် သွက်သွက်လှမ်းလိုက်ရာ ထမင်းအိုးတစ်လုံးအကျက်ခန့်အကြာတွင် ရွာစပ်လေ့ဆိပ်သို့ ရောက်လာခဲ့ကြသည်။ ထို့နောက် သူတို့က မြဲသာ၏ အလောင်းကို ဝါးကပ်ပေါ်သို့ မကာ ရွှေ့တင်လိုက်သည်။

“ဟေ့ကောင်တွေ . . အလောင်းဆိုတာ အင်္ဂါမစုံဘဲတော့ မြှုပ်မကောင်းဘူး။ ညာဘက်လက်ကောက်ဝတ်က ဒီအနား တစ်ဝိုက်မှာပဲ ရှိလိမ့်မယ်။ ရှာကြစမ်းပါဦးကွာ”



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် သူတို့နောက်နားဆီမှ လည်ချောင်းသံကြီး ထွက်ပေါ်လာ၏။

"ဂလု ‥ ဂလု ‥ အု"

သို့သော် လက်ကောက်ဝတ်ကို မဲရှာနေသဖြင့် သတိမထားမိ။ သို့သော် အသံကြီးက ကျယ်သထက်ကျယ်လာတာကြောင့် သတိထားမိသွားပြီး ပြိုင်တူလှည့်ကြည့်လိုက်ရာ ‥

"ဟင် ‥"

"ဟာ ‥"

"အောင်မလေး ‥"

စောစောကမှ ဝါးကပ်ပေါ်တင်ထားသည့် မောင်မြသာ၏ အလောင်းကြီးက ခေါင်းထောင်ကြည့်နေပြီး အကောင်းပကတိရှိနေသော သူ့ဘယ်ဘက်လက်ကြီးတစ်ဖက်က တစ်စုံတစ်ရာကို ညွှန်ပြနေသည်။

"ယူပေး ‥ ယူပေး ‥ ငါ့လက်တစ်ဖက် ပြန်ယူပေး"

မောင်မြသာ၏ မသဲမကွဲရေရွတ်လိုက်သံလိုလို ဘာလိုလို ကြွဲ အက်အက် လည်ချောင်းသံကြီးကို ကြားလိုက်ရသောအခါတွင်ကား ‥

"ကယ်ကြပါဦးဗျ ‥ သရဲ ‥ သရဲ"

ကာလသားများက တိုင်ပင်ထားစရာမလိုဘဲ သံကုန်အော်ဟစ်ကာ ရွာဘက်ဆီသို့ တရကြမ်းပြန်ပြေးကြလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com





ချောက်ချားဖွယ်ရာကောင်းသောသတင်းက ရိုးကြီးကုန်းရွာသာမက ဆိပ်ကြီး၊ သန်ကာန်တစ်ပိုက်ရှိ ရွာစဉ်တစ်လျှောက်ကို တောမီးပမာ ပျံ့နှံ့သွားလေ၏။ နောက်တစ်နေ့တွင်ကား ဆယ်ရွာအပိုင်စီရင်စုဝင် သူကြီးအားလုံး ရိုးကြီးကုန်းလှေဆိပ်မှာ စုဝေးမိကြသည်။

စပ်စုလိုသဖြင့် လာရောက်ဝိုင်းအုံကြည့်ကြသော ရွာသူရွာသားတို့ကလည်း ပွဲခင်းပမာ ကြိတ်ကြိတ်တိုးနေကြလေသည်။ ထင်မြင်ချက်ကိုယ်စီနှင့်လည်း တီးတိုးစကားဖြန့်ကြသေး၏။

''အရှုံးမြသာရဲ့ အလောင်းက ဖုတ်ဝင်နေတာဆိုပဲ''

''ဟင် . . ဟုတ်လား . . ဒုက္ခပါပဲ''

''ဟုတ်ပ့ါအေ . . ရွာတော့ ကာလနာ တိုက်ကုန်တော့မှာပဲ''

တတွတ်တွတ်ပြောရာမှ ကျယ်လောင်လာသောစကားများကြောင့် သူကြီးက လှည့်ကာ ငေါက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . နင်တို့ရဲ့ ပေါက်ကရစကားတွေ တော်ကြစမ်း။ ဟို အကောင် ကာလသားခေါင်း ထွန်းညိုတို့ ညနေလူလုံးမကွဲချိန်မှာ မှုန်မှုန် ရှုံ့ရှုံ့နဲ့ စိတ်ထင်ရာတွေမြင်ပြီး လျှောက်ပြောတိုင်း နင်တို့က အဟုတ် မှတ်မနေကြနဲ့ဦး . . ငါ . . တယ် ထွီ"

သူကြီးက မည်သို့ပင် ကျိုးကြောင်းပြပြန်စေကာမူ ဒီတစ်ခါ တော့ ရွာသူရွာသားတွေက ဘဝင်ကျပုံမတူတော့။ ရိုးအပြီး အစွဲ အလမ်းကြီးသော တောသူတောင်သားများဖြစ်သည့်အလျှောက် ပရ လောကနှင့်ပတ်သက်လျှင် ကြောက်လန့်သည့်စိတ်က သူတို့အား ပိုမို၍ ဖိစီးနေဟန်တူသည်။

မောင်မြသာ၏အလောင်း မြေကျရေးအတွက် သူကြီးအချင်း ချင်း ခေါင်းချင်းဆိုက် တိုင်ပင်နေကြသည်မှာလည်း အချိန်သာ ကြာလာ သည်။ အဖြေက မည်မည်ရရမရှိ။ ထိုစဉ် စကားကို ဘွင်းဘွင်းပြောတတ် ဟန်တူသော ရွာသားတစ်ယောက်က လှမ်းအော်၍ ပြောလိုက်၏။

"ဗျို့ . . သူကြီး . . ကျုပ်တို့ရွာသချိုင်းမှာတော့ ဒီအလောင်း ကို အမြှုပ်မခံနိုင်ဘူးနော်။ တကယ်လို့ ဖုတ်ဝင်နေတဲ့ အလောင်းများဖြစ်နေရင် ကျုပ်တို့ရွာ ဒုက္ခရောက်မှာဗျ"

ထိုစကားကို ကြားလိုက်ရသောအခါ အခြားသောရွာမှ လာကြ သူများကလည်း . .

"ဒီလိုတော့ ဘယ်ဖြစ်မလဲကွ။ ငါတို့ရွာမှာလည်း အမြှုပ်မခံ နိုင်ဘူးဟေ့။ ရွာနာတယ်"

"ဟုတ်တယ် . . ဟုတ်တယ်။ ကျုပ်တို့ရွာဘက်လည်း သယ် လာဖို့ မစဉ်းစားနဲ့ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက်ပြောကြရင်း စကားတွေက ညံ့လာ၏။ ထိုစဉ် ပြင်စလူမြစ်ကမ်းပါးအတိုင်း လှေငယ်လေးတစ်စင်း လှော်၍ ဆန်တက်လာသော ကရင်သင်တိုင်းဝတ် အဖိုးအိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။

အဖိုးအိုက ပါးစပ်ထဲတွင်ကိုက်ထားသည့် ဆေးတံကို ဖွာရင်း ရှိုးကြီးကုန်းလှေဆိပ်သို့ဆိုက်ရန် ဟန်ပြင်လိုက်ရာ ရွာသားအချို့က . . .

"ဗျို့ . . ဖထီး ဒီကိုမလာနဲ့ဗျို့"

"အဘရေ . . လှေကပ်ချင်ရင် အထက်ဘက်မြစ်ဆိပ်ကို သွားပါဗျာ။ ဒီမှာ အသုဘကိစ္စရှိနေလို့ပါ"

မည်သို့ပင် ဝိုင်းပြောစေကာမူ အဖိုးအိုကတော့ ဘာကိုမှ ဂရုမထားဟန်ဖြင့် လှေကို ဆိပ်ခံဝါးတံတားအတိုင်း ယှဉ်၍ရပ်လိုက်၏။ ထို့နောက် ကြည်လင်သောအသံဖြင့် . . .

"ကိစ္စမရှိပါဘူးကွယ့်။ အဖိုး ဒီကိုလာရတဲ့အကြောင်းကိုက မောင်ရင်တို့ ဒုက္ခများနေတဲ့ အဲဒီအလောင်းကို ယူဖို့ပါပဲ"

"ဟင် . ."

"ဟယ် . ."

"ဘယ်လို . ."

"ဘာဖြစ်တယ်"

ရှိုးကြီးကုန်းရွာသူကြီးက . . .

"ဘယ်လို ဖထီးရဲ့ . . ဒီအလောင်းက ဖထီးနဲ့ ဘယ်လို ပတ်သက်လို့လဲ"

"လူတစ်ယောက်နဲ့တစ်ယောက် ပတ်သက်တယ်ဆိုတာ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘဝတင် ကရိုးလားကွယ်။ ဒါတွေ ရှင်းပြနေလို့ အကြောင်း ကုန်စင်တယ် ဘယ်ရှိပါ့မလဲ။ ကဲပါလေ . . ဒီအလောင်းက မောင်ရင်တို့မြေမှာ မြှုပ်လို့မှ မရတာ။ ကျုပ်လှေပေါ်သာ တင်ပေးလိုက်ကြပါလေ"

ထိုသို့ဖြင့် ကာလသားများက ဝါးကပ်ပေါ်မှ မောင်မြသာ အလောင်းကို လှေဝမ်းထဲသို့ ချပေးလိုက်သည်။ ထို့နောက်တွင်ကား အဖိုးအိုသည် ဆေးတံကိုဖွာရင်း မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ လှေငယ် ကို တရွေ့ရွေ့လှော်ခတ်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့ သည်။

■



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ‥ ဒါဆို အဖိုးက ‥"

မြတ်ပွင့်ဖြူက စကားကို ဆုံးအောင်မပြောနိုင်ဘဲ အဘဘိုးပိုက်ဆံကို ငေးကြည့်နေမိသည်။ ပြည့်စုံကလည်း သူ့ညီမလိုပင် ပါးစပ်အဟောင်းသားနှင့် …။ သူတို့မောင်နှမ အံ့ဩသွားပုံကို ရိပ်မိသွားသော ဘိုးပိုက်ဆံက ‥

"အေး ‥ ဟုတ်သကွယ့် ‥ မောင်မြသာရဲ့အလောင်းကို လှေနဲ့ သွားသယ်တာ အဖိုးကိုယ်တိုင်ပဲ ဆိုပါတော့လေ။ သူ့ခမျာ ဘဝဝဋ်ကြွေးကြောင့်သေတာတောင် ကျောချစရာ မြေတစ်နေရာ ပိုင်ခွင့်မရဘူး။ ဒါကြောင့်အဘက ကိုယ်ဩဇာသက်ရောက်တဲ့ဒေသကို ခေါ်လာပြီး သူ့အတွက် နေရာလေးတစ်နေရာ ပေးထားရတာ။ အင်း ‥ အတိတ်ဝဋ်ကြွေးများ ဒုက္ခပေးမိပြီဆိုမှဖြင့် အင်မတန်ကြောက်စရာပါကလား"

အဖိုးအိုက တရားသံပါပါဖြင့် မကောင်းမှုကို ရှောင်ကြဉ်ဖို့ စေတနာတို့ကို အဖြူစင်ဆုံးထားဖို့ တတွတ်တွတ်နှင့် ဆက်ပြီး ဆုံးမနေသည်။ ပြည့်စုံကတော့ ထိုဆုံးမစကားကို နားထဲမှာ ကြားတစ်ချက်မကြားတစ်ချက်။ သူ့စိတ်ထဲတွင်ကား သချာတစ်ပုဒ်ကို ကျိတ်ပြီးတွက်ဆနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀ လောက်ကတည်းက မောင်မြသာ၏ အလောင်းကို သွားသယ်လာပြီး မြှုပ်ပေးခဲ့သည်ဆိုမှတော့ အခု ၁၉၈၇ တွင် အဘ ဘိုးပိုက်ဆံ၏ အသက်အရွယ် မည်မျှပင်ရှိနေမည်နည်း။ အသက် ရာချီ နေလောက်ပြီ ထင်သည်။

အခု သူတို့ရှေ့တွင် မြင်နေရသည်ကတော့ အသားအရည် ကျစ်ကျစ်လျစ်လျစ် သန်သန်မာမာနှင့် အသက် ၇၀ အရွယ်လောက်သာ ရှိဦးမည်။ ကျန်းမာပြီး အရွယ်တင်လှသည့် အဘဘိုးပိုက်ဆံပင်။

'အင်းလေ ‥ တောထဲတောင်ထဲမှာနေရတဲ့ တောသူတောင် သားအဖိုးအိုတွေဟာ လတ်ဆတ်တဲ့ သစ်သီးသစ်ရွက်စားပြီး အနေအထိုင် ရိုးရှင်းလို့ အသက်ရှည်တတ်ကြပါတယ်လေ' ဟု ပြည့်စုံက တွေးလိုက်မိသည်။

သူ ထိုသို့ တွေးမိစဉ်မှာပင် အဖိုးအိုက တရားစကားများ ဖြင့် ဆုံးမနေရာမှ ရပ်လိုက်ပြီး ‥

"ကဲ ‥ ကဲ အဘလည်း စကားလက်တံရှည်နေလို့ မဖြစ်ဘူး။ မင်းတို့မယ် ‥ ခရီးဆက်စရာရှိသေးတယ် မဟုတ်လား။ အခု အဘညွှန်ပြမယ့်လမ်းအတိုင်း တည့်တည့်မောင်းသွားရင် ကော့ကရိတ်ကို သုံးနာရီခွဲလောက်ပဲကြာအောင် မောင်းရပါ လိမ့်မယ်။ ကိုင်း ‥ ကိုင်း သွားကြပေဦးတော့"

"ဟုတ်ကဲ့ပါအဘ။ မသွားခင် အဘကို ကန်တော့ပါရစေ"

ပြည့်စုံနှင့် မြတ်ပွင့်ဖြူတို့မောင်နှမနှစ်ယောက်က အဘရှေ့ တွင် ရိုရိုသေသေ ဒူးတုတ်ကာ ကန်တော့လိုက်ကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် မောင်နှမနှစ်ယောက် အဘညွှန်ပြသည့်လမ်းအတိုင်း မောင်းလာခဲ့သည်။ စိတ်ထင်၍ပဲလား မသိ။ လမ်းက လိုတာထက်ပိုပြီး ချောမွေ့နေသလို လမ်းဘေးဝဲယာ သစ်ပင်များကလည်း စိမ်းစိုလှပနေ၏။

ပျောက်တစ်ကွက် ‥ ပေါ်တချို့ နေရောင်ခြည်မှိန်မှိန်လေးက ဝင်းဝါနေ၏။ လမ်းတစ်လျှောက် ကားများ ရှင်းလင်းနေသည်။ တစ်ခုပင်။ သူတို့ကားကို ဓာတ်ဆီဖြည့်ဖို့ဆိုင်နေရာကိုတော့ မတွေ့ရ။ သို့သော်လည်း ကားမှ ဆီကိတ်ကိုပြသည့် မြားတံလေးကလည်း သိပ်ပြီး သိသိသာသာ လျော့ကျသည် မရှိချေ။

ထိုသို့ဖြင့် ကော့ကရိတ်သို့ရောက်လာကြသည်။ ကော့ကရိတ်မြို့ အဝင်နားက 'သံပျာ'ဟု ဆိုင်းဘုတ်တင်ထားသည့် ထမင်းဆိုင်ကို လှမ်းမြင်လိုက်ရ၏။ အချိန်ကြည့်လိုက်တော့ ၁၂ နာရီခန့် ရှိပြီမို့ မနက်က စားထားသည့် ကောက်ညှင်းပေါင်းကလည်း အစာကြေသွားပြီဖြစ်ရာ ညီမဖြစ်သူက ‥

"အစ်ကို ‥ ဟော ဟိုက ထမင်းဆိုင်မှာပဲ နေ့လယ်စာ ဝင်စားရအောင်လေ ‥"

"အေး ‥ စားလေ ညီမလေးရဲ့ ‥ အစ်ကိုလည်း ဆာပြီ"

သို့နှင့် မောင်နှမနှစ်ယောက် ပုစွန်ကြော်ဖြင့် ထမင်းနှစ်ပွဲမှာစားလိုက်သည်။ ထမင်းစား၍ပြီးသောအခါ ထမင်းဆိုင်ရှင် လူဝကြီးက လောကွတ်ပိုချင်သောကြောင့် သူကိုယ်တိုင်ပင် ရေနွေးကြမ်းနှင့် အချိုတည်းရအောင် ထန်းလျက်လာချပေးရင်း ‥

"ငါ့တူတို့က ဘယ်ကလာပြီး ဘယ်ကို သွားကြမှာလဲကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"အစတုန်းကတော့ မြဝတီဘက်သွားဖို့ ဘားအံမှာစောင့်နေတဲ့ မိတ်ဆွေဆီကလာတာပဲ။ ဒါပေမဲ့ ဖြစ်ပုံကဗျာ ‥ စစ်တောင်း တံတား အဆင်းမှာ လမ်းမှားပြီးတော့ နာခိုစီးဆိုတဲ့ရွာကို ရောက်သွားလို့ဗျ"

နာခိုစီးဆိုသည့်ရွာနာမည်ကို ကြားလိုက်ရသောအခါ ထမင်း ဆိုင်ရှင်က ဇဝေဇဝါဖြစ်သွားပြီး ‥

"မောင်ရင့်ဟာက ဟုတ်လို့လားကွယ်။ ဒီအနီးတစ်ဝိုက်မှာ နာခိုစီးဆိုတဲ့ရွာ ရှိတယ်လို့ ဘယ်သူကများ ပြောလိုက်လို့ တုန်း"

"ပြောလိုက်တာမဟုတ်ဘူးလေ။ ရောက်ကို ရောက်ခဲ့တာ။ အဲဒီက ဘိုးပိုက်ဆံဆီမှာ တစ်ညတည်းပြီး သူလမ်းညွှန်လိုက် လို့ ဒီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တာပဲ ဦးလေးရဲ့"

ပြည့်စုံ၏ အဖြေစကားကြောင့် ထမင်းဆိုင်ပိုင်ရှင်က ပါးစပ် အဟောင်းသားဖြစ်သွားပြီး ထမင်းဆိုင်နောက်ဘက်ထဲသို့ လှည့်ကာ ‥

"ဟေ့ ‥ စောသန်းလွင်တို့ နော်ဖောဝါးတို့ရေ လာကြပါဦးဟ။ ဒီမှာ ဘိုးပိုက်ဆံကို တွေ့ခဲ့တယ်တဲ့"

BURMESE CLASSIC

စားပွဲထိုးနေသည့်သူတွေရော၊ ထမင်းဆိုင်နောက်မှာ ချက်ပြုတ် နေသည့်သူတွေရော၊ ပန်းကန်ဆေးနေသည့်သူတွေပါ စုပြုံပြေးလွှား ရောက်ရှိလာပြီး ဝိုင်းအုံလိုက်ရာ ပြည့်စုံတို့မောင်နှမ တစ်အံ့တသြဖြစ် သွားကြသည်။ ပြည့်စုံက ‥

"နေ ‥ နေစမ်းပါဦး။ ဘိုးပိုက်ဆံနဲ့ တွေ့ခဲ့တယ်ဆိုတာနဲ့ ခင်ဗျားတို့က ဘာလို့ ဒီလောက်အံ့သြတကြီးဖြစ်သွားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ . . မအံ့သြပဲနေမလားဗျာ။ ဘိုးပိုက်ဆံဆိုတာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ လောက်ကတည်းက ထွက်ရပ်ပေါက်သွားတဲ့ ကရင်လူမျိုး သူတော်စင်ကြီးလေကွယ်"

"ဗျာ . ."

ထိုသို့ဖြင့် ထမင်းဆိုင်ပိုင်ရှင်လူဝကြီးက ကရင်အမျိုးသားတို့ လေးစားကြည်ညိုသော စောဆာဖိုးဝါး ခေါ် ဘိုးပိုက်ဆံ၏အကြောင်းကို အသေးစိတ် ပြောပြနေပါတော့သည်။

ထမင်းဆိုင်ပိုင်ရှင် လူဝကြီးအပြောအရ ၁၉၁၂ ခုနှစ် အသက် ၇၀ အရွယ်တွင် ဘိုးပိုက်ဆံသည် ညောင်လေးပင် ဖဒိုရွာကြီးတွင် ထူးထူးဆန်းဆန်းဖြင့် ညအခါ ပျောက်ဆုံးပြီး ထွက်ရပ်ပေါက်သွားသည့် အကြောင်းကို မြတ်ပွင့်ဖြူက ပါးစပ်အဟောင်းသားဖြင့် နားထောင် နေသည်။ ပြည့်စုံကတော့ တစ်နေ့နှင့် တစ်ညစာ ကြုံတွေ့ခဲ့ရသော ထူးဆန်းသည့် နယ်မြေတစ်နေရာနှင့် မယုံကြည်နိုင်စရာ အတွေ့အကြုံများကို ဝေခွဲမရစွာတွေးဆရင်း အသားအရည် ကြည်ဖန့်ဖန့်နှင့် အဘ ဘိုးပိုက်ဆံဆိုသူကိုသာပြန်လည်ပုံဖော်ကာ မြင်ယောင်နေမိတော့သည်။

မှတ်ချက် ။ ။ (ထွက်ရပ်ပေါက်သွားသည့် စောဆာဖိုးဝါးခေါ် အဘ ဘိုးပိုက်ဆံ၏အကြောင်းကို အခါအခွင့်သင့်လျှင် စာအုပ်တစ်အုပ်သီးသန့် ရေးသားတင်ပြပါဦးမည်)

သတိုးဓေရ

■ ■ ■



www.burmeseclassic.com